
www.burmeseclassic.com

ပိုးမိုးစာပေ

BURMESE CLASSIC .com



လုံးချင်းဝတ္ထုသစ်

# ဆုလေးနှယ်

# ကိုယ်မညာတော့ဘူး

(ရန်ကုန်တက္ကသိုလ်)

L လင်း

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၂၂၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၂၀၀၆၀၉ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံယာအော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုလေးနွယ်

ကိုယ်မညာတော့ဘူး / ဆုလေးနွယ် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၆၃ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ကိုယ်မညာတော့ဘူး


"ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးအပေါ် ပြည့်စုံချမ်းမြေ့ငြိမ်းအေးစွာ ကျရောက်ပါ စေသော်ဝ် အာမင်"

အဖြူရောင်ပါးပါးလွင့်လွင့် ပဝါကလေးကို လွှမ်းထားသော ခြိမ့်ခြိမ့်သဲက မျက်ဝန်းလေးမှိတ် အာရုံပြုကာ သခင်ယေရှု ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းလိုက်ပါသည်။

သူမရဲ့စိတ်တွေကလည်း ကြည်လင်လန်းဆန်းလို့နေပါ သည်။

များမကြာမီ ခရစ္စမတ်နေ့ ကျရောက်တော့မည်။

ဒီဇင်ဘာရဲ့ နေ့ရက်ကလေးတွေဟာ စိတ်လှုပ်ရှားကြည်နူး ဖွယ်ကောင်းသည်ဟု ခြိမ့်သဲ ထင်မိသည်။

အရင်ကတည်းကလည်း တနင်္ဂနွေရဲ့ မနက်ခင်းတိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ခြိမ့်သဲနှင့် ယွန်းနီအိမ်တို့နှစ်ယောက်သား ဤလမ်းကလေးရဲ့ အတွင်းပိုင်းမှာရှိတဲ့ ချာ့ချ်ကလေးဆီ အတူလျှောက်လာ၍ ဝတ်ပြု ဆုတောင်းနေကျဖြစ်ပါသည်။

ငြိမ်းချမ်းသော မွှေးတေးသံများကို ဖြိုင်တူညီညာ သီဆို ရတာဟာ အလွန်စိတ်ချမ်းမြေ့စရာ ကောင်းသည်။

သူမတို့နှစ်ဦးသည် ဆုတောင်းခြင်းဖြင့် ကျေးဇူးတော်ကို ခံယူကြသည်။

ဆန်းဒေးတိုင်းမှာ မပျက်မကွက် ချာ့ချ်ကျောင်းလေးသို့ ရောက်လာတတ်စမြဲ။

ခြိမ့်သဲက အဖြူပေါ်အနက် စပေါ့သေးသေးလေးတွေပါတဲ့ အစပျော့ပျော့အိအိ နူးညံ့ညံ့လေးကို အလွှာပါးလေးတွေ ထပ်ထား တဲ့ ပုံစံမျိုးနှင့် ချုပ်ထားတဲ့ ဂါဝန်လက်ဖောင်းလေးကို ဝတ်ထား သည်။ အဖြူရောင် ပဝါလွလွလေးကို လည်မှာဖွဖွစည်းနှောင်ထား ခဲ့သည်။

ယွန်းနီအိမ်ကတော့ စတော်ဗယ်ရီရောင် စကဒ်အရှည်နှင့် အင်္ကျီလက်ရှည် ပုံရိုးရိုးလေးကို ဝတ်ထားသည်။ သူမရဲ့ ပဝါက





အနီရောင်ပါးပါးလွှာလွှာလေးမို့ ဘေးတိုက်မျက်နှာလှလှလေးကို ထွင်းဖောက်မြင်နေရသည်။

ယွန်းနီမျက်နှာလေးက ပါးဖောင်းဖောင်း၊ နှုတ်ခမ်းစင်းစင်းနှင့် ချစ်စရာ ခပ်သေးသေးမျက်နှာလေး ဖြစ်ပြီး ခြိမ့်သဲကတော့ ဘဲဥပုံ မျက်နှာပြင်ကျယ်ကျယ်မှာ ထူတန်းလှပပြီး အချိုးကျသော သဘာဝ မျက်ခုံးနှင့်အတူ စိန်ပွင့်လေးလို တဖျပ်ဖျပ်ခတ်ကာ အရောင်လဲ့ဖြာ သော မျက်ဝန်းလေးကို ပိုင်ဆိုင်သည်။ ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းလေးမှာ ပွင့်အာတော့မည့် နှင်းဆီငုံကလေးနှင့် တူလှသည်။

သူမမျက်နှာမှာ ဆန်းကြယ်သော ညှို့ဓာတ်တစ်မျိုး ရှိသည်။

မျက်နှာမှာ ဖြူနုရုံမျှမကဘဲ မီးထိုးထားသလို အလင်း ဓာတ်လဲ့လဲ့လေးပင် ဖြာကျနေသေးသည်။

ကြည့်လိုက်တိုင်း မျက်နှာလေးက ကြည်လင်နူးညံ့နေ သည်။ နှုတ်ခမ်းလေးက မပြုံးပါဘဲ ပြုံးတော့မလို ချိုသာနေတာ။ အလိုလိုနေရင်းပင် တင်းမာခက်ထန်ရိပ်တွေ မရှိဘဲ ပန်းလေးတစ်ပွင့် လို ဖြူစင်အပြစ်ကင်းနေတာ။

www.burmeseclassic.com



ပြောရမည်ဆိုလျှင် ဒါဟာ သူမရဲ့ရင်တွင်းက မေတ္တာ ဓာတ် အရင်းခံလေးကြောင့်ဟု ဆိုရမည်ထင်သည်။

ခြိမ့်ခြိမ့်သဲသည် အေးငြိမ်းသော ဟန်ပန်လေးရှိသော်လည်း တစ်ခုခုကို မကျေနပ်လျှင် အင်မတန် စိတ်မှတ်ကြီးပြီး ခေါင်းမာ တတ်သည်။

ဒါဟာ သူမရဲ့ပြင်မရသော အကျင့်လေးတစ်ခုဖြစ်သည်။

တစ်ခါတလေမှာလည်း သူမက ကိုယ်ဖြစ်ချင်သလို မဖြစ် ရလျှင် ခပ်ပြုံးပြုံးလေးနှင့် လောကကြီးကို စိန်ခေါ်အရွဲ့တိုက်တတ် သေးသည်။

ယဉ်ရွှယ်သော မိန်းကလေးပီပီ အချစ်ရေးနှင့် ပတ်သက် လျှင် စိတ်တိုင်းမကျ ဖြစ်ရတာကို သည်းမခံချင်။ မေတ္တာရေးရာ နှင့် ပတ်သက်လျှင် သူမက အမြဲတမ်း ကံကောင်းသူဖြစ်ချင်သေး သည်။

ဘုရားရှိခိုးကျောင်းကလေးထဲက အတူတူထွက်လာသော မိန်းကလေးနှစ်ယောက်ကို လမ်းထဲသို့ အခုမှဝင်လာသော ကား တစ်စီးက လာကြိုသည်။





ကားကို သူမတို့လျှောက်လာရာ လမ်းနံဘေးမှာ တုံ့ခနဲ ရပ်လိုက်သည်။

''တီ…တီ''

သူဟွန်းသံပေးလျှင် အဖြူရောင်ကောင်မလေးရော စတော် ဗယ်ရီရောင် ကောင်မလေးရော နှစ်ယောက်သား တစ်ပြိုင်နက် မျက်စောင်းရွယ်၏။

''ဟိတ်…တက်လေ၊ ဘာကြည့်နေတာလဲ၊ ဘရိတ်ဖတ်စ် သွားစားကြရအောင်''

သူတို့သုံးယောက်ဟာ တစ်ပတ်မှာနှစ်ရက်လောက်တော့ မနက်ခင်းဆို အတူမုန့်စားနေကျ။

ဒီမနက်မှသာ ဂုဏ်ရှိန်ရောင်က လုစ်ခနဲပျောက်သွားပေဘာ။

သို့သော် ချာချာအဆင်းမှာ သူမှီအောင်ရောက်လာခဲ့တာမို့ ခြိမ့်သဲနှင့် ယွန်းနီမှာ သူ့ကို စိတ်မဆိုးသာ။

ကားပေါ်တက်ဖို့ပြင်တော့ ယွန်းနီနှင့်ခြိမ့်သဲက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရသေးသည်။

နှစ်ယောက်လုံး နောက်ခန်းမှာထိုင်လျှင် သူက မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပုတ်နေဦးမည်။

သူ့ကို ဒရိုင်ဘာသဘောထားတယ်ဟု စကားနာထိုးပါလိမ့်မည်။

ဒီကော့ တစ်ယောက်တလှည့် ရှေ့ခန်းမှာထိုင်ရသည် မဟုတ်လား။

ခြိမ့်သဲက နောက်ခန်းတံခါးဖွင့်သောအခါ ယွန်းနီက ကားရှေ့မှပတ်ကာ ဂုဏ့်နံဘေးမှာ ဝင်ထိုင်ရလေသည်။

ဂုဏ်ကတော့ တစ်ချက်လှည့်ကြည့်ကာ ခပ်အေးအေး ကားကို မောင်းထွက်လိုက်ပါသည်။

◆ ◆ ◆



ဂုဏ်ရှိန်ရောင်သည် သူ၏တိုက်ထဲမှ ထွက်ကာ ဆယ့်ငါးပေခန့်သာခြားသည့် ဟိုဘက်ဘန်ဂလိုပုံစံ အိမ်ကလေးဘက်ဆီ ဦးတည်လိုက်ပါသည်။

စတိုင်လ်ပင်နီကာကီရောင်နှင့် ပျားရည်ရောင်ဖျော့ဖျော့ ရှပ်အင်္ကျီလက်ရှည်ကို ဝတ်ကာ ဘွတ်ရှူးအညို စီးထားသော သူ့သဏ္ဌာန်က ရှင်းသန့်သားနားနေပါသည်။

ဂုဏ်ရှိန်ရောင်က ဘယ်တော့မဆို Brand ခပ်မြင့်မြင့် အဝတ်အစားများကိုသာ သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်သည်။ သူ့ပုံကိုကြည့်လျှင် အမြဲတမ်း ကျော့မတ်ခန့်ညားစိုပြေနေစမြဲ။

သူသည် ဆံပင်ကိုသာ ခဏခဏသွားညှပ်၊ သွားတိ၊ ပုံစံပြောင်းရုံမက သူ၏နက်မှောင်ထူထဲသော အပြားကြီးကြီး မျက်ခုံးတန်းတန်းကိုလည်း ဒီတိုင်းမထားဘဲ ပုံဖော်ပုံသွင်း ရိတ်သင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အလှခင်တတ်သလို မုတ်ဆိတ်မွှေးနှင့် ပါးမြိုင်းမွှေးကိုလည်း စနစ်တကျ ဆိုင်မှာပြုပြင်ထားတာမို့ ကြည့်လိုက်လျှင် ဘရက်ပစ်လား၊ ဒေးဗစ်ဘက်ခမ်းလား မှတ်ရ၏။

ဆံပင်ကိုလည်း အထောင်ပုံစံ ပန်ကေဆန်ဆန်ထားလိုက်၊ ရှေ့တစ်ခြမ်း နဖူးပေါ်တစောင်းဝဲတဲ့ အီမိုပုံစံလုပ်လိုက်၊ နည်းနည်းရှည်လာလျှင် ခွဲကြောင်းနှင့် ကျစ်ဆံမြီးသေးသေးလေးတွေ ကျစ်လိုကျစ်၊ နောက်ဖက်မှာ စည်းလိုစည်း၊ အမျှင်စတချို့ကို ဆေးဆိုးပြီး Hight Light ဖောက်လိုဖောက်နှင့် ကိုယ့်ကိုယ်ကို အလွန်ဂရုစိုက်သော လူရွယ်လေးတစ်ယောက်ဖြစ်သည်။

အိမ်မှာ မမဆိုဖီယာက သူ့ထက် ဆယ်နှစ်ကျော်ပိုကြီးတဲ့ အစ်မဆိုပေမဲ့ အခုအရွယ်ရောက်မှ အလှမပြင်တာ မဟုတ်။ ခပ်ငယ်ငယ် အပျိုပေါက်မလေးအရွယ်ကတည်းက အလှမပြင်တာ။

အိမ်နာမည်က ဆိုဖီယာလေ၊ ကျောင်းမှာတော့ ဒေါ်အင်ကြင်းထွန်းပေါ့။ မမက အရင်တုန်းက ကျောင်းဆရာမလုပ်သည်။ အခုနောက်ပိုင်းတော့ မလုပ်တော့။

သူကျောင်းဆရာမလုပ်ခဲ့စဉ်က ခြိမ့်ခြိမ့်သဲနှင့် ယွန်းနီတို့





က သူ့တပည့်မလေးတွေ ဖြစ်ခဲ့ဖူးတာ။

တကယ်တော့ မမဆိုဖီယာနှင့် ပတ်သက်ပြီး ခြိမ့်သဲနှင့် ယွန်းနီကို သူခင်မင်ခွင့်ရခဲ့တာပါ။

အိမ်မှာ မမဆိုဖီယာထံ စာလာမေး၊ စာလာသင်ကြတဲ့ ကောင်မလေးနှစ်ယောက်ကို သူက စတင်သတိထား စိတ်ဝင်စားခဲ့မိသည်။

အဲဒီကောင်မလေးနှစ်ယောက်ဟာ ညီအစ်မရင်းချာလိုပဲ ချစ်ကြကာ တတွဲတွဲနှင့် အမြဲတမ်း မခွဲဘဲရှိတတ်တာကို သဘောကျခဲ့မိတာ။

ခြိမ့်သဲနှင့် ယွန်းနီက ဘဝတူလေးတွေ။

ဟိုးမြန်မာပြည် အစွန်အဖျားနား ပြည်နယ်လေးတစ်ခုမှာကတည်းက ငယ်သူငယ်ချင်းတွေပါ။

ခြိမ့်သဲက အဘိုးဖြစ်သူနှင့် နေထိုင်ခဲ့ရသလို ယွန်းနီမှာလည်း စိတ်မထင်လျှင် မထင်သလို ရိုက်နှက်ကတ်သော အဒေါ်တစ်ယောက်နှင့် နေထိုင်ခဲ့ရတာ။

ခြိမ့်သဲရဲ့ အဘိုးဆုံးတော့ ခြိမ့်သဲက ယွန်းနီတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

အဘိုးပိုင်တဲ့အိမ်ကလေးဟာ တစ်ဦးတည်းသော မြေးမဖြစ်တဲ့ ခြိမ့်သဲအတွက် တစ်ခုတည်းသော အမွေပစ္စည်းပါပဲ။

ဒါလေးကို ရောင်းချပြီး ပညာဆက်သင်တဲ့။

အဘိုးရဲ့ဆန္ဒအတိုင်း ခြိမ့်သဲက ပညာရေးမှာ ကြိုးစားသည်။

စီးပွားရေးနည်းနည်းပါးပါး လုပ်တတ်တဲ့ ယွန်းနီအဒေါ်က အိမ်နှစ်လုံးစလုံးကို ရောင်းချပြီး ယွန်းနီနှင့် ခြိမ့်သဲကို ခေါ်ကာ ရန်ကုန်သို့ ထွက်လာခဲ့သည်။

တကယ်တော့ ရန်ကုန်မှာ ခြိမ့်သဲအတွက် အသိအကျွမ်းလည်း မရှိခဲ့ပါ။

အဲဒီအချိန်မှာ သူမတို့ကျောင်းတက်ရတဲ့အခါ ဆရာမဒေါ်အင်ကြင်းထွန်းကို သိခဲ့ရတာပါပဲ။

ဆရာမက ခြိမ့်သဲတို့ကို သမီးအရင်းလို၊ ညီမငယ်လေးတွေလို စောင့်ရှောက်သည်။ စာသင်ပေးရုံမကဘဲ လူမှုရေးတွေမှာပါ ကူညီမှုပေးသည်။





နောက်တော့ ယွန်းနီက အဆောင်မှာနေကာ ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်နှင့် ကိုယ့်ဒူးကိုယ်ချွန် ရပ်တည်နေထိုင်ရသော မိန်းကလေးတွေဖြစ်ခဲ့သည်။

အချိန်ကြာလာတာနှင့်အမျှ သံယောဇဉ်ဖြစ်ခဲ့ပြီဖြစ်သော ဒေါ်အင်ကြင်းက တစ်ခြံထဲမှာ ဆောက်ထားတဲ့အိမ်ကလေးဆီ ခေါ်လိုက်တော့သည်။

ခြိမ့်သဲနှင့် ယွန်းနီက အိမ်လခကို အတင်းအကြပ်ပေးကြသည်။

အင်ကြင်းထွန်းက လက်မခံ။ ထို့ကြောင့် ဒေါ်အင်ကြင်းထွန်းရဲ့ အမေဆီ ထိုလခကို ပေးကြပြန်၏။

နောက်တော့ ဝုဏ်ရှိန့်မာမီက ကျေနပ်ပါစေတော့ဆိုပြီး အိမ်လခသဘောမျိုး ငွေအနည်းငယ်ကို လက်ခံပေးခဲ့ရပါသည်။

ခြိမ့်သဲက မမဆိုဖီယာခြေရာနင်းကာ အင်္ဂလိပ်စာမေဂျာယူပြီး ကလေးတွေကို အင်္ဂလိပ်စာကျူရှင်ပြသည်။

ယွန်းနီကတော့ သူဝါသနာပါတဲ့ နာ့စ်အကူသင်တန်းတက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရှိန်အစ်မရဲ့ တပည့်တွေအဖြစ် သိခဲ့ရာကနောက်တော့ တစ်ခြံတည်းမှာ အတူနေလာတာမို့ မာမီရော၊ ဒက်ဒီရော အဘွားက ပါ သူတို့နှစ်ယောက်ကို မိသားစုလိုပင် ခင်မင်ကျွမ်းဝင်လာခဲ့ကြ သည်။

ဒီတော့ ဂုဏ်ရှိန်နှင့်လည်း သူငယ်ချင်းတွေ ဖြစ်သွားရ သည်ပေါ့။

ဂုဏ်ရှိန်က သူတို့ရဲ့အိမ်ကလေးကို ကိစ္စရှိရှိမရှိရှိ ရောက် လာတတ်သည်။

တစ်ခါတစ်ရံလည်း သုံးယောက်သားအတူတူ အိမ်မှာ ချက်ပြုတ်စားသောက်တတ်သည်။

တစ်ခါတလေလည်း ဂုဏ်ရှိန့်ကားပေါ်တက်ပြီး ခြိမ့်သဲ တို့က သွားချင်တဲ့နေရာတွေ လိုက်ပို့နိုင်းတတ်သည်။

တစ်စတစ်စနှင့် သုံးယောက်သားကြားမှာ သံယောဇဉ်က ပိုမိုတင်းကြပ်နိုင်မာလာရသည်မဟုတ်လား။

ဂုဏ်ရှိန်ကတော့ သူမတို့နှစ်ယောက်လုံးကို ခင်ပါသည်။

ဒါပေမဲ့ ခင်ရုံပဲလားဆိုပြီး သူ့နှလုံးသားကို တိတ်တိတ်ပြန်





မေးကြည့်တော့ နှလုံးသားက သူ့ကိုမညာ။

ပိုလှလို့ရယ်တော့ မဟုတ်ပါဘူး။

ပိုငြိမ်းချမ်းတဲ့တစ်ယောက်မို့လို့။ အင်း ဒါလည်း အကြောင်းပြချက်တော့ မဟုတ်ပါဘူး။

ဘာကြောင့်ရယ်တော့ ဂုဏ်ရှိန်ကိုယ်တိုင်လည်း မသိပါ။

သူ့အထင်ပြောရရင်တော့ နှလုံးသားချင်း နီးစပ်တာပဲလား။

ခြိမ့်သဲကလည်း သူ့ကို ဂရုတစိုက်ရှိတာပဲ။ ယွန်းနီဆို ပို၍ပင် သွက်လက်ဖော်ရွေပြီး သူ့အပေါ် တရင်းတနှီးရှိလှသေးတာ။

ယွန်းနီက သူနှင့်ဝါသနာတချို့ပင် တူနေသေးသည်။

ဥပမာ ဘောလုံးပွဲကြိုက်တာမျိုး။ ကိုယ့်ဆံပင်ကို ဒီဇိုင်း အမျိုးမျိုးပြောင်းရမှ ကျေနပ်နေတာမျိုး။ ရေကူးအားကစားကို အတော်ကြီး နှစ်သက်ခုံမင်တာမျိုး။

စကားပြောတဲ့အခါလည်း ပိုပြီးပွင့်ပွင့်လင်းလင်းရှိသည်။

ခြိမ့်သဲကမှ နှုတ်နည်းသေးသည်။ ယွန်းနီကစကားလည်း ပြော တဟားဟားလည်းရယ်၊ တစ်ခုခုလည်းစားနှင့် ဘယ်တော့မှ ပါးစပ်ပိတ်နှုတ်ဆိတ်မနေတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက်ရဲ့ စိတ်ရင်းလေးတွေကမဆိုး။

ဒါပေမဲ့ တကယ်တမ်း ရင်ထဲမှာ သူ့အပေါ် ဘယ်သူက ပိုခင်သလဲ။ ဘယ်သူက ပိုပြီးပေးဆပ်နိုင်သလဲ။ ဘယ်သူက ခွင့်လွှတ်တတ်သလဲ ဒါကိုတော့ ဂုဏ်ရှိန်လည်း ကောင်းကောင်း အကဲမခတ်တတ်သေးပါ။

သေချာတာကတော့ ခြိမ့်သဲက သူ့အပေါ် နည်းနည်းစိမ်းပြီး အနေတည်သည်။ အပေါ်ယံကြည့်ရင်တော့ မာနခဲလားပင် ထင်ချင်စရာ။ ဒါပေမဲ့ အဲလိုသဘောမဟုတ်တာတော့ သူအသိဆုံး။

သူ့ဖက်ကကြတော့ နှစ်ယောက်စလုံးနဲ့ ခင်နေတော့ ဘာကိုဘယ်လို ဆုံးဖြတ်ရမလဲမသိပေ။

ဒါပေမဲ့ သူမတို့နှစ်ယောက်ဆီ မသွားရလျှင် သူမနေနိုင်။ ငြိမ်းချမ်းလှပလွန်းတဲ့ ခြိမ့်ခြိမ့်သဲရဲ့ မျက်နှာလေးကို ငေးမောကြည့်ရတာ စိတ်ချမ်းမြေ့ရသလို ယွန်းနီရဲ့ တီတီတာတာ သွက်သွက်လက်လက် အပြောအဆိုလေးတွေကြောင့်လည်း စိတ်လက်ပေါ့ပါးရသည်။

ဒါကြောင့်လည်း တစ်နေ့မှာ အနည်းဆုံး တစ်ကြိမ်ဖြစ်ဖြစ်





သူ့ခြေလှမ်းတွေက ဟိုဘက်အိမ်လေးဆီ ရောက်တတ်တာပါပဲ။

သူမတို့ကရော ဒါကို မိန်းကလေးပီပီ ရိပ်စားမိနေကြမလား။

ကွယ်ရာမှာ သူ့ကို ဘယ်လိုများ ဝေဖန်မလဲ သူသိချင်သည်။

ဂုဏ်ရှိန်က သူ့ကွယ်ရာမှာ ပြောကြတဲ့စကားတွေကို သိပ်နားထောင်ဖူးချင်သည်။

ရင်ထဲက အရှိအတိုင်း သဘောထားကို သိချင်မိတာ။

အထူးသဖြင့် အေးတိအေးစက်လေး ခြိမ့်သဲရဲ့ သူ့အပေါ်ထားတဲ့ ခံစားချက်ကို အမှန်အတိုင်း သိခွင့်ရချင်သည်။

အဖြေကို တစ်စွန်းတစ်စလေး ဖြစ်ဖြစ် သိနေမှလည်း သူ့ရဲ့ရင်တွင်းက ခံစားချက်ကို သူဖွင့်ပြောဖို့ သတ္တိရှိမှာလေ။

သူပစ်မယ့် မြားချက်ဟာ ထိမှတ်လွဲလို့မဖြစ်။

အရင်ဆုံးတော့ သွယ်ဝိုက်သောနည်းလေးတွေနှင့် သူတီးခေါက်ရမည်။

ထိရောက်သော မိန်းမပိုးနည်းကျမ်းဆိုတာ ရှိသလား။



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်တော့ လေ့လာချင်သားကွာ။ ဒီနေရာမှာ သူက နည်းနည်းညံ့သည်။

ပြီးတော့ ဂုဏ်ရှိန်က အစိုးရိမ်ကြီးတယ်ပြောရမလား၊ ဒီလို ခင်မင်နေခွင့်လေး ပျက်စီးသွားမှာလည်း စိုးသေးတာအမှန်။

ခြိမ့်သဲနှင့် ယွန်းနီကြားမှာလည်း သူ့ကြောင့် စိတ်ဝမ်းကွဲရတာမျိုး မဖြစ်စေချင်။

သူ့စိတ်ထဲမှာတော့ ထိုမိန်းကလေးနှစ်ဦးအပေါ် တစ်မျိုးစီ သံယောဇဉ်ရှိပါသည်။

အကယ်၍ ကံကောင်းလျှင် တစ်ယောက်ကို ချစ်သူတော်ရမည်ဆိုပါတော့ နောက်တစ်ယောက်ကိုလည်း သူငယ်ချင်းလေးအဖြစ် ဆက်လက်ခင်မင်ချင်ပါသေးသည်။

သူတို့သုံးယောက်ကြားမှာ မျက်နှာပျက်စရာ၊ မျက်နှာပူစရာ စိတ်ကျဉ်းကျပ်အနေရခက်စရာ ကိစ္စမျိုးတွေ ဖြစ်မလာချင်။

သူ့အဝင်မှားမှာကိုပင် ဂုဏ်ရှိန် စိတ်ပူသည်။

ဒီလိုနှင့်ပဲ အချိန်တွေ နည်းနည်းကြာလာခဲ့တာ။

သို့သော် သူ့ခြေလှမ်းတွေကတော့ ခြိမ့်သဲနှင့် ယွန်းနီတို့





နေထိုင်ရာ အိမ်ကလေးရဲ့ လှေကားထစ်ဆီ အလိုလိုတက်လာမိပြီး သွားပင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခြိမ့်သဲက နူးညံ့ပျော့ပျောင်းသော ယွန်းနီရဲ့ ဆံနွယ်ညှိုညှို လေးတွေကို ဘီးချွန်နှင့် ခွဲကြောင်းပေးကာ ကျစ်ဆံမြီးပေါက်စလေး တွေ စိတ်ရှည်ရှည်ထိုင်ကျစ်ပေးနေမိ၏။

ရှေ့မှာ တီဗွီကိုလည်း ခပ်တိုးတိုးဖွင့်ထားသည်။

တော်ကြာဆို မယ်လိုဒီဝေါလ် အစီအစဉ်လာတော့မှာ မဟုတ်လား။

ခြိမ့်သဲက ဆိုဖာဆက်တီပေါ် ထိုင်လျက် ယွန်းနီက ပါကေးခင်းပေါ် ဒီအတိုင်း ခြေဆင်းထိုင်နေတာ။

အိမ်ကလေးက ခြိမ့်သဲလက်ရာ အလှဆင်ပစ္စည်းလေးတွေ နှင့် လှပသပ်ရပ်နေပါသည်။

အိမ်က ဘန်ဂလိုပုံစံ ခပ်သေးသေးမို့ သိပ်တော့မကျယ်။ ဒါပေမဲ့ သူမတို့နှစ်ယောက် နေလောက်သည်။





လှေကားကတက်လာလျှင် ဝရန်တာ။ ပြီးရင် မှန်တံခါး နှင့် မှန်ပြတင်းပေါက်ကို မြင်ရမည်။

ထိုတံခါးမှဝင်လျှင် ဝင်ဝင်ချင်းက ဧည့်ခန်း။ ကြိမ်သား နှင့် ပြုလုပ်ထားသည့် တီဗွီစတန်းလေးနှင့် ဆိုဖာဆက်ဆီချထား တော့ ဧည့်ခန်းက ကွက်တိပင်။ သိပ်မကျဉ်းတော့ပေ။ အဲဒီရဲ့နောက် မှာတော့ အိပ်ခန်းတစ်ခန်း။

တစ်ယောက်အိပ် ခုတင်တစ်လုံးစီ ဘေးကပ်ချထားပြီး အလယ်မှာ လူသွားလမ်းနှင့် ကန့်လန့်ကာတစ်ခု။

ခုတင်ပေါ် စာဖတ်လျှင် မီးရောင်မမြင်ရအောင် ကန့်လန့် ကာဆွဲဖို့ပါ။ ခြိမ့်သဲနှင့် ယွန်းနီတို့ရဲ့ ချစ်စရာသန့်ရှင်းသပ်ရပ်နေသော အိပ်ခန်းလေးဖြစ်သည်။

အိပ်ခန်းရဲ့နောက်မှာ မီးဖိုချောင်နှင့် အိမ်သာရေချိုးခန်း တွဲရက်လေးတစ်ခု။ ဗီစင်ခပ်ကြီးကြီးတစ်ခု။ ဒါပဲရှိသည်။ ပြီးလျှင် နောက်ဖေးတံခါးကိုရောက်ပြီ။ အဲဒီမှာ အဝတ်တွေဘာတွေလှန်းဖို့ ဆန်းရိုက်လေးမိုးထားသည်။

ဆိတ်ငြိမ်သော နေရာကောင်းလေးတစ်ခုက ခြံဝင်းကျယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဂုဏ်ရှိန်တို့ရဲ့ နှစ်ထပ်တိုက်အိမ် ခန့်ခန့်ညားညားကြီးက ခေါင်းရင်းမှာ။ ခြိမ့်သဲတို့ရဲ့ အိမ်ပုပုလှလှလေးက ခြေရင်းဘက်ခြမ်း မြေပိုမှာ ဆောက်ထားပေးတာ။

သူများကိုငှားရင် လခကောင်းကောင်းရနိုင်ပေမဲ့ ဆရာမ က ခြိမ့်သဲတို့ကို ဈေးချိုချိုနှင့် ပေးနေတာ။

တကယ်တော့ ဆရာမရဲ့ မိသားစုတွေအားလုံးဟာ ခြိမ့်သဲနှင့် ယွန်းနီတို့ရဲ့ ကျေးဇူးရှင်တွေပါပဲ။

အဲဒီကျေးဇူးရှင်မိသားစုထဲက အသက်အငယ်ဆုံး ဆရာမ ရဲ့ တစ်ဦးတည်းသော မောင်လေး ဂုဏ်ရှိန်ကို သူတို့အနေနှင့် တရင်းတနှီး ခင်မင်ပတ်သက်ခွင့်ရတာ နည်းတဲ့ကုသိုလ်မဟုတ်ပါ လား။

ဒါကြောင့်လည်း ဂုဏ် ဒီဘက်ကိုလာလျှင် နှစ်ယောက် သားမှာ ပျာပျာသလဲ မျက်နှာသာပေးကြ၏။

ပြီးလျှင် တစ်ယောက်ကိုတစ်ယောက် မသိမသာ ကြိတ် အကဲခတ်ရင်း သူကဘယ်လိုပါလိမ့်ဟု အတွေးကိုယ်စီ တွေးမိကြ ပြန်သည်။





ဂုဏ်နှင့်ပတ်သက်လျှင် ခြိမ့်သဲရော ယွန်းနီရော ကိုယ်စိတ် ဝင်စားတာကို ပွင့်ပွင့်လင်းလင်း သိပ်ဝန်မခံဖြစ်။ ဒါပေမဲ့ တစ်ယောက်စိတ်ကိုတော့ တစ်ယောက်က သိနေပါသည်။

တစ်ခါတလေလည်း တစ်ယောက်ကိုတစ်ယောက် အကဲစမ်းစကားစမိတတ်သေး၏။

"ခြိမ့်သဲ"

"ဟင်"

"မနေ့က အန်တီဖြူပြောတာ နင်ကြားတယ်မှလား"

"ဘာကိုလဲ"

"ဆရာမကတော့ သုံးဆယ့်ငါးလည်းကျော်ပြီဆိုတော့ အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလို့ ပြောနေတယ်တဲ့၊ ဒါကြောင့် သားလေးမင်္ဂလာဆောင်ကိုစွပဲ မျှော်လင့်ချက်ရှိတော့တယ်တဲ့၊ အန်တီ ဖြူက ဂုဏ်ကို မိန်းမရှာပေးချင်တဲ့ပုံစံပဲ"

"အဲဒါဘာဖြစ်လဲ"

"ဂုဏ်က မိဘစပ်ဟပ်ပေးတာ ယူပါ့မလား"

"မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲလေသံက ခပ်အေးအေးပင်။ ယွန်းနီကလည်း သူ့ဘက်ကျောပေးထိုင်ကာ ကျစ်ဆံမြီး အကျစ်ခံနေရတော့ သူ့မျက်နှာကိုလည်း မမြင်ရ။

ခြိမ့်သဲမျက်နှာအပြောင်းအလဲကို မြင်ရအောင် ဒီဘက်လှည့်မည်ကြံတော့

"ဟဲ့…ငြိမ်ငြိမ်နေလေ"

"ငါပြောတာကြားရဲ့လားလို့ပါ"

"ကြားပါတယ်၊ ငါမှနားမလေးတာ"

"အန်တီဖြူက ဘာသဘောနဲ့ ပြောတာလည်းမသိဘူး နော် ခြိမ့်"

"နင်က ဘယ်လိုထင်လို့လဲ"

"မထင်တတ်ပါဘူးဟယ်"

ခြိမ့်သဲက နှုတ်ခမ်းလေးတစ်ချက် ချစ်စနိုးမဲ့ရင်းကျစ်ဆံမြီးရဲ့ အဆုံးသတ်ကို ယိုးဒယားသားရေကွင်းလေးနှင့် ချည်သည်။

အဲဒီ ယွန်းတစ်ယောက် ဘာကိုဆိုလိုချင်မှန်းမသိ ဇာလည်ကြောင်ပတ် လုပ်နေသည်။





ခြိမ့်သဲစိတ်ထင်တော့ ဂုဏ့်ကို သူနည်းနည်းစိတ်ဝင်စားနေသလားပဲ။

"ခြိမ့်…ဂုဏ့်မှာ ရည်းစားရှိနိုင်လားဟင်"

"သူ့ကိုတိုက်ရိုက်မေးပေါ့၊ ဘယ်သိပါ့မလဲ"

"နင်ကလည်း"

"ဘာနင်ကလည်းလဲ"

"ငါပြောမလို့၊ ဟိုနေ့ကလေ ခြံထဲမှာ ဘာဘီကျူးပွဲလေးလုပ်တဲ့နေ့က သူ့ပုံစံ နင်သတိထားမိလား"

"ဟင့်အင်း"

"ခြိမ့်နော် နင်မသိချင်ယောင်မဆောင်နဲ့"

"ဘာကိုလဲဟာ၊ စိတ်ညစ်ပါတယ်"

ခြိမ့်သဲက ရှုံ့မဲ့ညည်းညူမိသည်။

ခုတလော အဲဒီယွန်းနီတစ်ယောက် ဘာဖြစ်နေမှန်းကိုမသိ။

"နင်သိမှာပါ၊ နင့်ကို သူခိုးကြည့်နေတယ်"

"အံမယ် လာမပို့နဲ့၊ နင့်ကိုကြည့်တာပဲဖြစ်မှာပါ"

"မဟုတ်ဘူး၊ ခြိမ့်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းကိုပါ"

"မဟုတ်ပါဘူးဆို"

"ငါ့ကိုလည်းမဟုတ်ဘူး"

"သူစိတ်ဝင်စားနေတယ်"

"ပေါက်ကရလိုက်မပြောနဲ့"

"သေချာတယ်"

"နင့်ဘာသာ တစ်ဖက်သတ်သေချာနေ၊ ဟွန်း"

"ငါမေးမယ်နော်၊ တကယ်လို့ စိတ်ဝင်စားရင်ရော"

"မဖြစ်နိုင်ဘူး"

"ဘာကိုမဖြစ်နိုင်တာလဲ"

"နင်နဲ့ကမှ ဝါသနာတူ၊ စိတ်တူကိုယ်တူ၊ ကြိုက်ချင်းကြိုက်ရင် နင့်ကိုပဲဖြစ်မှာ"

"ခြိမ့်နော် ငါ့ဘက်လာပုတ်မထုတ်နဲ့၊ ဝါသနာတူတိုင်းရည်းစားဖြစ်ရရောလား"

"အေးလေ ဝါသနာတူချင်းတောင် ရည်းစားမဖြစ်နိုင်ဘူးဆိုမှတော့ ငါနဲ့တော့ ပိုဝေးတာပေါ့"





"နင်က တကယ်ဝေးချင်တယ်ဆိုပါတော့"

"ယွန်းရယ် ဒီမှာကျစ်ဆံမြီးလေးနှစ်ချောင်းစာပဲကျန်တယ်၊ ခေါင်းကို ငြိမ်ငြိမ်ထားစမ်းပါ၊ ဘယ်လိုဖြစ်နေတာလဲ"

"ခြိမ့် ငါတကယ်ပြောတာ၊ နင် အဲလိုမာနကြီးတစ်ခွဲသားနဲ့ မသိသလို လျစ်လျူရှုနေရင် တခြားကောင်မလေးလက်ထဲပါသွားလိမ့်မယ်နော်"

"ပါပစေ၊ ငါမှမနှမြောတာ၊ နင်နှမြောရင်တော့ မသိဘူးပေါ့ဟယ်"

"ခြိမ့်စုတ်၊ ငါ့ဖက်မလှည့်နဲ့"

"ဟင်း…ဟင်း ဟိုက သူ့ဟာသူနေတာ၊ ငါတို့နှစ်ယောက်က သူ့ကို နေရင်းထိုင်ရင်း ဘောလီဘောပုတ်သလိုဖြစ်နေပြီ ယွန်းရ၊ ဟင်း ဟင်း"

ခြိမ့်သဲက ရှက်သလို ရယ်လိုက်သည်။

ယွန်းနီက လိုက်မရယ်ပါ။ သူဂ႑တော့ ဒီကိစ္စကို အလေးအနက်ပြောနေတာပါ။

ဂုဏ်သာ ခြိမ့်သဲကို ကြိုက်နှစ်သက်မယ်ဆိုရင် ယွန်းက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ကြည်ဖြူသဘောတူချင်သူပါ။

"သူဟာသူနေရင်တော့ ငါမပြောပါဘူး။ ခုတလော သူက နင့်ကို နိုးခိုးကြည့်နေတာ ငါမြင်လို့ပါနော်"

"ယွန်းရယ် ပြဿနာမရှာစမ်းပါနဲ့"

"မဟုတ်ဘူး၊ ဂုဏ်မျက်လုံးတွေက"

"ဟဲ့...ရှူး တိုးတိုး၊ အိမ်ရှေ့ကခြေသံကြားတယ်"

"အစစ်ပဲ ပြောရင်းဆိုရင်းပေါ်လာပြီ၊ အသက်ရှည်ဦးမှာပဲ"

ကျစ်ဆံမြီးတစ်ခုကို လက်စသတ်ဆဲမှာ တံခါးဘဲလ်သံလေးက မြည်လာပါသည်။

တံခါးပြင်မှာ ရပ်နေသူက အရပ်မြင့်မြင့်သဏ္ဌာန်နှင့် ခန့်ညားချောမောသော ဂုဏ်ရှိန်ရောင်ပဲဖြစ်ပါသည်။

"တံခါးထဖွင့်လေ ယွန်း"

"ဟင့်အင်း...နင်ဖွင့်"

"မဖွင့်ပါဘူး၊ သူက နင့်မျက်နှာလေးမြင်ချင်လို့နေမှာ"

ခြိမ့်သဲက ယွန်းနီကျောကို အတင်းတွန်းလွှတ်သည်။





ဘဲလ်သံထပ်မြည်လာလျှင် ယွန်းနီက ဆက်လက်မငြင်းခုန်တော့ဘဲ အားနာနာနှင့် ခြိမ့်သဲကို မျက်စောင်းတစ်ချက် လှည့်ထိုးကာ တံခါးကို မဖွင့်ချင်သလို အိုက်တင်လေးနှင့် အသာအယာဖွင့်ဟလိုက်သည်။

တီရှပ်နီရဲရဲနှင့် ကွာတားဂျင်းဘောင်းဘီအပြာရင့်ရင့်လေးကို ဝတ်ထားပြီး ကျစ်ဆံမြီးတွေ အများကြီး မျက်နှာပေါ်ဝဲကျနေသော ယွန်းနီကိုကြည့်ရတာ ကလေးဆန်ပြီး ချစ်စရာကောင်းပါသည်။

သို့သော် ဂုဏ်ရှိန်ရောင်ရဲ့ မျက်လုံးတွေက ယွန်းနီဆီမှ တစ်ဆင့်ကျော်ကာ မီးခိုးရောင်ဆိုဖာပေါ် မှီလျှောလျှောလေးထိုင်နေတဲ့ ခြိမ့်ခြိမ့်သဲဆီ အလိုလိုရောက်သွားရသည်။

ပန်းနုရောင်ချည်သားဂါဝန်လက်ပြတ်ကလေးနှင့် သူမပုံစံရိုးရိုးရှင်းရှင်းလေးဟာ ဘာမှ အလှမပြင်ထားဘဲ သူ့နှလုံးသားကို ဆွဲဆောင်နိုင်သည်။

ယောက်ျားတစ်ယောက်ပီပီ သူသည် စိတ်ထဲမှ မိန်းကလေးနှစ်ယောက်ရဲ့ အလှအပအပေါ် သက်ဝင်ခံစားမိပုံချင်းကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ နှိုင်းယှဉ်ကြည့်မိသည်။

ယွန်းနီပုံစံလေးက ချစ်စရာကောင်းပြီး ဣန္ဒြေပိုကြီးတဲ့ ခြိမ့်သဲကလည်း သူ့နှလုံးသားကို ညှို့ယူထားနိုင်တာပါပဲ။

"ဘယ်သွားကြမလို့လဲ"

"မသွားပါဘူး၊ ဂုဏ်ကရော ဘယ်လဲ၊ ရှိုးတွေမိုးတွေ ထုတ်ထားတော့ အရမ်းမိုက်နေပါလား"

"ငါက ရှိုးမထုတ်လည်း မိုက်ပြီးသားပါ"

"ဟုတ်ပါ့၊ ချီးမွမ်းတဲ့သူကိုကလိုတာ"

ဂုဏ်ရှိန်က ဆက်တီရှိရာ လျှောက်လာပြီး ခြိမ့်ခြိမ့်သဲ ဘေးမှာ ထိုင်လိုက်သည်။ ပြီးလျှင် ယွန်းနီပေးတဲ့ ဖောက်စား လက်စ အချဉ်ထုပ်ကို တရင်းတနှီး ယူစားလိုက်သည်။

သူတို့ဟာ တစ်ယောက်ပန်းကန်ထဲကတစ်ယောက် နှိုက်စားဖို့ ဝန်လေးရှက်ရွံ့တာမျိုး မရှိတာတော့အမှန်။

သူတို့သုံးယောက်ကြားမှာ သူငယ်ချင်းလို ပြောရဲဆိုရဲ လည်း ရှိပါသည်။ သို့သော် မိန်းကလေးနှစ်ယောက်ကြားမှာ ဂုဏ်ရှိန် ကတော့ သူ့ကိုယ်သူ သတိစွဲပြီး အနည်းငယ်မျှလောက်တော့





ဟန်ဆောင်ကောင်းရသည်။

ယောကျ်ားလေးချင်း စကားပြောသလိုတော့ ဘယ်တော့မှ ရင်းနှီးမှာမဟုတ်ဘူးလေ။

ခြိမ့်သဲသည် ကိုယ့်နံဘေးကို ဖျတ်ခနဲ ဝင်ထိုင်လိုက်တဲ့ ဂုဏ်ရှိန်ကြောင့် လှပ်ခနဲတော့ ရင်ထဲတစ်ချက်နွေးသွားရသည်။

သူ့ဆီက ရေချိုးပြီးစ လိုရှင်းရနံ့တစ်မျိုးနှင့်အတူ စီးကရက် နံ့လေးပါ ရောနှောရှူရှိုက်ရသည်။ အဲဒါအပြင် ယောကျ်ား တစ်ယောက်ရဲ့ ကိုယ်နံ့ဖျော့ဖျော့လည်း ပါဝင်သေးရာ မိန်းကလေး ဖြစ်တဲ့ ခြိမ့်သဲအဖို့ တစ်မျိုးတစ်ဖုံ ရင်ဖိုချင်စရာကောင်းတာက အမှန်ပါ။

သူမ အမူအရာလေးမှာတော့ ဘာမှမသိသာ။

တီဗီက သီချင်းဆိုနေသူကို ကြည့်မြဲကြည့်နေမိလျက်သာ။

အနည်းငယ် စိတ်လှုပ်ရှားသွားမိတာကို သူရိပ်မိမှာလည်း ခြိမ့်သဲက ရှက်မိပါသေးသည်။

"ခြိမ့်သဲ နင်ဘယ်သူ့ဖတ်စ်ရမယ်ထင်လဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီမေးခွန်းကြောင့် မယ်လိုဒီဝေါလ် အစီအစဉ်ထဲ အာ
ကို ပြန်ပို့ရ၏။

ဂုဏ်ရှိန်က တီဗီဖန်သားပြင်ဆီ ကြည့်သလိုလိုနှင့် သူ့နံဘေးက ခြိမ့်ခြိမ့်သဲရဲ့ မျက်နှာလေးကို နီးကပ်စွာ ခိုးကြည့်မိလေသည်။

မျက်တောင်ကော့ကော့ ရှည်ရှည်နက်နက်ကလေးတွေက လှလိုက်တာ။

ခြိမ့်သဲနှင့် မျက်လုံးချင်းဆုံရတဲ့အခါတိုင်းမှာ သူ့နှလုံးသားက နွေးခနဲ ဖိုသွားတတ်တာမို့ ထိုခံစားချက်ကို သူသဘောကျမိသည်။

ခြိမ့်သဲရော သူ့လိုပဲဖြစ်တတ်သလား သူသိချင်လှသည်။

ဂုဏ်ရှိန် သူမကို မသိမသာ စွေစောင်းခိုးငုံက်လေး ကြည့်လိုက်တာကို သိနေတာမို့ ခြိမ့်သဲမျက်နှာလေးက နွေးချင်သည်။

ဤခြေတွေ ဆယ်ထားပါလျှက် တစ်ခါတစ်ခါ လူက အငိုက်မိမျောပါချင်သည်။ သူ့မျက်လုံးထဲ ကိုယ်လည်း ပြန်ကြည့်





ချင်သည်။

သူ့ကိုမြင်ပြီဆိုလျှင် တခြားကောင်မလေးတွေလည်း သမင်လည်ပြန်အောင် ငေးကြည့်ကြတာပါပဲ။ သူ့ရဲ့ ရုပ်ရည်ပါရမီကိုက ဆွဲဆောင်မှုရှိတာ။

ဒီထဲမှာ သူက သားနားကြော့မော့ သပ်ရပ်အောင် နေတတ်တော့ ပိုပြီးထင်ရှားနေတာပေါ့။

ပြီးတော့ သူ့မျက်လုံးတွေက ညှို့ရီရီနှင့်ပဲ ရူးရှုနေတာလေ။

အဲဒီအကြည့်ငေးနှင့် ကြည့်တာ ခြိမ့်သဲတစ်ယောက်တည်းကိုတော့ မဖြစ်နိုင်။

သူ ယွန်းနီကိုလည်း ဒီလိုပဲကြည့်တာပဲလေ။ ပြီးတော့ နှုတ်ခမ်းထူထူကို ဖွင့်ဟပြုံးရယ်ပြီး စကားပြောတတ်တော့ သူ့ရဲ့ အပြုံးမျက်နှာဟာ ပိုလို့ပင် နှစ်လိုဖွယ်ရှိနေဦးမှာ။

ဒါကို ယွန်းနီကရော ရင်မခုန်ဘူးတဲ့လား။

သူရောက်လာတဲ့အခါ ယွန်းနီရဲ့ အသံလေးက ပိုပြီး ညံ့စာစာဖြစ်နေပြီး ချွဲနွဲ့သံလေးပင် အဆစ်ပါသေးသည်ဟု ခြိမ့်သဲ ထင်မိသည်။

မိုးမိုး - တလေ

www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီကလည်း သွက်လက်ချက်ချာတဲ့ မိန်းမငယ်လေး တစ်ယောက်ပဲဖြစ်တာမို့ ဂုဏ်ရှိန့်စိတ်ထဲ ဘယ်လိုမှမနေပါဘူးဆိုတာ တော့ မဖြစ်နိုင်။

ယွန်းနီကို စိုက်ကြည့်တဲ့အခါ သူကပိုပြီးတော့ပင် ရဲရဲ တင်းတင်း ရှိလှသေးတာ။

အမှတ်မထင် ယွန်းနီက သူ့ပခုံးကို ဖတ်ခနဲ တစ်ချက် ရိုက်လျှင် သူ့ရယ်သံက သဘောတကျ ကျယ်လောင်ပြီး သာယာမှု ရှိတာ အသိသာဆုံးပဲလေ။

အင်း···နေစမ်းပါဦး။

သူ့ဟာသူ သာယာတာပဲဖြစ်ဖြစ်၊ ချစ်တာပဲဖြစ်ဖြစ် အဲဒီလို နီးစပ်သွားလည်း ကောင်းသားပဲမဟုတ်လား။

ယွန်းနီနှင့် ဂုဏ်ရှိန်သာ အဆင်ပြေမယ်ဆိုရင် သူမက ဝမ်းသာအားရ ကူညီရဦးမှာ။

ဟုတ်သည်။

သူ့ဖက်က ဘယ်သူ့ကိုရယ်လို့ သဲကွဲမှုမရှိခင် ကိုယ်က ဏှာခြေရရ မှန်တန်းလေး ဆက်ဆံတာ အကောင်းဆုံး။





သူ့သံယောဇဉ်ရှိတာလေးနှင့် ဘာကိုမှ အပိုင်မတွက်သင့်။

ခြိမ့်သဲအတွေးတွေက ဟိုရောက်ဒီရောက်။

အဆိုပြိုင်ပွဲ ဘယ်သူဆုရမည်ဆိုတာ ခန့်မှန်းတဲ့ဆီလည်း အာရုံမရောက်မိပါဘူး။

ယွန်းနီကသာ သူ့ဟာသူ ခန့်မှန်းနေသည်။

နှုတ်ကသာ စကားပြောနေသော်လည်း အကင်းပါးသော ယွန်းနီဟာ ဂုဏ်ရှိန် ခြိမ့်သဲဖက် လှစ်ခနဲ ခိုးကြည့်တာကို အကဲခတ် မိပါသည်။

ဂုဏ်ရှိန်ရောင်ရဲ့ သဘောထားကို ယွန်းတော့ နားမလည် ပါဘူး။

ယွန်းနဲ့ ခြိမ့်သဲကို သူခင်မင်တာ သေချာသည်။ ပြီးတော့ အခုတလော ခင်တာထက်ပိုတဲ့ဖက်ကို ယိမ်းချင်လာတယ်ဟု ယွန်းနီ ထင်သည်။ အဲဒီလို ယိမ်းတာဟာ ယွန်းနီကြောင့်လား၊ ခြိမ့်သဲ ကြောင့်လား။

မရိုးတော့ဘူးလို့သိပေမဲ့ သူပိုပြီး စိတ်ဝင်စားတာ ခြိမ့်သဲ ပဲလား။ ကိုယ့်ကိုပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီကတော့ လောဘကြီးတာပဲလားမသိပါဘူး။

အချစ်နဲ့ပတ်သက်ရင် အင်မတန်မှကို သတ်သတ်မှတ်မှတ် သစ္စာရှိရှိ ဖြစ်စေချင်သည်။

ကိုယ်ဆိုရင်လည်း ကိုယ် တိတိကျကျလေးဖြစ်စေချင်သလို သူ့ကိုဆိုရင်လည်း သူ့ကိုပဲ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောစေချင်သည်။

သူလိုလို ကိုယ်လိုလိုတော့ မဖြစ်စေချင်။

မတော်တဆ တစ်ယောက်ယောက်ရဲ့ သိက္ခာတို့ မာနတို့ အလကားသက်သက် နစ်နာတာမျိုး မရှိစေချင်။

ခြိမ့်သ သိက္ခာ ပွန်းပဲ့ရင် ယွန်းနီပဲ စိတ်မကောင်းဖြစ်ရ၊ အားနာရမှာဖြစ်သလို ယွန်းနီ အောက်ပြီဆိုလည်း ခြိမ့်သခမျာ ရဲရဲဝံ့ဝံ့ကြီး ပျော်ရဲမှာမဟုတ်ပေ။

သူမတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်ခွင့်ညာခြင်းများနှင့် ဖွဲ့စည်းတော်စပ်ထားတဲ့ သူငယ်ချင်းတွေ မဟုတ်လား။

မျက်နှာပျက်ရမှာ၊ စိတ်အနှောင့်အယှက်ဖြစ်ရမှာကို





ကြောက်သည်။

ယောကျာ်းတစ်ယောက်အတွက်နဲ့လည်း ဘယ်တော့မှ တော်ဝမ်းမကွဲချင်။ အတွတ်တွကြိတ်မွှော်လင့်တာမျိုးပင် မဖြစ်စေချင်။

ဒါကြောင့် ယွန်းနီက ကိုယ့်ကိုယ်ကို သတိပေးနေမိသည်။

ဂုဏ်ရှိန် ခြိမ့်သကို စိတ်ဝင်စားရင်လည်း မြန်မြန်အတိအလင်း ကြေညာပါစေ။

ဒါမှ ယွန်းနီလည်း ပါဝင်ကူညီပေးနိုင်မည်။

အဲဒီအတွက် ကိုယ့်စိတ်ကို အရင်ပြင်ရမယ်ဆိုလည်း ကြိုးစားပြင်ချင်ပါသည်။

ဒါပေမဲ့ ဂုဏ်ရှိန်က သူမကို တရင်းတနှီး ပြုမူဆက်ဆံတဲ့အခါ အရာရာမေ့လျော့ပြီး သတိလက်လွှတ် ပျော်မွေ့မိတဲ့စိတ်ဟာ ထိန်းရခက်လှပါသည်။

သို့သော် ဒီလိုပျော်မွေ့မိတဲ့စိတ်ကြောင့် နောင်တရရမှာလည်း စိုးပါသည်။

ဂုဏ်ရှိန်ရဲ့ ပြုံးနေတဲ့မျက်နှာဟာ ယွန်းနီကို ပျော်စေနိုင်တာမှန်ပေမဲ့ သူ့ရင်ထဲမှာ တကယ်သက်ဝင်တဲ့သူက ခြိမ့်သဖြစ်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ။

သူမကြောင့် မေတ္တာခရီးလမ်းတစ်ခု ချောချောမွေ့မွေ့ မအောင်မြင်မှာကိုလည်း စိုးသည်။

ဂုဏ်သာ သူ့ရင်ထဲကအတိုင်း ဆုံးဖြတ်ပါစေသား။

တကယ်တမ်း အချစ်ကိုပိုင်တာ နှလုံးသားနနပဲ မဟုတ်ပါလား။

◆ ◆ ◆



တနင်္ဂနွေညနေပိုင်းမို့ ရေကူးကန်မှာ လူတွေများပြားစည်ကားနေပါသည်။

ဂုဏ်ရှိန်နှင့် ယွန်းနီက မင်ဘာဝင်ထားတာမို့ ခြိမ့်သဲသည် သူတို့လို ဝါသနာမပါလှသော်လည်း ရေကူးကန်သို့ ရောနှောပါလာရသည်ချည်းပါ။

ခြိမ့်သဲက ခဏလေးကူးပြီးတာနှင့် ရေချိုးခန်းဝင် အဝတ်အစား အမြန်လဲကာ ကန်နံဘေးက မြက်ခင်းပြင်စားသောက်ဆိုင်လေးဆီ အရင်ဆုံး ဦးအောင်ရောက်လာနေကျမို့ ဒီနေ့လည်း သူတို့ရေကူးလို့ ကောင်းဆဲမှာ ခြိမ့်သဲက စားပွဲမှာထိုင်ပြီး လိမ္မော်ဖျော်ရည်သောက်နေပြီဖြစ်သည်။

ဆင်စွယ်ရောင် စတိုင်လ်ဘောင်းဘီရှည် အောက်ခြေအိုးပွပွလေးကိုဝတ်ကာ ခွာချွန်ဖိနပ်လေးနှင့် ကုလားထိုင်ပေါ် ခြေချိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့ သူမရဲ့သဏ္ဌာန်လေးက ရှင်းကျွှနေသလို ဂုတ်ကြိုး သိုင်း အင်္ကျီလက်ပြတ် ရှားစေးရောင်လေးကြောင့်လည်း ဖြူတဲ့ အသားက ပိုဝင်းပကြည်လင်နေပါသည်။

ရေကူးပြီးစမို့ မျက်နှာလေးက ပြောင်တလင်းဖြစ်နေပေမဲ့ နီမြန်းသော နှုတ်ခမ်းလွှာလေးနှင့် သဘာဝအတိုင်း လှနေပုံကပင် တစ်မျိုးဆွဲဆောင်မှုရှိသည်။

အဖျားပိုင်းကောက်ထားသော ပန်းကျော်ရှံဆံနွယ်တို့က လည်း ကပိုကရိုလေး ကျနေသည်။

ခြိမ့်သဲသည် ခုထိ လူးလားခေါက်တုံ့ အားပါးတရ ကူးခတ်နေတဲ့ ယွန်းနီဆီ ခပ်ပြုံးပြုံးကြည့်မိသည်။

ဟိုဖက်ခြမ်းက ယောကျ်ားလေးအုပ်စု ကူးခတ်နေရာဆီသို့ မျက်လုံးရောက်မသွားအောင် သတိထားနေမိ၏။

သို့သော် မကြည့်ပေမဲ့လည်း ယောကျ်ားလေးအုပ်စုတွေ ကြားထဲ ဖြူဝင်းကြည်လင်သော အသားအရေနှင့် ဘော်ဒီကြွက်သား တွေ ဖုထစ်ကျားယား ခန့်ညားထည်ဝါသော သူ့ရဲ့ ရုပ်ဆင်းသဏ္ဌာန် ဟာ အားလုံးရဲ့အလယ်မှာ ထင်းခနဲ ထင်ရှားနေမှာကိုတော့ သိပြီး





သားပါ။

သူ့ရဲ့ပုံစံ ခပ်မိုက်မိုက်ကို မကြည့်ပဲလည်း မျက်လုံးထောင့် က မြင်နေသည်။

ဂုဏ်ရှိန်က ရေထဲကနေတက်လာပြီး အပေါ်သို့ မျက်နှာ မော့ကာ အသက်ရှူလိုက်သည်။ ပြီးလျှင် လေ့ကားက တက်ကာ သူစောင့်ရောက်ရမည့် မိန်းကလေးနှစ်ယောက် ဘယ်နားရှိသလဲ တစ်ချက်လှမ်းကြည့်၏။

ယွန်းနီကိုတော့ တွေ့သည်။

ရေကူးဝတ်စုံအဝါလေးနှင့် ကူးနေဆဲပဲရှိတုန်း။

ခြိမ့်သဲရော။

ကန်ပတ်လည်တဝိုက် အမောတကော မျက်လုံးပြူးနှင့် ရှာဖွေရ၏။

ရေသွားချိုးနေပြီလား။

စားသောက်ဆိုင်ရဲ့ ထိုင်နေကျစားပွဲဆီ လှမ်းကြည့်တော့မှ ဂုဏ်ရှိန် တွေ့သွားသည်။

သူမက တစ်ယောက်တည်း အေးအေးလူလူထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အအေးဖန်ခွက်လေးပင် ကိုင်သောက်နေပေပြီ။

"ဂုဏ်ကြီး တော်ပြီလားကွ"

"အေး"

"ဘာတွေစိတ်မချမ်းဖြစ်နေတာလဲ"

"ဟဲ ...ဟဲ"

"မင်းကတော့ ရေလည်နေတာပဲ။ ဘယ်တစ်ယောက် ညာ တစ်ယောက်တောင်ကွာ၊ အားကျလိုက်တာ"

"ဟာ ဖိုးသား မင်းအဲလိုလျှောက်မပြောနဲ့၊ ဒါ ငါ့အစ်မရဲ့ တပည့်တွေကွ၊ ဘာမှလည်းမသိဘဲနဲ့"

"သြော်...ညီမလေးတွေလို ရှိုးရှိုးပေါ့နော်"

သူငယ်ချင်းက အငေါ်တူး၏။

သူက ခပ်တည်တည်ပင်။

"အဲဒါဆိုလည်း ယောက်ဖရယ် တစ်ယောက်လောက်မျှ ပါလား"

"ခွေးကောင်"

သူပိတ်ထိုးမည်ပြင်တော့ ဖိုးသားက ဖျတ်ခနဲ ရှောင်ပြန်





ငုပ်သွားပါသည်။

ဂုဏ်ရှိန်မျက်နှာမှာ မအီမလည်။

ဘယ်ညာနှစ်ယောက်လို့ အစခံရတာတော့လည်း တစ်ခါ တစ်ရံ ယောက်ျားလေးပီပီ ကျေနပ်သလိုမျိုး၊ ဘဝင်မြင့်သလိုမျိုး ခံစားရသည်။

အမှန်တော့ တစ်ယောက်ပင် မပိုင်နိုင်။ မသေချာသေးပါ ဘူး။

မြင်တဲ့ဘော်ဒါတွေကသာ ဘုမသိဘမသိ အထင်တွေစွပ် ကြီးနေကြတာ။

သူ့မှာတော့ ကိုယ့်အကြောင်းကိုယ် အသိဆုံးပေါ့။

အတွေးနှင့် မချင့်မရဲ ခြိမ့်ခြိမ့်သဲဆီ လှမ်းကြည့်လိုက်သည်။

"ဟောဗျာ"

သူ့နှုတ်မှ အသံပင်ထွက်သွား၏။

အခုနကြည့်တော့ သူမတစ်ယောက်တည်း။ အခုပြန်ကြည့် တော့ သူမအနားမှာ ယောက်ျားလေးတစ်ဦး ရောက်နေပါလား။

ဒါ ဘယ်ကကောင်လဲ။



www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်အဖြူ၊ ဘောင်းဘီရှည် မင်းဝွတ်ရောင်နှင့် ချောမော သားနားသော လူရွယ်တစ်ယောက်ကို ခြိမ့်သဲအနီးမှာ စတင်မြင်ဖူး လိုက်ခြင်းပါပဲ။

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ကျွန်တော် ခဏထိုင်မယ်နော်"

ခြိမ့်သဲက ခေါင်းလေးသာ ညိတ်လိုက်ပါ၏။

မွန်ရည်သားနားသော ထိုလူရွယ်လေးဟာ သူမ...ို တိတ်တဆိတ် စောင့်ကြည့်နေတတ်ခဲ့တာတော့ ကြာပြီ။

ရေကူးကန်ကို တစ်ယောက်တည်းရောက်လာတတ်ပြီး သူကားခဲပုပ်ရောင် ကင်မ်မရီလေးကို များသောအားဖြင့် ဂုဏ်ရှိန်ရဲ့ ဗင်ကားအနီးမှာ ရပ်တတ်တဲ့လူ။

ခြိမ့်သဲတို့ သုံးယောက်သား ထွက်လာတာမြင်လျှင် မလှမ်း မကမ်းကနေ အကြာကြီးစိုက်ကြည့်နေတတ်တာ ခြိမ့်သဲ သတိထား မိသည်။

သူလည်း မင်ဘာဝင်တစ်ယောက်ဖြစ်ပြီး ဆန်းဒေးတိုင်း





ဒီမှာဆုံနေကျမို့ တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းမိနေပေ မဲ့ သူက ခါတိုင်းတော့ ကြည့်ရုံသာကြည့်ပြီး စကားလာမပြော။

မိန်းကလေးနှစ်ယောက်နှင့်အတူ ယောကျ်ားလေး တစ်ယောက် အဖော်ပါတတ်တော့ သူရှိန်နေ၊ လန့်နေသလားတော့ မပြောတတ်ချေ။

သူ့မျက်လုံးတွေကြည့်ရတာ တရင်းတနှီး နွေးထွေးပြီး ခြိမ့်သဲတို့ကို ခင်မင်ချင်ပုံရသည်။

ဒီနေ့တော့ သူက စွန့်စားခန်းတစ်ရပ် စလိုက်ပြီထင်ပါ သည်။

ခြိမ့်သဲမျက်နှာလေးကို ပြုံးငုံ့ကြည့်ကာ ထိုင်ခွင့်တောင်း လိုက်သည်မဟုတ်လား။

"ညီမက ခြိမ့်ခြိမ့်သဲနော်"

"ဟုတ်ပါတယ်"

"ဆန်းဒေးတိုင်း ကျွန်တော်တွေ့နေပါတယ်၊ ခေါ်မလို့ပဲ ညီမက ခင်ချင်ပါ့မလားမသိဘူးဆိုပြီး မိတ်မဖွဲ့ရဲတာ"

"ဪ...ကိုယ့်မင်ဘာအချင်းချင်းပဲ မခင်ချင်ဘူးရယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူးရှင်''

ကိုယ့်ကို တလေးတစား မိတ်ဆွေဖွဲ့သဖြင့် ခြိမ့်သဲက လည်း ယဉ်ကျေးပြေပြစ်စွာ တုံ့ပြန်လိုက်ပါသည်။

သူ့မျက်နှာက ကျေနပ်ဝမ်းသာသွားပုံရ၏။

''ညီမက မျက်နှာတည်တော့ မာနကြီးမယ်ထင်မိလို့ပါ၊ အဟား ဆောရီးနော်၊ ကျွန်တော့်အထင် မှားသွားတယ်''

အောင်ထိပ်စည်သူက ရုပ်ကြည့်ခဲ့တဲ့ အချိန်လေးတွေကို နှမြောသွားမိသည်။ ဒီလိုမှန်းသိရင် အစကတည်းက စကားပေ ပြောမှာပေါ့။

''ခြိမ့်သဲက ဒီလိုပဲနေတတ်တာပါ''

''အဖော်ပါလာတာက ဘယ်သူလဲ၊ မောင်နှမတွေလား''

သူသိလိုတာကို အရင်ဆုံး မေးလိုက်ပါသည်။

''သူငယ်ချင်းတွေပါပဲ''

''ဪ''

''ရှင်ဘာသောက်မလဲဟင်၊ တစ်ခုခုသုံးဆောင်ပါဦး''

သူက ခြိမ့်သဲလိုပဲ လိမ္မော်အသီးဖျော်ရည်တစ်ခွက်





မှာလိုက်၏။

''ကျွန်တော်က စည်သူပါ၊ အပြည့်အစုံကတော့ အောင်ထိပ်စည်သူပါ၊ အဲဒီနာမည်ကို ကြားဖူးတယ်လို့ မထင်မိဘူး လား''

''ရှင်''

သူ့စကားကြောင့် ခြိမ့်သဲ မျက်မှောင်လေး ကုပ်သွားရ သည်။

သူ့ကို ခြိမ့်သဲသိဖူးသလား၊ မမှတ်မိတာလား။

''စဉ်းစားနေတာလား''

''အင်း''

''မမှတ်မိဘူးမို့လား''

ခြိမ့်သဲက အားတုံ့အားနာလေးသာ ပြုံးနေမိသည်။

ကောင်မလေး သူ့ကို မမှတ်မိဘူးဆိုတာ တွေ့တဲ့နေ့က တည်းက စည်သူသိသည်။ သူကတော့ တစ်ခါမြင်ရုံနှင့် စွဲလမ်း နှစ်သက်ခဲ့ရသူမို့ ဒီမျက်နှာလေးကို မမေ့နိုင်ပါ။

''ညီမရဲ့အစ်မလား၊ အဒေါ်လားမသိဘူး အဲဒီအစ်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဆိုင်ကို လာဖူးတယ်လေ"

သူက ပြန်အစဖော်သည်။

ခြိမ့်သဲက ဇဝေဇဝါနှင့်

"ဆိုင်...ဘာဆိုင်များလဲ"

"ရတနာဆိုင်ပါ၊ အောင်ထိပ်ရတနာလေ"

"သြော်...မှတ်မိပြီ"

ဆရာမနှင့်အတူ အဲဒီရတနာဆိုင်ကို တစ်ခါနှစ်ခါလောက် အဖော်လိုက်သွားဖူးတာ ခြိမ့်သဲ ပြန်အမှတ်ရမိသည်။

ဆရာမ ဒေါ်အင်ကြင်းက လက်ဝတ်ရတနာစုဆောင်းတာ ဝါသနာပါသည်။ ကျောက်မျက်ရတနာရောင်စုံတို့ကို နှစ်သက်တတ် သဖြင့် မကြာခဏ ဝယ်ယူစုဆောင်းလေ့ရှိသည်မဟုတ်လား။

ခြိမ့်သဲ အဖော်ပါသွားတဲ့နေ့က အဲဒီအောင်ထိပ်က လူ တစ်ယောက်က သူမကို အတော်ကြီးငေးငေးမောမော ကြည့်နေခဲ့ တာ သတိပြုမိသော်လည်း နောက်တော့လည်း မေ့သွားတာပေါ့။

ဒါပေမဲ့ အောင်ထိပ်ကပါလို့ သူပြောလိုက်တဲ့ အချိန်မှာ တော့ ထိုမျက်ဝန်းတစ်စုံကို ခြိမ့်သဲ ပြန်မြင်ယောင်သိရှိလိုက်ပါပြီ။





လက်စသတ်တော့ သူပဲကိုး။

ဒါကြောင့် သူစိုက်ငေးကြည့်နေတဲ့နှုန်းက မြင်ဖူးသလိုပဲလို့ တော့ ထင်မိသား။

"ရှင်က အဲဒီဆိုင်ကလူကိုး"

"ဟုတ်ပါတယ်၊ မေမေတို့ဆိုင်မှာ ကျွန်တော်က တစ်ခါ တလေမှ ထိုင်တာပါ၊ ဒါပေမဲ့ ခြိမ့်သဲရောက်လာတဲ့နေ့က တိုက် တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော်ရှိနေတယ်လေ"

"ခြိမ့်သဲက ဒီမှာတွေ့မှသိတွယ်ထင်တာ၊ ကိုစည်သူက မှတ်ဉာဏ်ကောင်းလိုက်တာ"

"မှတ်ဉာဏ်ကောင်းလို့မဟုတ်ဘူးဗျ၊ ညီမက အရမ်းလှ လို့ပါ၊ တစ်ခါမြင်တာနဲ့ မမေ့တော့ဘူး"

သူက ရိုးသားပွင့်လင်းစွာပြောလိုက်တာမို့ ခြိမ့်သဲမျက်နှာ လေး နွေးခနဲဖြစ်သွားရသည်။

ယောကျ်ားလေးတစ်ယောက်က သူမကို မျက်တောင် မခတ်စတမ်း စေ့စေ့ကြည့်နေကာ နှုတ်မှလည်း လှတယ်ဟုဖွင့်ဟ ချီးမွမ်းသဖြင့် မနေတတ်သလိုဖြစ်မိတာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မမြောက်နဲ့နော်၊ ရှင်နဲ့ခင်သွားရင် ဆရာမ ရှင့်ဆိုင် လာတဲ့အခါ ဈေးလျှော့ပေးရမှာ သိရဲ့လား"

"အဲဒါ ခြိမ့်သဲရဲ့ဆရာမလား၊ လျှော့သင့်ရင်လျှော့ရမှာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုယ့်အစ်မကြီးလိုဖြစ်နေပါပြီ၊ နေတော့လည်း ဆရာမရဲ့ ခြံမှာပဲလေ"

စည်သူက ခေါင်းဆတ်ရင်းက ရင်တွေလည်း ခုန်သွားရပါသည်။ မေမေသည် သူ့ဆိုင်က အားပေးသော ဖောက်သည်တွေထံမှ လိပ်စာတို့၊ ဖုန်းနံပါတ်တို့ ယူထားစမြဲဖြစ်ရာ ဒီတစ်ခါတော့ ဟန်ကျလေပြီ။

ခြိမ့်သဲရဲ့ နေရပ်လိပ်စာကို တကူးတကမေးဖို့ပင်မလို။

"ညီမက မိသားစုနဲ့နေတာလား"

"ဟင့်အင်း သူငယ်ချင်းနဲ့နေတာ၊ အခုအတူတူပါလာတဲ့ သူငယ်ချင်းလေ"

"ဗျာ…ဟိုလူနဲ့"

စည်သူ မျက်လုံးပြူးသွားရ၏။





"အို…မဟုတ်ပါဘူး၊ ခြိမ့်သဲသူငယ်ချင်း ယွန်းနီနဲ့ပါ၊ ရှင်ပြောတဲ့ ဟိုလူဆိုတာက ဆရာမရဲ့မောင်အရင်း"

"ဪ…ဒီလိုလား၊ ဒါဖြင့် သူက ညီမတို့နဲ့ တစ်ခြံတည်းပဲပေါ့"

"ဟုတ်ပါတယ်"

"မနောလို့ဘူးဗျာ"

"ရှင်…ဘာကိုလဲ"

"ညီမနဲ့ နီးနီးစပ်စပ် နေခွင့်ရတာကိုပါ"

"ကိုစည်သူရယ်၊ ဘာများလဲလို့"

"ကျွန်တော်လည်း ခြိမ့်သဲနဲ့ ခင်မင်ချင်တယ်"

"အခုခင်သွားကြပြီပဲ"

"ကျွန်တော့်အိမ်ကို လာလည်ရင်ရမလား"

သူက တစ်ထိုင်တည်းပင် တစ်ဆင့်တက်လေသည်။

"ဟိုလေ…ခြိမ့်သဲက အိမ်မှာတော့ သိပ်မရှိတတ်ဘူး"

"ဘာလဲ မလာစေချင်လို့ပြောတာလား"

"မဟုတ်ပါဘူး၊ တကယ်မအားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်နေတာလား"

"ကျူရှင်ပြနေတာပါ"

အောင်ထိပ်စည်သူက သူမအကြောင်းတွေကို အားမနာတမ်းပဲ မေးမြန်းစပ်စုနေပါသည်။

သူ့အကြောင်းတွေလည်း သူပြောသည်။

သူဟာ တစ်ဦးတည်းသောသားဖြစ်ပြီး မိဘနှင့် အဒေါ်အပျိုကြီးနှစ်ယောက်က အလွန်ချစ်ခင်အလိုလိုက်ကြောင်း၊ သူက ရတနာဆိုင်ကိစ္စ သိပ်စိတ်မဝင်စားကြောင်း၊ သင်္ဘောတက်နိုင်ဖို့ ကြိုးစားနေကြောင်း၊ စာမေးပွဲဖြေရဦးမှာဖြစ်ကြောင်း၊ မိန်းကလေးသူငယ်ချင်းတချို့ရှိပေမဲ့ ခြိမ့်သဲလို မခင်ကြောင်း၊ ခြိမ့်သဲကိုတော့ တစ်ခါမြင်ဖူးရုံနှင့် ခေါင်းထဲမှတ်မှတ်မိမိရှိနေကြောင်း၊ ရေကူးကန်မှာ ပြန်တွေ့တော့ ရင်တွေခုန်လာအောင် ပျော်မိကြောင်း၊ သို့သော် စကားမစရဲဘဲ ဂုဏ်ရှိန်နှင့် ဘယ်လိုများ ပတ်သက်နေသလဲ စိတ်ပူခဲ့ရသေးကြောင်း စတာတွေ မနားတမ်းပြောနေသည်။

ရေထဲကတက်လာပြီဖြစ်သော ဂုဏ်ရှိန်မှာ အအေးဆိုင်က မြင်ကွင်းကြောင့် ရင်တွေပူလောင်ပျာယာခတ်ရ၏။





ဘယ်တုန်းက အသိတွေလို့ ဒီလောက်တောင် စကားလက်ဆုံ ပြောမကုန်ဖြစ်နေရသလဲ မသိပါဘူး။

ခပ်ဖြောင့်ဖြောင့်ကောင်ဟာ စကားပြောရင်း တစ်ချိန်လုံး ခြိမ့်သဲမျက်နှာဆီမှ လုံးဝမခွာ။

ဘေးပတ်ဝန်းကျင်မှာ တခြားလူတွေ ရှိသေးတယ်ဆိုတာဝင် မေ့များမေ့နေသလား မပြောတတ်။

သူ နှစ်မျောနေပုံက သိသာသည်။

ဂုဏ်ရှိန်သည် ဘောင်းဘီတိုနှင့် ရေစက်လက်နှင့် သူမတို့နား ရုတ်တရက် ရောက်သွားလို့ မကောင်းလို့သာ ရေချိုးခန်းဖက် အရင်ဦးတည်ရပေမဲ့ စိတ်မချလက်မချနှင့် ယွန်းနီကို ရွတ်ခနဲ လှမ်းခေါ်ပြီး ခြိမ့်သဲဆီ သွားလိုက်ဖို့ လက်ဟန်နှင့် အချက်ပြခဲ့ရပါသေးသည်။

အဲဒီယွန်းနီတစ်ယောက်ဟာလည်း ဘာမှအသုံးမကျ။

ရေကူးနေရပြီဆိုရင် အားလုံးမေ့နေတော့တာပဲ။

ခြိမ့်သဲနား တခြားကောင်တွေ ချဉ်းကပ်နေတာ သတိမထားမကာကွယ်တတ်တဲ့ ယွန်းနီကိုပဲ သူစိတ်တိုသည်။



www.burmeseclassic.com

ခြိမ့်သဲအနား အတူတူနေတော့ ဘာဖြစ်မှာလဲ။

ခြိမ့်သဲ တော်ပြီဆိုရင် သူလည်း ရေကူးရပ်တော့ပေါ့။

အခုတော့ ဟိုကောင်စကားပြောဖို့ အခွင့်အရေးရသွားပြီ။

ဂုဏ်ရှိန်သည် အမြန်ဆုံးနည်းနှင့် အဝတ်အစားလဲ ပြန်ထွက်လာဖို့ပဲ စိတ်လောနေမိလေသည်။

◆ ◆ ◆



ဂုဏ်ရှိန်သည် ဆံပင်ပေါ်က ရေတွေပင် ကုန်စင်အောင်မသုတ်နိုင်ဘဲ ခြိမ့်ခြိမ့်သဲအနားသို့ လျင်မြန်စွာ ရောက်ချလာပါသည်။

ခြိမ့်သဲက သူ့ကို ကိုအောင်ထိပ်စည်သူနှင့် မိတ်ဆက်ပေးသည်။

မမဆိုဖီယာရဲ့ အသိမိတ်ဆွေလိုလိုပြောသဖြင့် ဂုဏ်ရှိန်လည်း သဝန်တိုပုံပြရခက်စွာ ထိုလူနှင့် ပြုံးရွှင်စွာ လက်ဆွဲနှုတ်ဆက်လိုက်ရပါသည်။

"ဆရာမမောင်က မင်းသားရုပ်ပဲဗျာ၊ တွေ့ရတာဝမ်းသာပါတယ်၊ ကြုံရင်လည်း ကျွန်တော်တို့ဆိုင်ကိုဝင်ခဲ့ပါ" ဟုညာနှင့်စည်သူက တရင်းတနှီးဖော်ရွေသည်။

ဂုဏ်ရှိန်မှာတော့ နည်းနည်း မအီမလည်ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီလူကို ရှုတည်တည်ကြည့်ပြီး ခပ်တင်းတင်းဆက်ဆံဖို့ မောင်းတင်လာတာ။

ဒီကျတော့ အရှိန်ပြန်လျှော့ရတာပေါ့။

ဒါပေမဲ့ လိုတာထက်ပိုပြီး ပိုလို့က်လှဲနေတဲ့ ခြိမ့်သဲကိုတော့ ဂုဏ်ရှိန် သိပ်မကျေနပ်ချင်။

သိပ်မကြာဘဲ ယွန်းနီလည်း ဂါဝန်အဖြူလေးနှင့် ကုတ်အင်္ကျီမရမ်းဖျော့လေး ထပ်ဝတ်ကာ သူတို့နားသို့ ကမန်းကတန်းရောက်လာပါသည်။

ထိုအခါ ခြိမ့်သဲက ယွန်းနီကို စည်သူနှင့် မိတ်ဆက်ပေးပြန်၏။

သုံးယောက်ဆုံပြီမို့ စည်သူလည်း တခဏပြောဆိုနှုတ်ဆက်ကာ စားပွဲဝိုင်းမှ ထွက်သွားတော့သည်။

စည်သူထွက်သွားတာနှင့် ဂုဏ်ရှိန်က ဆက်လက်မအောင့်နိုင်ဘဲ ခြိမ့်သဲမျက်နှာလေးကို ခပ်တည်တည် စူးစူးရဲရဲကြည့်ကာ

"ခြိမ့်သဲ နင်ဘယ်လိုဖြစ်တာလဲ"

"ဟင် ဘာဖြစ်လို့လဲ"





သူမက မရဲတရဲပြန်မေး၏။

"ခုမှသိတဲ့ကောင်နဲ့ ဘာလို့ ဒီလောက်စကားလက်ဆုံကျနေတာလဲ၊ အပြုံးတွေလည်း များလိုက်တာ၊ မိန်းကလေးဖြစ်ပြီးတော့ကွာ"

ယွန်းနီက စိတ်တိုနေပုံရတဲ့ ဂုဏ်ရှိန်ဖက် မသိမသာ အကဲခတ်မိသည်။

ဒါလေးနဲ့ စိတ်တိုစရာလား။

ခြိမ့်သဲကတော့ ခပ်အေးအေးပါ။

"စကားလက်ဆုံကျတာမဟုတ်ပါဘူး ဂုဏ်ရဲ၊ ဒီအတိုင်းပါပဲ သူမေးတာလေးတွေ ပြောပြနေတာ"

"ဘာမေးတာလဲ"

"ဩော်...ဒီလိုပဲပေါ့"

"ဘာဒီလိုပဲပေါ့လဲ၊ ရှင်းရှင်းပြော"

"ဂုဏ်ရယ် ရှင်ကလည်းနော်"

"ယွန်းနီ နင်ကလည်း နည်းနည်းပါးပါးတောင် အဖော်မရပါလား၊ ခြိမ့်သဲတစ်ယောက်ထဲ ဘာလို့လွှတ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ဒီနားနဲ့ဒီနားတင်ကို"

"အဲဒီဒီနားတင်ပဲ အခွင့်အရေးစောင့်နေတဲ့ကောင်ရှိတာ မတွေ့ဘူးလား"

ခြိမ့်သဲသည် မျက်နှာလေးပျက်သွားကာ…

"ဘာတွေလျှောက်ပြောနေတာလဲ"

"အဲဒီကောင် နင့်နားကပ်ချင်လို့ ချောင်းနေတာကြာပြီ၊ ငါမသိဘူးထင်နေလား၊ သူ့ကင်မ်မရီကို ငါတို့ကားနားလာလာရပ်တာ ကြာပြီ"

"ဂုဏ်ရှိန်ရယ် ကားစတန်းပဲဟာယ်၊ ဘယ်ကားဘယ်နားရပ်ရပ်ပေါ့"

"မဟုတ်ဘူး၊ ဒီကောင် ခြိမ့်သဲကို ကြည့်ကြည့်နေတာ"

"သူလည်း နှုတ်ဆက်မလို့ ကြည့်တာပဲ"

ခြိမ့်သဲက ဖြေရှင်းသည်။

"ဘာလို့နှုတ်ဆက်ရမှာလဲ"

"ဆရာမနဲ့ သိနေတာ"

"မမနဲ့သိရင် မမကိုပဲ နှုတ်ဆက်ပေါ့"





"ခက်တာပဲ၊ ခြိမ့်သဲလည်း သူဆိုင်ရောက်ဖူးတဲ့ဥစ္စာ"

"အဲဒါတွေမသိဘူး၊ စည်သူဆိုတဲ့ကောင် ရိုးကိုမရိုးဘူး၊ နင်ဘာသိလို့လဲ"

ဂုဏ်ရှိန်သည် ယွန်းနီဘေးက ဝင်သတိပေးလည်းမရ။ ခြိမ့်သဲကိုပဲ စူးစူးစိုက်စိုက်ကြည့်ကာ တစ်ခွန်းပြီးတစ်ခွန်း ပြဿနာရှာနေပါသည်။

ခါတိုင်း သူဒီလို စွက်စွက်ဖက်ဖက်ဝင်ပြောတာမျိုး မရှိဖူးသဖြင့် ခြိမ့်သဲက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသလို ယွန်းနီကလည်း ဂုဏ်ရှိန့်အမူအရာနှင့် စကားသံကို အံ့သြနေမိသည်။

ဒါ ခြိမ့်သဲအပေါ် ဂျေဝင်နေတာလား၊ မနာလိုသဝန်တိုကြောင်း ထုတ်ဖော်ဖွင့်ဟနေတာလား။

မိန်းကလေးနှစ်ယောက်လုံးရဲ့ အကြည့်ဟာ အံ့အားတသင့်နှင့်မို့ ဂုဏ်ရှိန်လည်း သူ့ကိုယ်သူ သပ်ိဘား၍ လေသံကို လျှော့လိုက်ရ၏။

"ငါက အပြစ်ပြောနေတာမဟုတ်ပါဘူး၊ ယောကျ်ားချင်းမို့လို့ သူ့ရည်ရွယ်ချက်ကိုသိနေလို့ ကြိုတင်သတိပေးတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော် အဲဒါမျိုး ဖြေးဖြေးပြောလည်းရပါတယ်ဟယ်"

ယွန်းနီအပြောကြောင့် သူနှုတ်ခမ်းတွေ ပြုံးရိပ်သန်းလာရ၏။

ဟုတ်တော့ ဟုတ်သည်။

ကိုယ်ဘာဖြစ်သွားသလဲမသိ။ ခြိမ့်သဲနှင့် ပတ်သက်လျှင် ဒီလောက်ထိ ဝန်တိုပူလောင်နေမိမယ်လို့ သူကိုယ်သူပင် မသိခဲ့။

"ဘာမှန်းမသိဘဲ နောက်ဆိုအရောမဝင်နဲ့ ခြိမ့်သဲ"

သူတစ်ခွန်း ထပ်ပြောမိသေး၏။

ခြိမ့်သဲမျက်နှာလေးက တည်ငြိမ်ကာ မတုန်မလှုပ်တဲ့ ပုံစံလေး။

ဒါကိုပဲ သူအသည်းယားတာ။

ဖြူစင်အေးချမ်းလွန်းတဲ့ မိန်းကလေးမို့လည်း စိတ်ပူရတာလေ။

ခြိမ့်သဲက ခေါင်းလေးငုံ့ထားသည်။ နက်ရှိုင်းရှုးရှသော ဂုဏ်ရှိန့်မျက်လုံးတွေကို ရှောင်ဖယ်ချင်တာလည်းပါသည်။





သူ ခုတလော ခြိမ့်သဲကိုကြည့်တဲ့ အကြည့်တွေမှာ နွေးထွေးသက်ဝင်မှုနှင့်အတူ ငြိတွယ်လိုခြင်း၊ လွှမ်းမိုးလိုခြင်းတွေ ပါနေသလိုပဲဟု ခံစားမိသည်။

ယွန်းနီကလည်း ဒါကိုသတိပြုမိသည်။

သို့သော် သူဒီလိုအမိန့်ပေးတာကိုတော့ ခြိမ့်သဲ သိပ်မကြိုက်ချင်။

ခြိမ့်သဲရဲ့ နှလုံးသားကို သူမပိုင်ဘူးလေ။

သူ့ဖက်က ပီပီပြင်ပြင် ဖရိုပိုစ့်လုပ်ထားတာလည်း မဟုတ်။

သူဟာ ပေါ့ပေါ့ဆဆ သဘောလေးဖြင့် ခြိမ့်သဲကိုလိုလို ယွန်းနီကိုလိုလို တွယ်ငြိတော့မယောင် ဟန်မူယာမျိုးရှိနေတယ်ဟု ခန့်မှန်းရသော်လည်း ဒါက ဘာမှမသေချာ။

ခြိမ့်သဲနံဘေးကို ရောက်လာမယ့်သူတစ်ဦးတစ်ယောက်ကို သူက မနာလိုပြီး ပိုင်စိုးပိုင်နင်း တားမြစ်ရလောက်အောင် ခြိမ့်သဲတို့ကြားမှာ ဒီအခွင့်အရေးမျိုး မရှိဘူးဟုထင်သည်။

ခြိမ့်သဲ နည်းနည်းတော့ အဆင့်ကျော်နေသည်။

သူမဟာ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိရခင် ထိုယောက်ျား၏ ချုပ်ချယ်လွှမ်းမိုးပိုင်စိုးခြင်းကို စမ်းသပ်မြည်းစမ်းလိုက်ရသလို ဖြစ်နေပါသည်။

လွတ်လပ်မှုကို ခုံမင်နှစ်ခြိုက်သော ခြိမ့်သဲအတွက် ဒါက မခံချင်စရာတစ်ခု ဖြစ်နေသည်။

သူ့ဖက်မှာကျတော့ ဘာမှမပြတ်သားဘဲနှင့် ဟိုလိုလို ဒီလိုလိုပုံစံအချိုးလေးနှင့် နေလာခဲ့ပြီး ခြိမ့်သဲကိုကြတော့ ကြိုးထားချင်တာလား။

ဒီလိုဆိုရင်တော့ ရှင်မှားနေပြီ ဂုဏ်ရှိန်ရောင်ရေ။

အချစ်ဆိုတာ ကိုယ်ကစပြီးပေးရတာပါ။

သူတို့ပြန်ပြန်မပြန်ပြန် ကိုယ့်ရင်ဘတ်ထဲကနေ သူ့ဆီကို အတားအဆီးမဲ့ စီးဆင်းသွားတဲ့ မေတ္တာတွေကိုမှ ခြိမ့်သဲက အချစ်လို့ထင်တယ်။

ဟိုတစ်ယောက်ကိုပစ်ရင် ကောင်းမလား၊ ဒီတစ်ယောက်ကိုပစ်ရင် ထိမလား ချင့်ချိန်နေတဲ့ မြှားပစ်သမားမှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး။

ဂုဏ်ရှိန်က သက်ပြင်းတစ်ချက် ခိုးရှိုက်ဖြစ်သည်။





ခြိမ့်သဲကို သူနားမလည်။

မျက်ဝန်းချင်းဆုံကြည့်လိုက်ချင်ပေမဲ့ သူမက ခေါင်းငုံ့အကြည့်လွှဲထားသဖြင့် ဂုဏ်ရှိန် ဘာမှမတတ်နိုင်။

ငါ့ကို တည့်တည့်ကြည့်စမ်းပါဟု သူပြောလို့ရမလား။

သူမပုံစံလေးကိုသာ မချင့်မရဲ စိုက်ကြည့်နေမိသည်။

ယွန်းနီကတော့ ဂုဏ်ရှိန့်အကြည့်ကို အဓိပ္ပာယ်ဖော်နေမိမြဲ။

သူ့မျက်လုံးတွေကိုကြည့်ရတာ ခြိမ့်သဲအပေါ် လိုက်လှဲနေသလိုပဲ။

ဒါပေမဲ့ တစ်ခါတစ်ခါကျတော့လည်း ယွန်းနီ မထင်အောင်ပင် ယွန်းနီအပေါ် ဂရုစိုက်သည်။

အင်း...အနာဂတ်ကာလတစ်ခုဆီ လှမ်းမျှော်ကြည့်ရတာ ရင်ခုန်စရာ။

တကယ်တမ်း ဂုဏ်ရှိန့်ချစ်သူဟာ ဘယ်သူဖြစ်လာမလဲ။

ယွန်းနီနဲ့ ခြိမ့်သဲကရော ဘယ်လိုမျိုး ဖူးစာဖက်တွေ တွေ့လာမလဲ။



www.burmeseclassic.com

www.burmeseclassic.com



နောင်ငါးနှစ်ဆယ်နှစ်အထိ သူမတို့သုံးယောက် အခုလို မသဲမကွဲ သံယောဇဉ်တွေနဲ့ ရှိနေဦးမလား။ မှန်းဆလို့လည်း မရ ဘူး။

ခြိမ့်သဲက ယွန်းနီထက် ပိုလှတော့ ခြိမ့်သဲအရင် ရည်းစား ရသွားမလားဟုလည်း တွေးဆမိသည်။

ရည်းစားကအသာထားပါဦး အခုလို သာမန်မိတ်ဆွေ တောင် ဂုဏ်ရှိန်က ပူစပ်ပူလောင် မနာလိုဝန်တိုဖြစ်နေတာ ကြည့်လေ။

ခြိမ့်သဲတော့ မလွယ်။ သူမကလည်း ခေါင်းခပ်မာမာရယ် လူလေးက အေးဆေးသဘောကောင်းပေမဲ့ သူလုပ်ချင်တာရှိလျှင် သဲသဲမဲမဲနဲ့ ဇွဲကြီးတတ်သည်။

အတူတူနေလာခဲ့တာကြာပြီမို့ ယွန်းနီက အတွင်းသိအစင်း သိပါ။

ခြိမ့်သဲအမူအရာကိုကြည့်ရတာ ဂုဏ်ရှိန် ဒီလိုပိုင်စိုးပိုင်နင်း ပြောဆိုတာကို ကြိုက်ပုံမရပေ။

သူတို့သုံးယောက်ကြားမှာ တိတ်ဆိတ်သွားသည်။





ယွန်းနီကလည်း ဘာမှထပ်မပြောဘဲ ရောက်လာတဲ့ ကော်ဖီပန်းကန်ကိုသာ ဆွဲယူမှုတ်သောက်နေလိုက်၏။

ရေထဲစိမ်တာ ကြာသွားသဖြင့် လူက ချမ်းစိမ့်နေတာမို့ ကော်ဖီပူပူ ခါးစိမ့်စိမ့်လေးကို သောက်ရတာ နွေးထွေးသွားရသည်။

ခြိမ့်သဲက ဖန်ခွက်ထဲမှ ပိုက်တံလေးကို ဆော့ကစားရင်း စားပွဲမျက်နှာပြင်ကို ကြည့်ကာ တစ်ခုခု တွေးတောနေဟန်ရှိသလို ဂုဏ်ရှိန်ကလည်း ရေကူးကန်ဖက် အကြောင်းမဲ့ ငေးမောကာ တိတ်ဆိတ်နေပါသည်။

သူတို့နှုတ်ဆိတ်နေကြတော့ ယွန်းနီကလည်း ဘာမှစကား စ မစတော့ပေ။

သူတို့သုံးယောက်ကြားမှာ ပြဿနာတစ်ခုရဲ့အစပဲ ထိုအချိန်ကပဲ စတင်လာတာဖြစ်လိမ့်မည်။

အေးခဲတင်းမာမှုတွေ အမှတ်မထင်ပေါ်ပေါက်လာခဲ့သည်။

ကားပေါ်ရောက်တဲ့အထိလည်း ဘယ်သူကမှ ခါတိုင်းလို ဟက်ဟက်ပက်ပက် စကားတွေမဆို။ ရယ်သံတွေလည်း တိတ်ဆိတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



သူဖွင့်လိုက်တဲ့ ကားထဲက စီဒီကထွက်ပေါ်လာတဲ့ သီချင်း ကပင်ကြည့်ဦး။

နှလုံးသားမှာ မီးတောင်များ ပေါက်ကွဲတာ××××

အို×××မင်းမသိဘူး ×××

ကြာရှည်သိုဝှက်သိမ်းလာတဲ့ ××××

ဒီအချစ်စိတ် ××× ငါမထိန်းနိုင်ဘူး ×××

ငါ့နှုတ်ခမ်းဖျားက ထွက်လာတဲ့ ×××

ရင်ထဲကအချစ်များ ××××

ပင်လယ်ကိုမှောက်ကာ သွန်ပစ်မယ် ××××

တောင်တွေအပိုင်းပိုင်းပြတ်စေသား ××××

မြေပြင်ကိုပြောင်းပြန် လှန်ပစ်မယ် ××××

တိမ်တွေမီးတက်ရှို့မယ်×××ငါ့ရဲ့ဒေါသများ

အချစ်မီးလျှံ×××ဘာနဲ့ငြိမ်းလို့ငြိမ်းနိုင်မလဲ×××

ကြင်နာသူလေးရေ ×××

ရင်ထဲက ××× ရေလိုအေးတဲ့မေတ္တာပေး ××××။

ရေဘင်မျက်မှန်နက်ကိုတပ်ကာ နှုတ်ခမ်းကို တင်းတင်း





ချက် ကားမောင်းနေသော သူ့သဏ္ဍာန်မှာလည်း အလိုမကျ က်ထန်သော အရိပ်တစ်မျိုး ထင်ဟပ်နေပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ရွတ်…ရွတ်"

ဆရာမတို့တိုက်ထဲက ထွက်လာတော့ ခြိမ့်ခြိမ့်သဲက မြက်ခင်းစပ် ကွန်ကရစ်လမ်းလေးကနေ ဒီဖက်ကို လျှောက်လာဆဲမှာ ခြံအပြင်တံခါးဝမှာ ရပ်နေသူတစ်ဦးက လှမ်းအသံပြုလိုက်တာဖြစ်သည်။

ခြံတံခါးရဲ့သော့ဟာ ဟိုဖက်ဂုဏ်ရှိန်တို့အိမ်မှာ ရှိသလို ခြိမ့်သဲတို့ကိုလည်း အပိုတစ်ချောင်းပေးထားပါသည်။

ကိုယ့်ဉည့်သည်ဆို ကိုယ်ဖွင့်…

သူ့ဧည့်သည်ဆို သူဖွင့်ရုံပင်။

ခေါ်သံကြားတော့ ခြိမ့်သဲက အပြင်သို့ လှမ်းကြည့်သည်။

သံပန်းတံခါးကြားကနေ မြင်နေရသူဟာ အရပ်မြင့်မြင့် ခပ်ဖြောင့်ဖြောင့် လူရွယ်တစ်ယောက်။





ကားပါပေမယ့် ပထမဆုံးအကြိမ် ဤအိမ်သို့ ရောက်လာတာဖြစ်သဖြင့် စည်သူက အားတုံ့အားနာ ဆင်းကြည့်တာပါ။

ကားဟွန်းကို သူရမ်းပြီးမတီးရဲပေ။

ကံကောင်းထောက်မစွာ တိုက်ထဲကနေ မိန်းကလေးတစ်ယောက် ထွက်လာသည်။ လိမ္မော်နှင့် အနက်ကွက်မှာ ကော်လံအဖြူဝိုင်းလေးပါသော ဂါဝန်မပွမကျပ်လေးကို ဝတ်ကာ လျှောက်လာသူက သူမျှော်လင့်သော ခြိမ့်ခြိမ့်သဲဖြစ်နေတာမို့ စည်သူက ပျော်သွားလေသည်။

"ရွတ်…ခြိမ့်သဲ"

တံခါးဘဲလ်ကိုပင် မတီးဘဲ ဝမ်းသာအားရ လှမ်းခေါ်မိသည်။

စတိုင်လ်ဘောင်းဘီ ရေညှိစိမ်းရင့်ရင့်မှောင်မှောင်နှင့် အပေါ်က ဒေါ်နစိမ်းဖျော့ဖျော့ ရှပ်အင်္ကျီကို လက်ရှည်ချဝတ်ထားသော သူ့သဏ္ဌာန်ဟာ သံပန်းကြားကမြင်ရတာပင် သားနားခန့်ညားနေပါသည်။

နံနက်စောစော သူ ဒီကိုရောက်လာတာကို ခြိမ့်သဲ ယုံပင်



www.burmeseclassic.com

www.burmeseclassic.com



မယ်။

လာလည်ပါရစေလို့ ခွင့်တောင်းထားပေမဲ့ ဒီလောက် ချက်ချင်းကြီး ရောက်လာလိမ့်မည်ဟု မထင်ခဲ့။

ခြိမ့်သဲက ဒီမနက် အိမ်မှာမြီးရှည်ချက်သဖြင့် ဆရာမတို့ အိမ်အတွက် လေးဆင့်ချိုင့်ဖြင့် ဦးဦးဖျားဖျား လာပို့ပေးတာပါ။

ဆရာမတို့အိမ်က အကြီးဒေါ်လုံးက ချိုင့်ကို တစ်ခါတည်း ပြန်လှယ်ပေးလိုက်သဖြင့် လက်ထဲမှာ မယ်လမင်းချိုင့်လေးဆွဲလျက် က ခြံတံခါးဝဆီ လျှောက်လာသည်။

"သြော်…ကိုစည်သူ ခဏနေဦးနော်၊ သော့ယူလိုက်ဦး မယ်"

"အိုကေ"

သူ့ကိုလက်ပြလျက် ခြိမ့်သဲက ဒီဖက်အိမ်ကလေးဆီ တက်လာသည်။

"ယွန်းနီရေ ဧည့်သည်ဟေ့"

သော့ဖြုတ်ရင်း သတင်းပေးအော်ပြောလိုက်ပေမဲ့ ယွန်းနီ ကိုမတွေ့။ ရေချိုးခန်းထဲ ရောက်နေပုံရသည်။





ခြိမ့်သဲက ခြံတံခါးသော့ကိုကိုင်ပြီး လှစ်ခနဲ ပြန်ထွက်လာ ၏။

စည်သူက ခပ်ပြုံးပြုံး ရပ်စောင့်နေသည်။

ခြိမ့်သဲက ဝင်းတံခါးကို ဖွင့်လိုက်ရင်း…

"ကားအထဲမသွင်းဘူးလား"

"ရတယ် ခြိမ့်သဲ၊ နေပါစေ"

သူက ကားကို ခြံပြင်မှာပဲ ဘေးကပ်ရပ်ထားခဲ့ပြီးသားမို့ ခြိမ့်သဲနှင့်အတူ လျှောက်ဝင်လာပါသည်။

"လာသာလာခဲ့ရတယ်ဗျာ၊ ညီမတို့ အိပ်ရာမှ နိုးပါဦး မလားလို့"

"နိုးပါတယ်၊ ခြောက်နာရီလောက်ကတည်းက နိုးတာ"

"အပြင်ထွက်သွားမှာလည်းစိုးလို့ စောစောစီးစီးလာခဲ့ တာ"

"လာပါ အိမ်ပေါ်တက်ပါဦး၊ ဒီဘက်ကအိမ်လေးက ခြိမ့်သဲတို့နေတာ"

"ခြိမ့်သဲကို တန်းပြီးတွေ့လို့ ပျော်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို တော်တော်ရှာရသေးလား"

"ဟိုဖက်လမ်းမှားဝင်သွားသေးတယ်၊ ဟား ဟား"

သူ့အသံက ကြည်နူးရွှင်ပျနေ၏။

ခြိမ့်သဲနှင့်အတူ လှေကားပေါ်လှမ်းတက် အိမ်ထဲဝင်ထိုင်လိုက်ရတာကိုပင် ကျေနပ်နှစ်သိမ့်နေပုံ။

"ထိုင်ဦးနော်၊ ဒီမနက် မြီးရှည်ချက်စားတာနဲ့ အတော်ပဲ"

"ဟာဗျာ...အားနာစရာကြီး"

"ညီမတို့ရော ဘရိတ်ဖတ်စ်စားပြီးပြီလား၊ ကျွန်တော်တစ်ယောက်တည်း ညှော့သည်လိုစားရမှာ ဖျင်းစရာကြီး"

"သြော်...အဲဒီလိုဆိုလည်း အတူတူစားတာပေါ့၊ ထမင်းစားခန်းဘက်ကြွပါရှင်"

ထမင်းစားခန်းဆိုတာက အမှန်တော့ စည့်ခန်းနှင့်တစ်ဆက်တည်းပါ။ အကန့်လေးတစ်ခုသာခြားပြီး ဇာလိုက်ကာအဝါနုလေးကာထားရုံသာ။

မိန်းကလေးနှစ်ယောက်တည်းသာနေသော အိမ်ကလေးသို့အလည်ရောက်လာတာ စည်သူမျက်နှာပူသော်လည်း မတတ်နိုင်ပါ။





ခြိမ့်သဲဘဝထဲထိ တိုးဝင်ချင်လောက်အောင် သူ့ဖက်က စိတ်ဝင်စားမိနေပြီလေ။

သူကလေးရဲ့ အိမ်ဂေဟာကို ဝင်ထွက်ခွင့်ရသူဖြစ်ချင်သည်။ တရင်းတနှီး ပတ်သက်ခွင့်လည်း ရချင်သည်မဟုတ်လား။

"ကျွန်တော်က ရတနာပစ္စည်း ပုံစံအသစ်ကလေးတွေရောက်လို့ ညီမတို့ကြည့်ချင်မလားလို့ လာပြတာပါ၊ ဒီဖက်နားကသူငယ်ချင်းအိမ်လည်းလာစရာ ကိစ္စရှိနေတာနှင့် တစ်ဆက်တည်းဝင်လိုက်တာ"

ယုံယုံမယုံယုံ့ သူကအကြောင်းပြလိုက်ပါသည်။

မိန်းကလေးတစ်ယောက်ကို စတင်ပိုးပန်းချင်ပြီဆိုတော့လည်း ဉာဏ်နီဉာဏ်နက်သုံးရတာပဲလေ။

ဖောရိန်းနားအကြိုက် ဒီဇိုင်းသစ်ကလေးတွေ ရောက်တုန်းဆိုင်ကနေ ယူလာတဲ့ ပစ္စည်းဗူးကို စည်သူက စားပွဲပေါ် ဖွင့်ချပြသည်။

အမှန်တော့ သူတစ်ခါမှ ဒီလိုအိမ်တိုင်ရာရောက် ပစ္စည်းလိုက်မပြဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ စေတနာတွေက ပေါက်လို့ ပန္နည်းသန့်လေးတွေ ထည့်ယူလာခဲ့တာ။

ရေချိုးခန်းထဲက ထွက်လာသော ယွန်းနီက အပြင်မှ စကားတွေကြောင့် မျက်ခုံလေးပင့်သွားရသည်။

ခြိမ့်သဲ ညွှန့်သည်လို့အော်တော့ ခါတိုင်းလိုပဲ ဂျာဒ်ရှိန် ရောက်လာတယ်ပဲ ထင်မိတာ။

အခုတော့ ကိုရွှေညွှန့်သည်က စည်သူဖြစ်နေတာကိုး။

အင်း…ထင်တဲ့အတိုင်းပဲ။

ကိုစည်သူတို့ကတော့ ခြေလှမ်းခပ်သွက်သွက်ပါလား။ တွေ့တာ တစ်ရက်ခြားမှာ အိမ်ကိုရောက်လာပြီ။

ယွန်းနီက အင်္ကျီနေ့မနက်ပိုင်း သင်တန်းသွားစရာရှိလို့ စောစောပြင်ဆင်နေတာ။

ခြိမ့်သဲနဲ့ ကိုရွှေညွှန့်သည်နဲ့တော့ နှစ်ပါးသွားကရပြီပေါ့။

ယွန်းနီမျက်နှာက ပြုံးစိစိလေးလည်း ဖြစ်လာပါသည်။

သူမအဝတ်အစားလဲပြီး ထွက်လာတော့ ထမင်းစားပွဲမှာ ဖွင့်ချထားတဲ့ လက်ဝတ်ရတနာဗူးတွေတွေ့ပြီး အရမ်းစိတ်ဝင်စား





သွားရသည်။

ဆရာမများ မှာထားလို့လားထင်ပေမဲ့ ကိုစည်သူက ခြိမ့်သဲနဲ့ ယွန်းနီတို့ကြည့်ဖို့ ယူလာတာဆိုပဲ။

မိန်းကလေးပီပီ လက်စွပ်လေးစွပ်ကြည့်၊ လော့ကက်လေး ကပ်ကြည့်နှင့် သဘောတွေကျသွားရပါသည်။

ဘလူးတိုးဇတ်စ်ခေါ် ကျောက်အပြာကြည်ကြည်လေး တွေကို စိန်ပွင့်လေးတွေနှင့် အနားကွပ်ထားတာများ လိုချင်စရာ။

ပတ္တမြားမှုန်မှုန် အရည်ကောင်းကောင်းလေးတွေကို အင်္ဂလိပ်စာလုံး ပုံဖော်ထားတာကလည်း မျက်စိကျစရာ။

"ငါက ဝိုင်စာလုံးလေး၊ ပိုလှတယ်တွေ့လား"

ယွန်းနီက ဝိုင်စာလုံးအနီရဲလေးကို လက်ကမချချင်။ သူ့ရဲ့ ဝိုင်ပုံလေးက ယွန်းနီအကြိုက်။ စာလုံးက သိပ်လည်းမကြီး၊ ပြီးတော့ ကပ်ထားတဲ့ ပတ္တမြားပွင့်သေးသေးမှုန်မှုန်လေးက တအား အရည်ကောင်းတော့ ဖိတ်ဖိတ်ထနေတာ။ ကြက်သွေးရောင် ပတ္တမြားအရင့်။ ဒါမျိုးအပွင့်ကြီးရင် ဝယ်နိုင်မှာလည်းမဟုတ်။ အခုက အမှုန်အမွှားလေးတွေမို့လို့။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိရွှေဆွဲကြိုးလေးထဲ ထည့်ဆွဲရင်အတော်ပင်။

ပိုက်ဆံကလည်း တစ်သိန်းခွန်းခွန်းဆိုတော့ မဆိုးလှ။ ကိုစည်သူက အမြတ်မတင်ဘဲ အရင်းတိုင်းဟု ပြောသည်။

ဟုတ်မှာပဲ။

"ကြိုက်တာရှိရင် ယူထားပါ၊ ရပါတယ်၊ ပိုက်ဆံနောက်မှပေး၊ ကိစ္စမရှိဘူး"

"ဟေး...တကယ်နောက်မှနော်၊ တစ်လဆိုင်းလား၊ တစ်နှစ်ဆိုင်းလား အရစ်ကျလား"

ယွန်းနီက ခပ်နောက်နောက်မေး၏။

ခြိမ့်သဲက ချင့်ချိန်နေပေမဲ့ ယွန်းနီကတော့ သိပ်မစဉ်းစား။ ပိုက်ဆံလည်း ချက်ချင်းရှင်းရမှာမဟုတ်တော့ ယူလိုက်ရုံပဲပေါ့။ ဘာတွေဝေစရာရှိလဲ။

သူတို့သည် မြီးရှည်အတူစားကြ၊ ရတနာပစ္စည်းတွေ ရွေးကြနှင့် တစ်ထိုင်တည်းမှာပင် အတော်ရင်းနှီးကျွမ်းဝင်သွားကြသည်။

ခြိမ့်သဲအပေါ်ထားတဲ့ သူ့စေတနာကို ယွန်းနီကတော့





မြင်နေပါပြီ။ ဂုဏ်ရှိန်ကြောင့်တော့ မျက်ခုံးလည်း လှုပ်ရပါသေး၏။

ခြိမ့်သဲလည်း ရိပ်မိမှာပါ။

ရတနာဆိုင်ပိုင်ရှင် သူဌေးသား ပညာတတ် ရုပ်ချော သဘောကောင်းလေးပဲဟာ။ အပေါ်ယံကြည့်ရင်တော့ အချက်အလက်တွေက မဆိုးပါဘူး။

မျိုးရိုးတို့ အကျင့်စာရိတ္တတို့လည်း ပြောစရာမရှိဘူးဆိုရင် ကိုစည်သူဟာ ခြိမ့်သဲစဉ်းစားလောက်တဲ့သူပင်။

သူ့ပုံစံကလည်း ခြိမ့်သဲအပေါ် တော်ရုံစိတ်ဝင်စားတာမကဘူးလေ။

ကြည့်တာနဲ့တင် သိသာနေတာပဲ။

ဒီရွှေစွန်ညို ဘာလို့ဝဲလာသလဲ အထူးပင်ပြောစရာမလို။

"ငါတော့ ဒီလော့ကက်လေး ယူလိုက်ပြီခြိမ့်ရေ၊ ပိုက်ဆံကတော့ လခထုတ်မှပဲပေးမယ်၊ ရတယ်နော် ကိုစည်သူ"

"ဟာ...ရပါတယ်၊ ယူထားပါ"

ယွန်းနီက ပွင့်ပွင့်လင်းလင်းသဘောအားဖြင့် စည်သူနှင့် တခဏ



www.burmeseclassic.com

www.burmeseclassic.com



ချင်း ရင်းနှီးသွားပါသည်။

ခြိမ့်သဲကတော့ အားတုံ့အားနာ။

မျက်လွှာလေးစင်းချကာ ဖြူနုသောလက်ချောင်းလေးတွေကိုကော့လျက် သူပေးသော လက်စွပ်တွေကို တစ်ကွင်းပြီးတစ်ကွင်း စွပ်ကြည့်နေရတာ သူလည်း မော်ဒယ်လ်ကျနေတာပါပဲ။

"ဟာ အဲဒါလေးနဲ့ အရမ်းလိုက်တယ်ဗျာ၊ နော် ယွန်းနီ၊ ဟုတ်တယ်မို့လား"

တကယ်လည်း ဖော့ဖယောင်းလေးလို နူးညံ့သွယ်ပျောင်းနေတဲ့ လက်ချောင်းအိအိလေးတွေဟာ ဘာအရောင်၊ ဘာပုံစံနဲ့ဖြစ်ဖြစ် လိုက်ဖက်ကြည့်လို့ကောင်းနေတာပါပဲ။

စည်သူသည် ဖြစ်များဖြစ်နိုင်လျှင် ဤမျှလှပကော့ညွတ်သော လက်ချောင်းဖြူနုနုလေးတွေကို ဆုပ်ကိုင်ထိတွေ့ချင်မိသည်။

ပြီးတော့ ညာဖက်လက်သူကြွယ်လေးမှာ အထိမ်းအမှတ်လက်စွပ်လေးတစ်ခုကို ကိုယ်တိုင်ဝတ်ပေးခွင့်လည်း ကြုံချင်ပါသေးသည်။

ဤစိတ်ကူးကို အကောင်အထည်ဖော်ဖို့အတွက် ပထမ





...း ခြေလှမ်းကို သူစတင်လှမ်းခဲ့တာ။

သူ ငေးနေမိဆဲမှာ။

"ဟယ်…ကိုးနာရီတောင်ရှိပြီ၊ ယွန်းနီ သင်တန်းသွားရ ...မယ်၊ ဒါတွေမြင်လို့ မေ့နေတာ၊ ဟဲ ဟဲ"

ယွန်းနီက ခုမှ အလူးအလဲ ထရပ်လိုက်ပါ၏။

"ကဲ ကိုစည်သူရေ အေးအေးဆေးဆေးနေဦး၊ ယွန်းနီ ...ာ့ လစ်တော့မယ်၊ ဒီမှာနော် ဒါလေးတစ်ခုပဲယူထားတာ၊ လခ ...ုတ်မှ ပေးမှာနော်"

"ဟုတ်ကဲ့ပါဗျာ"

ယွန်းနီက ပြောပြောဆိုဆို အပြင်ထွက်ဖို့ ပျာပျာသလဲ ...င်ဆင်ကာ ကမန်းကတန်းပဲ ထွက်သွားပါသည်။

"သူကရော ဘာအလုပ်လုပ်တာလဲဗျ"

အခုမှ ကိုစည်သူက မေး၏။

"နာ့စ်အကူသင်တန်းမှာ ဆရာမလေ၊ သူကလည်း နိုင်ငံ ...းထွက်ချင်နေတာ၊ ဖောရိန်းရူးထဲမှာ ယွန်းနီလည်းပါတယ်"

"ဟား…ဟား ကျွန်တော်လည်း ဘာထူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကတော့ ပင်လယ်ပျော်မင်းသားကြီး ဖြစ်ချင်တာ..."

"ဟုတ်တယ်ဗျာ၊ ဒါပေမဲ့ အခုတော့လည်း စိတ်ပြော... ချင်လာပြီ"

စည်သူက သူမထံ မထိတထိလေးကြည့်လျှက် စကား... လိုက်စဉ်မှာ

"ဟိတ်...ကောင်မလေးနှစ်ယောက်"

နှုတ်ကအသံပြုရင်း စေ့ထားသောမှန်တံခါးကို ဖျတ်... တွန်းဖွင့်လိုက်သူတစ်ယောက်။

"ခြိမ့်သဲ...ယွန်းနီ"

ဂုဏ်ရှိန်သည် ခါတိုင်းလိုပဲ အော်ကျယ်ကျယ်ခေါ်... အိမ်ထဲဝင်ဖို့ ခြေလှမ်းပြင်လိုက်၏။

ဧည့်ခန်းကဆက်တီမှာ အတူရှိနေသူနှစ်ဦးကို ဖြင်... အမြင်မှာ ဂုဏ်ရှိန် ရုတ်တရက် ခြေလှမ်းတုံ့ အံ့အားသင့်သွာ... သည်။

နံနက်အစောကြီးမှာပင် မထင်မှတ်သောဧည့်သည်... ရောက်နေပါလား။





သူ့ထက်ပင် ဦးအောင် အရင်ရောက်နေသူကိုကြည့်ရင်း ဂုဏ်ရှိန်မျက်နှာက ကွက်ခနဲပျက်သွားရသည်။

မျက်ခုံးကိုစုံပင့်ကာ...

"ကိုစည်သူပါလား၊ ဘယ်ကနေ မျက်စိလည်လာတာလဲဗျ"

"ဒီလိုပါပဲ၊ ခြိမ့်သဲတို့ကို ပစ္စည်းဒီဇိုင်းအသစ်လေးတွေ လာပြရင်း ရောက်လာတာပါ"

စည်သူကလည်း ရှက်ကိုးရှက်ကန်း အကြောင်းပြလိုက်သည်။

"သြော်...ဒီလိုလား၊ ကိုစည်သူက ကတ်စတန်မာအသစ်တွေကိုကျ တယ်မျက်နှာလိုက်ပါလားဗျ၊ အိမ်တိုင်ရာရောက်ကို ဝန်ဆောင်မှုပေးတယ်ဆိုပါတော့၊ ကျွန်တော့်အစ်မဆီတောင် အရင်ဝင်မလာဘူး"

"ဟာ...အဲလိုမဟုတ်ပါဘူး၊ နည်းနည်းစောနေလို့ အားနာလို့ပါ၊ ပြီးတော့ ခြိမ့်သဲကိုလည်း ခြံထဲမှာလှမ်းတွေ့လိုက်တာနဲ့ ဒီဖက်အိမ် အရင်ရောက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရှိန် ခပ်တည်တည် ပြစ်ချက်ထောက်တာမို့ မျက်နှာ
စိမ်းဖြစ်တဲ့ စည်သူက ကမန်းကတန်း ဖြေရှင်းစကားဆိုရသည်။

ခြိမ့်သဲသည် ဂုဏ်ရှိန့်လေသံနှင့် မျက်နှာထားကို အနည်း
ငယ် အမြင်ကပ်သွားရ၏။

စည့်သည်တစ်ယောက်ကို မလိုလားတဲ့ ဟန်မူယာမျိုးပင်

စည်သူကို သူမနှစ်မြို့တာသည် ခပ်တင်းတင်း သူ့မျက်နှာ
ထားမှာ ပေါ်လွင်နေသည်။

"အေးဗျာ...မမအင်ကြင်းလည်း အိမ်မှာရှိတော့ အဆော
ပဲပေါ့"

"ဟုတ်လား၊ ဒါဆို ကျွန်တော်သွားလိုက်ဦးမယ်"

ဂုဏ်ရှိန်သည် ဘာဘာညာညာ မစဉ်းစားဘဲ စည်သူ့
အမြန်ဆုံး ပထုတ်လိုက်သည်။

စည်သူက သူ့ရတနာဗူးတွေ သူကောက်ထုပ်သိမ်းဆည်း
ပြီး ခြိမ့်သဲကို နှုတ်ဆက်ကာ ဟိုဘက်တိုက်ထဲသို့ ဝင်ရောက်ပျောက်
ကွယ်သွားပါသည်။

ခြိမ့်သဲနှင့် ကြာကြာစကားပြောဖို့ ရည်ရွယ်ပေမယ့်

အခွင့်အရေးကို ဂုဏ်ရှိန်က မပေး။

ယောကျ်ားချင်းမို့ ဘာသဘောလဲသိတော့ အောင့်သီး
အောင့်သက်ဖြစ်ရသည်။

ဂုဏ်ရှိန်က စည်သူထွက်ခွာသွားလျှင် ခြိမ့်သဲမျက်နှာကို
တ်တို့စွာ ရှုတင်းတင်းစိုက်ကြည့်လိုက်ပါ၏။

"ယွန်းနီရော"

ခြိမ့်သဲကလည်း တုံးတိတိသာဖြေ၏။

"ဒါဆို အခုအိမ်မှာ နင်တစ်ယောက်တည်းပေါ့"

ခြိမ့်သဲက ဘာမှထပ်မဖြေ။

"ကျွတ်...အဲဒါများ ဟိုကောင်နဲ့နှစ်ယောက်ထဲ
စကားပြောနေရလား၊ သူ နင့်ကိုဘာထင်မလဲ"

"ဘာထင်စရာရှိလို့လဲ"

"နင်သိပ်မလွယ်ဘူးလား"

"ဘာပြောတယ်"

ခြိမ့်သဲ ဆတ်ခနဲဖြစ်သွားရသည်။ ဒါ သူမကို တမင်
တ်သက် စော်ကားမော်ကား မခံချင်အောင်ပြောနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတစ်ယောက်ကို သိတာ ဘာမှမကြာသေးဘဲ အဲလောက်အခွင့်အရေးမပေးရဘူးဟ"

"ဘာအခွင့်အရေးလဲ၊ သူ ရတနာပစ္စည်းလာပြလို့ ကြည့် နေတာပဲ"

"အဲဒါက ဘမ်းပြတာပါ၊ ခြိမ့်သဲ မသိဘူးလား"

"နင်ကရော ဘာဖြစ်နေတာလဲ၊ ဘမ်းပြတယ်ပြော အောင် သူ့မှာ ဘာရည်ရွယ်ချက်ရှိသေးလို့လဲ"

"သူ နင့်အပေါ်မရိုးသားဘူးကွ၊ နားလည်ရဲ့လား"

"မရိုးသားဘူးဆိုရင်ရော ဘာဖြစ်လဲ၊ ဒါ ခြိမ့်သဲကိစ္စပဲ"

"ဘာ နင်က ဒီကောင့်ကို ကြိုက်နေတာလား"

ဂုဏ်ရှိန် သူမအနားသို့ စိတ်လိုက်မာန်ပါ တိုးကပ်သွား ၏။

ကြည့်ဦးလေကွာ ဒီလိုပမာမခန့် အေးတိအေးစက်လေ မျက်လုံးမှေးစင်းကြည့်တာကိုပဲ ဂုဏ်ရှိန့်ရင်ထဲ ပေါက်ကွဲရတာ

"ပြောစမ်းပါ၊ သူ့ကိုကြိုက်နေလား"

ရုတ်တရက် ဂုဏ်ရှိန်က သူမပခုံးနှစ်ဖက်ကို ဆုပ်ကို





ရမ်းပစ်လိုက်မိ၏။

"ကြိုက်တယ်ဆိုရင်ရော ဂုဏ်နဲ့ဘာဆိုင်သလဲ၊ ငါ့လက် လွှတ်"

"မလွှတ်ဘူး၊ ဒီကောင့်ကို နင်လက်မခံရဘူး၊ နင့်နားမှာ ကိုလုံးဝမမြင်ချင်ဘူး"

"အို…နင်က ဘာဆိုင်လို့ အမိန့်ပေးရမှာလဲ"

ခြိမ့်သဲလည်း စိတ်တိုသွားရ၏။

ဂုဏ်ရှိန်က သူမမျက်လုံးထဲ စူးနစ်စွာ ခပ်ပြင်းပြင်းစိုက် ကြည့်နေမိ၏။

မသိဘူးလား၊ ဘာဆိုင်သလဲမသိဘူးလား။

ဒီလိုဘာကြောင့် ဝန်တိုပေါက်ကွဲရသလဲဆိုတာ နားမလည် လားကွာ။

သူ့နှလုံးသားတွေက ဆူညံမြည်ဟီးလှုပ်ရှားနေသည်။

"နင့်ကို ပိုင်ဆိုင်ချင်လို့ပေါ့၊ ဒီမှာ ခြိမ့်သဲ နင်က ဂုဏ်ရှိန် ာင်အတွက်ကလွဲရင် ဘယ်ယောက်ျားအတွက်မှ မဖြစ်စေရဘူး၊ င်နားကို ကပ်လာရင် ငါဘယ်သူ့မှ သည်းခံမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား''

''နင်ပိုင်ရအောင် ခြိမ့်သဲက အရုပ်မဟုတ်ဘူး၊ ငါ့သဘော နဲ့ငါ ဘယ်သူ့ကိုပဲချစ်ချစ်ပေါ့''

''မရဘူး၊ ငါ့ကိုပဲချစ်ရမယ်''

''မချစ်ဘူး''

''ငါကချစ်ဆိုရင် ချစ်လိုက်ကွာ၊ ဒါပဲ''

''ဟင့်အင်း၊ အဲလို ဖွတ်တရွတ်ဆို ငါမုန်းတယ်၊ လွှတ်စမ်း ဂုဏ်ရှိန်''

သူ့လက်တွင်းမှ ခြိမ့်သဲက ရုန်းထွက်သည်။

ဆတ်ဆတ်ထိမခံသော ပုံစံလေးကို ဂုဏ်ရှိန် ပိုအသည်း ယားသည်။ သူ့ကိုစိန်ခေါ်နေသလို၊ သူ့စိတ်ကို ဆွပေးသလို ဖြစ်နေ၏။

သူမပခုံးကို ခပ်ဖိဖိနှင့် ပိုမိုတင်းကျပ်အောင်ပင် ဆုပ်ကိုင် ထားမိသည်။

ခြိမ့်သဲလည်း လန့်ဖျပ်ပြီး ရင်တဒိတ်ဒိတ် တုန်သွားရ၏။ နီးကပ်နေသော သူ့မျက်နှာကို စိတ်တိုတိုနှင့်ကြည့်ရင်း





ရင်ဘတ်ကို တအားတွန်းဖယ်သည်။

သူငယ်ချင်းတွေ ဖြစ်ခဲ့တာကြာပြီ။

သူဒီလိုရဲတင်းစွာ ကိုယ့်ကို အနိုင်ပိုင်းတဖွတ်ထိုးဆန်လိမ့် မည်ဟု တစ်ခါမှ မထင်ခဲ့မိ။

''ဂုဏ်···ဖယ်စမ်းပါ၊ ငါ့လက်တွေနာပြီ''

''နင်မှ ငါ့စကားနားမထောင်တာ''

သူက စိတ်လှုပ်ရှားစွာဆိုသည်။ ပခုံးသားလေးကို ဆုပ်ထားရင်း ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်ချင်စိတ်က ဖြစ်မိ သည်။

သူမကိုယ်လုံးလေးကလည်း ရုန်းကန်လှုပ်ရှားရင်းကပင် ဂုဏ်ရှိန့်ရင်ခွင်ထဲ ရောက်လုလုဖြစ်နေသည် မဟုတ်လား။

ထွက်သက်နွေးနွေးက ခြိမ့်သဲပါးပြင်လေးဆီ ရိုက်ခတ်နေ ၏။

''နင်မှကောင်းကောင်းမပြောတဲ''

''ငါစိတ်တိုအောင်မလုပ်နဲ့''

''ဖယ်ဆိုမှ''



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုချစ်မှာလား"

"ဟင့်အင်း"

"ဘာလို့လဲ"

"နင်က ယွန်းနီကိုသဘောကျတာ"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်"

"သိပ်သဘောတူတယ်ပေါ့"

"ဟုတ်တယ်၊ သဘောတူတယ်"

"ယွန်းနီက ဘာပြောလို့လဲ"

"ဘာပြောစရာရှိမှာလဲ၊ ကိုယ်တိုင်မြင်နေတာပဲ"

"ခြိမ့်သဲ ဘာဖြစ်တာလဲ"

"နင်နဲ့တရင်းတနှီးပဲဥစ္စာ"

"ရင်းနှီးခင်မင်တိုင်း ချစ်ရမှာလား"

"ဒါပေမဲ့ နင်စိတ်ကူးပါတယ်"

"ငါ့ထက်ပိုသိလို့လား"

"နင်ရွေးချယ်နေတယ်"





"နှစ်ယောက်လုံးက ချစ်စရာကောင်းနေတယ်လေ"

"အဲလိုရွေးတာကိုပဲ မုန်းတာ"

"ငါအလကားစ,တာပါဟာ"

"မယုံဘူး၊ ခြိမ့်သဲလည်း ယှဉ်ပြိုင်ရွေးခွင့်ရှိတယ်"

"ကျွတ်…နင်ကွာ"

"ကိုစည်သူ ငါ့ကိုပရိုပို့စ်လုပ်ရင် နင်နဲ့ယှဉ်ရွေးမယ်၊ စဉ်းစားလိုက်မယ်လေ"

ခြိမ့်သဲစကားက သူ့ကို အထိနာစေသည်။

"ခြိမ့်သဲ"

"ငါ့လက်ကိုလွှတ်တော့ ဂုဏ်"

"အဖြစ်သည်းလိုက်တာ၊ မလွှတ်ဘူးကွာ၊ ဘာဖြစ်လဲ"

"မလွှတ်ရင်တွေ့မယ်၊ ကဲ"

"ဘုန်း…ဘုန်း"

ခြိမ့်သဲက သူ့ကိုထုရိုက်၏။ သူ ဂရုမစိုက်ဘဲ ပိုပြီးဖက်ပစ်လိုက်သည်။

"ဂုဏ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက လက်သည်းနှင့်ဆိတ်သည်။ ဂုဏ်ရှိန်က ပိုစ,ချင်ကာ သူမလက်ကလေးတွေ ဖမ်းချုပ်ပြီး ရင်ခွင်ထဲဆွဲသွင်းလိုက်၏။

ဂုဏ်ရှိန်က ချစ်လို့စတာပါ။ ဒါပေမဲ့ ခြိမ့်သဲက သူမကို လှော့တွက်သည်။ တန်ဖိုးမဲ့စေသည်ဟု အထင်လွဲမိသည်။

''ဟင်…ကြည့်စမ်း''

သူက မရအရ ပါးပြင်လေးကို ဖက်နမ်းပြလိုက်သည်။ ဆိုဖာပေါ်မှီလှဲချသော ပုံစံလည်းဖြစ်နေတာမို့ ရှက်ထိတ်လန့်ဖွာ ကျူးထသည်။

ဂုဏ်ရှိန်က ဖယ်မပေးဘဲ သူ့ကိုယ်နှင့် ဖိကပ်ထားတော့ ခြိမ့်သဲ သည်းမခံနိုင်တော့ဘဲ သူ့လက်မောင်းစွန်းတွေ၊ ပခုံးစပ်တွေ မိရာဖမ်းကိုက်ပစ်မိ၏။

''ကဲဟယ်…မှတ်ထား''

''အား''

ခြိမ့်သဲက တကယ်နာအောင် ဖိကိုက်သဖြင့် ဂုဏ်ရှိန် အလန့်တကြား ကိုယ်ကြီးပြန်မတ်သည်။

''ဟာကွာ…နင်ကတကယ်လုပ်တယ်''





အင်္ကျီကို ဖယ်ကြည့်တော့ ခြိမ့်သဲရဲ့သွားချွန်ရာလေးတွေ နစ်ဝင်နေတာ အကွင်းလိုက်မြင်ရ၏။

''အဲဒါမှတ်ထား၊ ဟွန်း''

သူ့အငိုက်မိတုန်း ခြိမ့်သဲက မျက်စောင်းထိုးကာ လှစ်ခနဲ ထပြေးပါသည်။

သူမအခန်းထဲပြေးဝင်ပြီး တံခါးကိုပါ ဒိုင်းခနဲဆောင့်ပိတ်သွားသဖြင့် ဂုဏ်ရှိန် ဘာမှမတတ်နိုင်။

သူမပေးသွားတဲ့ ပခုံးစွန်းက ဒဏ်ရာကိုသာ လက်နှင့် အသာပွတ်ရင်း နှုတ်ခမ်းကိုက်လျက် ရပ်ကျန်ရစ်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခြိမ့်သဲသည် ထိုနေ့က ဘာဖြစ်မှန်းမသိ အိပ်ရာပေါ်သာ ခွေနေမိ၏။

ညနေ ယွန်းနီပြန်လာတော့လည်း သိပ်စကားမပြောဖြစ်။

ယွန်းနီက ရေချိုး၊ အဝတ်အစားလဲရင်း ခုထိ ခုတင်ပေါ် ကမဆင်းတဲ့ ခြိမ့်သဲကို

"ခြိမ့် ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်နေတာလား"

"အင်း"

"ဆေးသောက်ပြီးပြီလား"

"အင်း"

"ကိုစည်သူကြီး နင့်ကို ဘာတွေပြောသွားလို့လဲ၊ ဟဲ ဟဲ"

"မပြောပါဘူး"





"ကိုစည်သူလာတာ ဂုဏ်သိသွားသေးလား"

"သိမှာပေါ့"

ခြိမ့်သဲက မျက်နှာလွှဲပြီး သေချာမဖြေ။

သင်းအကြောင်းကို ပြောကိုမပြောချင်သေး။

လူကို ဘာမှတ်နေသလဲမသိ။

သူ့ရည်းစားစကားပြောရင် မငြင်းလောက်ဘူးလို့များ တွက်ထားသလား။

ခြိမ့်သဲကလည်း သူ့တွက်ကိန်းနှင့် ပြောင်းပြန်ဖြစ်အောင် လုပ်ပြချင်သေးတာ။

"နင် ဒီနေ့ အပြင်မထွက်ဘူးလား"

"နေ့လယ် ကျူရှင်ကို သူတို့က ဖျက်လိုက်တယ်"

"ဒါဆိုအေးဆေးပေါ့၊ နင်အိပ်ချင်အိပ်ဦးလေ၊ ညစာဘာရှိလဲ၊ ဘာလုပ်ထားရမလဲ"

"ရပါတယ်၊ ယွန်းနီစားချင်တာလုပ်ပေါ့"

"ကျင်းသုပ်နဲ့ ဘူးသီးဟင်းခါးလုပ်မယ်၊ ပြီးတော့ ကြက်အူချောင်းလေးကြော်လိုက်မယ်၊ အိုကေတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

ယွန်းနီက ပြောပြောဆိုဆို အခန်းထဲကပြန်ထွက်ပြီး ရေခဲသေတ္တာသွားဖွင့်သည်။

သူ့ဟာသူ မီးဖိုခန်းထဲ အလုပ်တွေရှုပ်၊ အညှော်နံ့တွေရလာပေမဲ့ ခြိမ့်သဲက အခန်းထဲကမထွက်။

ထမင်းစားပွဲပြင်ပြီးမှ ယွန်းနီခေါ်မှ ညစာထွက်စားသည်။

ပြီးလျှင် ညဦးပိုင်း ကိုရီးယားကား ထိုင်ကြည့်မိကြပေမဲ့ ခြိမ့်သဲစိတ်တွေက ဓာတ်လမ်းထဲ အာရုံမရောက်လှပေ။

ယွန်းနီက အပြင်တစ်ခေါက်ထွက်ပြီး စာအုပ်အငှားဆိုင်သွားသေး၏။

ပြီးလျှင် ကိုးနာရီဂျာနယ်ကြည့်သည်။

ခြိမ့်သဲက တီဗီပင်မကြည့်တော့ဘဲ အိပ်ရာဝင်လိုက်၏။ အခန်းထဲမှာ အမ်ပီဖိုးပလေယာလေးနှင့် ပေါ့ပ်မြူးဇစ်သံလေးကို အေးအေးဆေးဆေး နားထောင်နေမိတာ။

တီဗီအစီအစဉ်ပြီးတော့ ယွန်းနီက မီးတွေပိတ်၊ တံခါးတွေစစ်ဆေးသည်။





ညက တိတ်ဆိတ်ငြိမ်ကျသွားလေပြီ။

အခန်းငွေးက ဝေါလ်လင့်ပ်ပြာလေးတစ်လုံးတည်းသာ ဖွင့်ထားသဖြင့် ပြာမှုန်မှုန်လေးနှင့် တိတ်နေပါသည်။

ခြိမ့်သဲက နားကြပ်လေးတပ်ကာ သီချင်းနားထောင်နေတာမို့ ယွန်းနီကလည်း သူမကို မနှောင့်ယှက်တော့ပေ။

သူမရဲ့ အိပ်ရာလေးဆီသို့သာ တန်းတန်းမတ်မတ်လှမ်းသွား၏။

နောက်မှ အိပ်ရာဝင်လာသော ယွန်းနီက ခဏအကြာမှာပဲ အသက်ရှူသံမှန်မှန်နှင့် အိပ်ပျော်သွားလေပြီ။

ခြိမ့်သဲရင်ထဲမှာတော့ မနက်ပိုင်းက အဖြစ်အပျက်ဟာ ခုထိ သွေးမအေးသေး။

ဂုဏ်ရှိန်ရဲ့ ရီဝေဝေ စူးနစ်နစ်အကြည့်တွေကို ပြန်သတိရမိသည်။

နီးနီးကပ်ကပ် နေခဲ့သော အခြေအနေကို ပြန်တွေးတိုင်း တစ်ကိုယ်လုံး ပူထူရှက်ရွံ့သလိုကြီး ဖြစ်မိ၏။

ခြိမ့်သဲသည် သူမပါးပြင်ကို လက်ချောင်းလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အသာအယာ ထိတွေ့ပွတ်သပ်ရင်း မကျေမနပ် ဇလောင်ဆူမိ၏။

နောက်သလိုလို စသလိုလိုနှင့် သူ ခြိမ့်သဲပါးကို ထိကပ်နမ်းရှိုက်သွားခဲ့သည်။

ပြီးတော့ ခြိမ့်သဲကို မလွှတ်တမ်း အတင်းအကျပ်ဖက်ထားခဲ့သည်။ ခြိမ့်သဲသာ သူ့ကိုနာအောင်မလုပ်ရင် သူသတ်ဝင်မှာကိုမဟုတ်။

ယောကျ်ားတစ်ယောက်ရဲ့ အရူးအမူး အထိအတွေ့ဟာ သူမကို ခုထိရင်တုန်မပြေစေနိုင်။

သူမရင်ထဲ တုန်လှုပ်လှိုက်ခုန်နေဆဲပါ။

ဂုဏ်ရှိန့်ကိုတွေ့ရင် ခြိမ့်သဲ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ မတွေးတတ်။

ဘာပဲဖြစ်ဖြစ် သူ့ကိုရှောင်နေဦးမည်။

ခြိမ့်သဲပေးလိုက်တဲ့ ဒဏ်ရာက အတော်နာနေမလား။

အမြင်ကပ်ကပ်ကြားကပင် စိုးရိမ်မိပါသေးသည်။

ပြီးတော့ တစ်စုံတစ်ယောက် ရိပ်မိသွားမှာ ပိုဆိုးသည်။

သူလည်း ဒီနေ့တစ်နေ့လုံး ပျောက်နေသည်။





ဘာပဲဖြစ်ဖြစ် ခြိမ့်သဲကို လွယ်လွယ်စမ်းလို့မရနိုင်ဘူးဆိုတာတော့ သူသိသွားလိမ့်မည်။

ဒီအကြောင်းတွေ ယွန်းနီကို သူပြောမလား။

ပြောချင်လည်း ပြောပါစေလေ။

ဘာတဲ့။ နှစ်ယောက်စလုံးက ချစ်စရာကောင်းတယ်တဲ့။

ဒါဟာ သူမနှလုံးသားထဲက စစ်မှန်တဲ့ ခံစားချက်ကိုဖော်ကားတဲ့စကားပဲ။

ခြိမ့်သဲသည် မခံချင်စိတ်ဖြင့် နှုတ်ခမ်းလေးတစ်ချက် မဲ့ရှုံ့မိသည်။

ယွန်းနီက သူ့အပေါ် ဘယ်လိုသဘောထားမလဲ မသိပေမဲ့ ခြိမ့်သဲကတော့ ဒီလိုမပြတ်မသား တွေဝေတဲ့ သူ့ကိုပညာပေးချင်စိတ် ပေါက်မိတာအမှန်။

ကိုစည်သူဖြင့် ခြိမ့်သဲကို ဘာမှဖွင့်မပြောရသေးဘဲ သူက ဖြစ်နေလိုက်တာများ။

သူ့အလှည့်ကျ ပြိုင်ဖက်ပင် ပေါ်မလာစေချင်။

သူကြတော့ မိန်းကလေးနှစ်ယောက်ကြား ရှုပ်ထွေးသော



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်မှုလေးဖြင့် မပီမပြင် တိုးသာဆုတ်သာနှင့် ချိန်ဆရွေးချယ်နေသည်။

ဂုဏ်ရှိန် နင်မျှော်လင့်သလို ငါ့အချစ်ကို လွယ်လွယ်နဲ့ ရမယ်မထင်နဲ့။

◆ ◆ ◆



Hey baby When we are together

Doing things that we love every time

You are near I feel like I'm in heaven,

Feeling high I don't went to let go.

girl I must need you to know girl...

မနက်ခင်းမှာ No Promises သီချင်းသံလေးနှင့် နိုးလာရ၏။

ဘယ်ကသီချင်းသံလဲ။

ခြိမ့်ခြိမ့်သဲက တစ်ချက်အဗျင်းဆန့်ရင်း ထထိုင်လိုက်ပါသည်။

ညဝတ်ဂါဝန် အသားပျော့ပျော့ ခပ်ပါးပါးအပြာနုလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာမို့ အသာဆွဲချရင်း ခုတင်ပေါ်က ဆင်းလိုက်သည်။

ဟင်း…အပြင်မှာ စကားသံလည်းကြားနေတာပဲ။

ဝရန်တာဆီမှ မသဲမကွဲစကားသံတို့က အခန်းထဲထိ ပျံ့လွှင့်နေသည်။

ဟော့တော့ ဂုဏ်ရှိန် ရောက်နေပြီလား။

ခြိမ့်သဲသည် အပြင်ထွက်ဖို့ ခြေလှမ်းလေးတုန့်ကာ တွေဝေသွားရ၏။

"ဂုဏ် နေဦး၊ ခြိမ့်သဲနိုးပြီထင်တယ်၊ ကြည့်လိုက်ဦးမယ်"

ယွန်းနီအိမ်က ဝရန်တာကနေ အထဲဖက်သို့ဝင်လာသည်။

ခြိမ့်သဲသည် အိပ်ရာပေါ် ကမန်းကတန်း ပြန်လှဲချလိုက်မိ၏။

မျက်လုံးကို တင်းတင်းမှိတ်လိုက်စဉ် တံခါးတွန်းဖွင့်သံနှင့်အတူ

"ခြိမ့်သဲရေ နိုးပြီမို့လား၊ ထ ထ"

"အင်း"





"အိပ်ပုတ်မနေနဲ့လေ၊ ခုနစ်နာရီတောင်ထိုးတော့မှာ"

"ဟုတ်လား၊ အိပ်လို့ကောင်းနေတာ"

"အပြင်မှာ ဂုဏ်တောင်ရောက်နေပြီ"

ဂုဏ်ရှိန်ရောက်နေပြီဆိုတော့ ရင်ထဲထိတ်ခနဲခုန်ရ၏။

"ယွန်းနီတို့ အပြင်သွားမလို့လား"

"အင်းပေါ့၊ ဘရိတ်ဖတ်စ်သွားစားမယ်လေ၊ မြန်မြန်လုပ်"

"နင်ပဲလိုက်သွားတော့ ယွန်း"

"ဟင်…ဘာဖြစ်လို့လဲ"

"ငါအိပ်ချင်သေးတယ်"

"ဟာ…မရဘူးကွာ၊ ထတော့"

ယွန်းနီက သူမကိုလာဆွဲထူဟန်ပြင်သည်။

ခြိမ့်သဲက ပေကပ်ကပ်နှင့် ဆွဲထူမရ။

သူမ ဂုဏ်နဲ့မတွေ့ချင်။

မျက်နှာချင်းဆိုင်ရမှာလည်း မျက်နှာပူနေမိသည်။

အိပ်ရာနိုးတယ်ဆို သူ ဒီဖက်ကိုရောက်နေမယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မထင်တော့ ကြိုတင်ပြင်ဆင်မှုလည်းမရှိ။

"နင်တို့ပဲသွားစမ်းပါဟယ်"

"နင့်ကိုစောင့်နေတဲ့ဥစ္စာ"

"ငါဘာမှမစားချင်ဘူး ယွန်းနီရဲ့"

"ဟင် ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ယွန်းနီက သူမနဖူးကို ဖျတ်ခနဲ စမ်းလိုက်၏။

"ကောင်းပါတယ်၊ ဖျားတာမဟုတ်ဘူး"

"မဖျားရင်လည်းလိုက်ခဲ့ဟာ"

"ဟိုဟာလေ ငါနည်းနည်းဗိုက်အောင့်နေလို့ ယွန်းနီရဲ့ ဂုဏ်မေးရင် အိပ်နေတယ်ပဲပြောလိုက်"

"ခြိမ့်သဲက လုပ်ပြီကွာ"

"အပြန် ငါ့ဖို့ မုန့်တစ်ခုခုဝယ်လာခဲ့ပေါ့"

"ကဲ ဒါဆိုလည်းပြီးရော၊ ငါနဲ့ဂုဏ်နဲ့ပဲသွားရမှာပေါ့ ငါက သူနဲ့နှစ်ယောက်တည်း သိပ်သွားချင်တာမဟုတ်ဘူး"

"အံမယ် ဘာဖြစ်လို့"

ခြိမ့်သဲက မျက်ခုံးလေးပင့်ကာ ပြန်စလိုက်၏။





"အမြဲတမ်း သုံးယောက်သွားနေကျဟာကို"

"တစ်ခါတလေပဲဟယ်"

ယွန်းနီက တံခါးကို အသာလေးစေ့ပိတ်ပြီး ဝရန်တာကနေ နားစွင့်စောင့်စားနေပုံပေါ်တဲ့ ဂုဏ်ရှိန်ကို

"သူစောင့်ရင်မောတယ် ဂုဏ်ရေ"

"အိပ်တုန်းလား"

"ဟုတ်ပါ့၊ နှိုးလို့ကိုမထဘူး"

ဂုဏ်ရှိန်က စိတ်ပျက်လက်ပျက် သက်ပြင်းရှိုက်မိသည်။

သူထင်တော့ထင်သားပဲ။

ခြိမ့်သဲ သူ့ကို တမင်ရှောင်နေတာ သဘောပေါက်သည်။

မနေ့က သူ့အပြုအမူကို စိတ်ဆိုးသွားတာသေချာသည်။

ဂုဏ်ရှိန်က ချစ်သူပေးတဲ့ဒဏ်ရာကို လက်နှင့်အသာအုပ်ကိုင်ရင်း သူမကို စွဲလမ်းနှစ်သက်မိတာ ပိုလို့သေချာသွားရ၏။

မင်းဘယ်အထိ ပုန်းရှောင်နေနိုင်မှာလဲ ခြိမ့်သဲရာ။

တွေ့ရင်တော့ တောင်းပန်စကားတစ်ခွန်းလောက် ပြောမလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုဘဲ နမ်းခဲ့မိတာ ငါ့အပြစ်ပါ။

သဘောကောင်းတဲ့ နင်က ငါ့ကိုခွင့်လွှတ်မယ်လို့ ငါထင်ပါတယ်။

တကယ်ဆိုရင် ငါ့ကိုယ်ငါ သေချာမသိဘဲ နင့်ကို နက်နက်ရှိုင်းရှိုင်း ငြိတွယ်နေမိတာယုံပါဟာ။

ဂုဏ်ရှိန်ရောင်သည် ရင်ထဲက တမ်းတသူလေးထံ အတွေးနှင့် စကားပြောနေမိပေမဲ့ သူ့ခြေလှမ်းတွေကတော့ ယွန်းနီနှင့်အတူ ကားဆီ လှမ်းလာမိရဲ့သား။

ခြိမ့်သဲသည် သူတို့နှစ်ယောက်ကို ပြတင်းနောက်ကွယ်မှ အသာကလေး ချောင်းကြည့်နေမိ၏။

ဂုဏ်ရှိန်က စတိုင်လ်ပင်နီ အနက်ရောင်နှင့် မီးခိုးရောင် ဆွယ်တာလက်ရှည်ကို ဝတ်ထားပြီး ယွန်းနီက စကာဒ်အရှည် တစ်ဖြောင့်တည်း နက်ပြာနှင့် ဂျင်းဂျာကင် အပြာနုလေးကို ဝတ်ထားသည်။

ယွန်းနီက သိပ်အရပ်မမြင့်ပေမဲ့ ဂုဏ်နှင့်ယှဉ်လျှောက်သွားတာကြည့်လို့ လိုက်ဖက်ပါသည်။





သူတို့ကျောပြင်လေးတွေကို ခပ်ငေးငေးကြည့်ရင်း သူနဲ့ ယွန်းနီအတွဲညီညီ ချစ်ကြိုက်သွားကြရင်ရောဟု တွေးနေမိသည်။

သူမနှလုံးသားမှာ ဝမ်းနည်းဆွေးနင့်သွားမိမှာလား။

ဟင့်အင်း…ခံစားမနေပါဘူး။

ထိခိုက်ခံစားနေရင် ကိုယ်ပဲရှုံးမှာပေါ့။

သူ့မှာလည်း သူ့အခွင့်အရေးအပြည့်နဲ့ သူရှိသလို ခြိမ့်သဲလည်း ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်မှာပဲပေါ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ရက်မှာလည်း ဂုဏ်ရှိန်က ခြိမ့်ခြိမ့်သဲကို တွေ့ဆုံစကားပြောဖို့ ကြိုးစားပါသေးသည်။

သို့သော် ခြိမ့်သဲက သူ့ကိုအတွေ့မခံ။ အိမ်ထဲကနေထွက်ကိုမလာ။

စိတ်ဆိုးမပြေသေးဘူးလား။

ခုထိ သူ့ကိုသွေးအေးစွာ မခေါ်မပြောနိုင်သလို ပုံစံဖြစ်နေတော့ ဂုဏ်ရှိန် စိတ်အနှောင့်အယှက်ဖြစ်နေရသည်။

သူကလည်း အဲလိုပုန်းနေလေ စိတ်ထဲပိုတွေ့ချင်လေမို့

“ယွန်းနီ ခြိမ့်သဲရော”

“အခန်းထဲမှာလေ”

“သူဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား”

“ဟုတ်မှာပေါ့”





ယွန်းနီသည် ခြိမ့်သဲ တမင်ရှောင်နေတာကို ရိပ်မိလာပါသည်။

ဘာကြောင့်လဲဆိုတာကိုတော့ ခြိမ့်သဲကမပြောသဖြင့် ယွန်းနီလည်း အတင်းအကြပ်မမေး။

သူတို့တစ်ခုခု ပြဿနာတက်ထားတာ ဖြစ်လိမ့်မည်။

အခုနလေးတင် ဒီဧည့်ခန်းမှာ ခြိမ့်သဲရှိနေသေးသည်။

နှင်းဆီအနီရဲလေးတွေနှင့် ဂန္ဓမာယန်းအဖြူလေးတွေကို ပန်းအိုးပုပြားပြားလေးထဲ စိတ်ရှည်ရှည်ထိုးစိုက်ပြုပြင်နေရင်းက လှစ်ခနဲပျောက်သွားတာ။

ဂုဏ်လာတာသိလို့ ယွန်းရေ တံခါးဖွင့်လို့တောင် သူ့အိမ်ထဲက လှမ်းအော်ခဲ့သေးတာပဲ။

ယွန်းနီက ပင့်သက်ကလေး ခိုးရှိုက်မိရင်း...

“ဂုဏ်နဲ့ခြိမ့်သဲ ဘာဖြစ်လို့လဲ”

သူမမေးခွန်းကြောင့် ဂုဏ်ရှိန် ဆတ်ခနဲဖြစ်သွားပြီး

“မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ”

“မသိပါဘူး၊ ခြိမ့်သဲတစ်မျိုးဖြစ်နေသလားလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဂုဏ်ရှိန် မသိယောင်ဆောင် ပြန်မေးနေသည်ဟု ယွန်းနီ ထင်မိသည်။

ဒီနှစ်ယောက်ကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ။

ဂုဏ်ရှိန်က ဆက်တီမှာ ဝင်ထိုင်ရင်း သူလက်ထဲပါလာတဲ့ ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ်တင်ပြီး

"ဒီမနက် မမကို စျေးလိုက်ပို့ရတာ၊ မမက ထောပတ်သီးတွေဝယ်လာလို့ ဒီဖက်ကိုပါ ပေးခိုင်းလိုက်တယ်"

ဂုဏ်ရှိန်က စကားလွှဲသွားပါသည်။

"ယွန်းနီ"

"ဟင်"

"မောလာတယ်လေကွာ၊ ဧည့်သည်ကို တစ်ခုခုတိုက်ဦး"

"ဘာတိုက်ရမှာလဲ"

"ထောပတ်သီးဖျော်ပေး၊ ခြိမ့်သဲလက်ရာ ပိုကောင်းတယ်၊ ခြိမ့်သဲကိုခေါ်ဟာ"





ယွန်းနီက သူ့ကိုမျက်စောင်းထိုး၏။

ဟိုက ထွက်မှမလာတဲ့ဥစ္စာကို။

သူက ခေါ်ခိုင်းချည်းနေပါလား။

"မြန်မြန်လေးလုပ်၊ ငါ့ဖို့ ချိုစိမ့်လေးဖျော်၊ ရေခဲများများနဲ့"

"ဂုဏ်သွားပြောပါလား"

"ယွန်းနီမေးကြည့်၊ သူမဖျော်ပေးနိုင်ဘူးဆိုရင် နင်ပဲဖျော်လိုက်တော့"

"ဟွန်း"

အမြင်ကပ်ကပ်နှင့် ယွန်းနီ သူ့ကို မျက်စောင်းရွယ်လိုက်သည်။ ပြီးလျှင် သူယူလာတဲ့ ထောပတ်သီးအိတ်ကို ခပ်ဆောင့်ဆောင့်ဆွဲယူခဲ့လေသည်။

ဂုဏ့်ကို တမင်ရှောင်ပုန်းနေတဲ့ ခြိမ့်သဲရဲ့သဘောကိုလည်း နားမလည်နိုင်တော့ပါဘူး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ မနက်ဆယ်နာရီလောက်မှာ ခြိမ့်သဲ ကျူရှင်တစ်ခုသွားသင်ရမှာ သူအတိအကျ သိထားသည်။

အပြင်ထွက်စရာရှိမှတော့ ပြင်ဆင်ပြီး ထွက်လာရမှာပဲလေ။

သူ စီးကရက်သောက်ရင်း ကိုးနာရီလောက်ကတည်းက ခြိမ့်သဲတို့ ဝရန်တာနား မယောင်မလည် စောင့်နေခဲ့သည်။

ခြိမ့်သဲက ရေမိုးချိုး အဝတ်အစားလဲရင်း အပြင်မှာ ဂုဏ်ရှိန်ရှိနေတာကို သတိပြုမိ၏။

အင်္ကျီလိပ်စာပိုင်းမှာ စာသွားသင်ရမှာမို့ သူမက အစိမ်းနုဖျော့ဖျော့ အထက်အောက်ဝတ်စုံလေးကိုပဲ ရိုးရိုးရှင်းရှင်း ဝတ်ထားသည်။

အင်္ကျီက ပုလဲသီးလေးတွေပါတဲ့ လက်စကရင်စေ့လေး။





ထဘီလေးက အင်္ကျီနှင့် အရောင်တူ။ အဖျားခွေလိပ်ထားတဲ့ ဆံနွယ်လေးကို ပခုံးတစ်ဖက်တစ်ချက်ဆီမှ ကျနေစေကာ နဖူးထိပ်က ဆံနွယ်တို့ကို နောက်ဖက်လှန်တင်ပြီး၍ ကလစ်ကလေးနှင့် ဖိလိုက်သည်။

နဖူးပြေပြေလေးက ရှင်းလင်းဝင်းပနေပြီး မျက်နှာကိုလည်း ခရင်မ်လိမ်းပြီး တွေးဝေးကိတ်သာရိုက်လိုက်သည်။ နှုတ်ခမ်းသားကိုတော့ ပန်းနုရောင် Lip Gloss အရည်လေးပဲ ဆိုးလိုက်သည်။

ပခုံးလွယ်အိတ် အနက်လေးကိုလွယ်။ ပင်ဆယ်လ်ဟီးဖိနပ်အမြင့်လေးကို စီးပြီးသောအခါ သူမပြင်ဆင်မှု အဆုံးသတ်လေပြီ။

အပြင်ကို အသာလေးလှမ်းကြည့်တော့ ဂုဏ်ရှိန်က မယောင်မလည် ပေကတ်စောင့်ဆိုင်းနေဆဲ။

အချိန်နောက်ကျမှာမို့ မထွက်လို့ကလည်းမဖြစ်။

အိမ်တံခါးကို သော့ခတ်ပြီးနောက် ခြိမ့်ခြိမ့်သဲက လှေကားထစ်လေးမှ ဖြေးညှင်းစွာ ဆင်းလာခဲ့၏။

တည့်တည့်လှည့်ရပ်လိုက်တဲ့ သူ့ကို မမြင်ယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



၍ ခေါင်းလေးငုံ့ကာ သွက်သွက်လှမ်းလိုက်ဆဲမှာ

"ခြိမ့်သဲ"

ဂုဏ်ရှိန်က ဖျတ်ခနဲ အနားသို့ တိုးကပ်လာ၏။

ခြိမ့်သဲ မော့ကြည့်လိုက်သည်။

မျက်ဝန်းလေးတွေက အေးစက်တည်ငြိမ်နေ၏။

"ငါ့ကို စိတ်ဆိုးနေတာလား"

သူမ ခေါင်းယမ်းလိုက်သည်။

"နင်ဘာလို့ရှောင်နေတာလဲ"

"ငါသွားစရာရှိတယ်"

"သိတယ်၊ ငါလိုက်ပို့ပေးမယ်"

"ဟင့်အင်း၊ မပို့နဲ့"

ခြိမ့်သဲက သူမရှေ့ပိတ်ကာ ရပ်နေတဲ့ ဂုဏ်ရှိန့်ကို အသာရှောင်ထွက်ပြီး ရှေ့ဆက်လှမ်းလိုက်၏။

"ခြိမ့်သဲ"

သူမ ခြေလှမ်းမရပ်။

"ခဏလောက် စကားပြောချင်တယ်"





"ဆောရီးပဲ အချိန်မရလို့ပါ"

"နေဦး…အဲလိုမလုပ်နဲ့"

ဂုဏ်ရှိန်က ပြေးလွှားပါလာ၏။

"နင်ဘာဖြစ်နေတာလဲ ဂုဏ်ရှိန်"

"ဟိုနေ့က ငါရိုင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

"အို အဲဒါတွေဘာမှလာမပြောနဲ့"

အစိမ်းနုရောင်မင်းသမီးလေးရဲ့ မျက်နှာပြင်မှာ သိသာစွာပင် နီမြန်းသွား၏။

မြန်မာဆန်ဆန်လေး ဝတ်ထားတဲ့ သူမရဲ့ သိမ်မွေ့နူးညံ့တဲ့ အလှအပက ဂုဏ်ရှိန့်နှလုံးသားကို ဆွဲဆောင်ညှို့ယူဖမ်းစားထားနိုင်၏။

မမြင်ရတဲ့ရက်ပိုင်းကလေးမှာ ခြိမ့်သဲ ပိုလှလာသလို ထင်မိသည်။

"ဂုဏ်ရှိန် နင်ဆက်မလိုက်နဲ့တော့"

"ငါလိုက်ပို့မယ်ဆိုမှဟာ"

"ဟင့်အင်း…ငါဘာသာပဲသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲက လက်မခံသဖြင့် သူလည်း ခြိမ့်သဲနားထက် ကြပ်မကွာပါလာသည်။

ခြံပြင်ထွက်ပြီး ကတ္တရာလမ်းလေးအတိုင်း ဘေးကပ် လျှောက်တော့သည်။ ဂုဏ်ရှိန်က ပြန်လှည့်မသွား။

ခြိမ့်သဲမှာ စိတ်ရှုပ်ရှုပ်နှင့် မျက်မှောင်လေးကုပ်နေမိ၏။

ဂုဏ်တစ်ယောက်ကတော့ ကျေနပ်ဖျက်အောင် ပြုံးသံနေ ရှာနေပြီ။

သူမနားက မခွာဘဲ ဖွတ်ကပ်လိုက်လာ၏။

သူများတွေ တွေ့ရင်ဘယ်လိုထင်မလဲ။

ခြိမ့်သဲ သူ့အပြုအမူကို စိတ်တိုချင်မိ၏။

"ဂုဏ် နင်ဘာလို့လိုက်လာတာလဲ၊ ပြန်တော့လေ"

"စိတ်မချလို့ပေါ့ဟာ၊ စေတနာနဲ့လိုက်ပို့ပါ့မယ်ဆိုတာ ခြိမ့်သဲကမှ လက်မခံတာ"

"နင်ပို့စရာမလိုဘူး၊ ပြန်တော့"

"ဟ...ဘာဖြစ်တာလဲ၊ ဒါစိတ်ဆိုးစရာလား"

"နောက်လည်း ဘယ်တော့မှ ငါ့နောက်မလိုက်နဲ့၊ နင်





အရမ်းစေတနာရှိနေရင် ယွန်းနီသွားရင် လိုက်ပို့ပေးလိုက်"

ခြိမ့်သဲအပြောကြောင့် သူ အံ့ဩသွားမိသည်။

မိန်းကလေးတစ်ယောက်ရဲ့ စိတ်ကိုလည်း သူနားမလည် နိုင်တော့ပါ။

ယွန်းနီဟာလည်း ခြိမ့်သဲသူငယ်ချင်းပဲမဟုတ်လား။

သုံးယောက်အတူတူ သူငယ်ချင်းဘဝတုန်းက ဘာမှမဖြစ် ပေမဲ့ အခု သူက ခြိမ့်သဲကို ချစ်ရေးဆိုထားခဲ့ပြီ။

မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုပြီးတဲ့အခါ ကျန် မိန်းကလေးတစ်ယောက်ကို သူငယ်ချင်းအဖြစ်နဲ့ ဆက်ပြီးခင်မင်လို့ မရတော့ဘူးလား။

သူမတွေးတတ်တော့ပါ။

သူ ယွန်းနီကို အရင်လို တရင်းတနှီး ပတ်သက်ခွင့်မရှိဘူး ဆိုတဲ့သဘောလား။

ခြိမ့်သဲ ဘာကို ဒီလောက်စိတ်တိုနေရတာလဲ။

မိန်းကလေးတွေရဲ့ အတွင်းစိတ်သဘောက ခန့်မှန်းရခက် လိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ့်သဲ ဘာလို့ဒေါသဖြစ်နေတာလဲ၊ ငါပြောပြီးပြီလေ ကွာ၊ ယွန်းနီအပေါ် ငါရိုးရိုးပဲ"

"နင့်ဘာသာ ရိုးရိုးဆန်းဆန်း ငါစိတ်မဝင်စားဘူး ဂုဏ်ရှိ ငါ့ကို ဆက်မနှောင့်ယှက်ပါနဲ့"

"ဘာနှောင့်ယှက်လို့လဲဟာ၊ သိပ်ကြီးကြီးကျယ်ကျယ်တွေ မပြောစမ်းပါနဲ့၊ ငါအခု နင့်ကိုဘာလုပ်လို့လဲ၊ လက်ဆွဲလို့လား"

"အေးကနေ အဲလိုလိုက်ပြောနေတာ နှောင့်ယှက်တာပဲ ပေါ့ဟဲ့"

ခြိမ့်သဲ ဘာလို့ ဒီလောက်ထိ သူ့ကို လှည့်ပြန်စေချင်သလဲ ဆိုတာ လမ်းထိပ်ရောက်မှ သူသိသွားပါသည်။

စည်သူရဲ့ 'ကင်မ်မရီကားလေးဟာ သူတို့ရဲ့လမ်းထိပ် တစ်နေရာမှာ အသင့်ရပ်စောင့်နိုင်းနေပါသည်။

ကားပြင်ထွက်ရပ်နေသော စည်သူကိုမြင်လျှင် သူ့မျက်လုံး တွေ ပြာဝေအောင်ပင် ရင်ထဲပူလောင်လှုပ်ရှားဆူပွက်သွားရသည်။

"သြော်···ခြိမ့်သဲ၊ နင့်ကို ဒီကောင်စောင့်နေတာပေါ့ ဟုတ်လား"





မြင်ကွင်းကို သူမခံမရပ်နိုင်အောင်ပင် ဖြစ်သွားရ၏။

ခြိမ့်သဲကတော့ ဣန္ဒြေရရ ခပ်တည်တည်လေးပင်။

"ဟုတ်တယ်လေ၊ ဒါကြောင့် နင်လိုက်ပို့ဖို့မလိုဘူး ပြောသားပဲ"

"တောက်"

သူက တောက်တစ်ချက်ခေါက်ပြီး ခြိမ့်သဲကို နာနာကျင်ကျင် စူးစူးရဲရဲကြည့်ပါသည်။

ခြိမ့်သဲကလည်း သူ့ကိုဂရုမစိုက်။

နှလုံးသားရေးရာမှာ ခြိမ့်သဲကို သူ လွှမ်းမိုးထားလို့မရဘူး ဆိုတာ သိစေချင်သည်။

"နေဦး ခြိမ့်ခြိမ့်သဲ"

သူက ရှေ့ကနေတားမြစ်ကာဆီးထားတာမို့ ခြိမ့်သဲ မျက်လုံးလေး ဝိုင်းသွားရသည်။

ကိုစည်သူက ဟိုဖက်ပလက်ဖောင်း ကားနံဘေးမှာ မှီရပ် နေပြီး သူနှင့်ခြိမ့်သဲက ဒီဖက်မလှမ်းမကမ်းမှာ ပဋိပက္ခဖြစ်နေတာ။

ရပ်ပျက်ဆင်းပျက်နှင့် ရှက်စရာကောင်းတာမို့ ခြိမ့်သဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ထူပူရှက်ဒေါသဖြစ်မိသည်။

ခြိမ့်သဲဂုဏ်သိက္ခာကိုတော့ သူထည့်တွက်သင့်သည်။ လမ်းလယ်ခေါင်မှာ ဒီလိုမပြုမူသင့်ပါဘူး။

"ဂုဏ်နော် ရှေ့ကဖယ်"

"သူနဲ့လိုက်မသွားရဘူး"

"ဘာရယ် ဒါ ငါ့သဘောပါ၊ နင်နဲ့ဘာဆိုင်သလဲဂုဏ်၊ နင်ဘာကြောင့် အမိန့်တွေလာပေးနေရတာလဲ"

"ဆိုင်တယ်၊ ငါခွင့်မပြုဘူး"

"ဘယ်သူက ခွင့်ပြုချက်တောင်းနေလို့လဲ"

သူ့စကားကြောင့် ခြိမ့်သဲရင်ထဲ ဒေါသခိုးတွေ မွှန်ထူပြီး ပိုတောင်အရွဲ့တိုက်ပစ်ချင်လာသည်။

"ဒီမှာ ဂုဏ်၊ ငါတစ်ခါတည်း ပြောထားလိုက်မယ်၊ ကိုစည် သူက ငါ့ရဲ့ချစ်သူပဲ"

"ဘာ"

"နင့် ရှေ့ဆက်နှောင့်ယှက်ဖို့ စိတ်မကူးနဲ့၊ ဒါပဲ"

ခြိမ့်သဲက ပြောပြောဆိုဆို သူ့နံဘေးကနေ လှစ်ခနဲ ဖြတ်





ကျော်ထွက်သွားပါသည်။

ဂုဏ်ရှိန် အံ့အားသင့်အငိုက်မိကာ ကျန်ခဲ့၏။

ခြိမ့်သဲစကားကို သူလုံးဝမယုံချင်။

ဒါပေမဲ့ ခြိမ့်သဲကတော့ သူ့ထံတစ်ချက်ကလေးပင် ပြန်လှည့်မကြည့်ဘဲ စည်သူ့ဆီ တန်းတန်းမတ်မတ် လျှောက်သွားကာ စည်သူ့ကားထဲ ခပ်အေးအေးပဲ တက်ထိုင်လိုက်ပါသွားခဲ့သည်။

ဂုဏ်ရှိန်ရောင်သည် ရင်ထဲဘာမှမရှိတော့သလို လစ်ဟာ ဝမ်းနည်းသွားမိ၏။

ခြိမ့်သဲရယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စည်သူက ဂုဏ်ရှိန့်အခြေအနေနှင့် အပြုအမူတွေကို အကဲခတ်မိသလား မပြောတတ်ပေမဲ့ ခြိမ့်သဲကိုတော့ ဘာမှဖွင့်မမေးခဲ့ပေ။

ထိုနေ့က ဝိုင်းမှာ စာသင်ရတာ ခြိမ့်သဲစိတ်မပါ။ အာရုံကို မနည်းစူးစိုက်ခဲ့ရသည်။

ဝိုင်းကျူရှင်အခန်းကအပြန်မှာလည်း ကိုစည်သူက ခြိမ့်သဲကို လာကြိုပါသည်။

ပြီးတော့ မီလျှံကွိုင်မှာ နံနက်စာအတူတူစားကြသည်။ စားသောက်ရင်း စကားပြောနေမိကြသည်မှာ နေ့လယ်သုံးနာရီကျော်ခန့် ဖြစ်သွား၏။

သူမက အိမ်ပြန်ဖို့စကားစပေမဲ့ အောင်ထိပ်စည်သူက သူမနှင့် သွားလာစားသောက်လည်ပတ်ရတာ အရမ်းတက်ကြွပျော်ရွှင်





နေသဖြင့် သူမကို ပြန်မပို့ပေးချင်သေး။

မီလျှံကွိုင်က အထွက်မှာ ကရဝိက်ဥယျာဉ်ထဲ ရောက်ခဲ့ကြပြန်သည်။

ခြိမ့်သဲသည် စိတ်တွေလေပြီး ဂုဏ်ရှိန်ကို အရှဲတိုက်ချင်နေမိတာမို့ ညနေထိ အိမ်မပြန်ဘဲ ကိုစည်သူနှင့်သာ အချိန်ဖြုန်းနေမိ၏။

နူးညံ့နွေးထွေးနေသော မျက်လုံးတွေနှင့် ကိုယ့်ကို ချစ်စနိုးစိုက်ကြည့်နေတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ညှို့ငင်မှုမှာ သူမ အလိုက်သင့်မျောပါနေမိ၏။

သူမကို ဂရုတစိုက် ကြင်နာသော အပြုအမူလေးတွေကြောင့် ညစ်ညူးနေသော စိတ်တွေဟာ ဖြေသာနေသာရှိပြီး သာယာမိသလိုလိုလည်း ဖြစ်မိသည်။

အတူသွားလာစားသောက် စကားပြောရင်း သူမတို့နှစ်ဦးကြားမှာ ရင်းနှီးကျွမ်းဝင်မှုတွေ ရှိလာသလိုလည်း ခံစားမိသည်။

စည်သူကလည်း ခြိမ့်သဲမျက်နှာလေးဆီမှ အကြည့်မလွှဲ။ တစ်ခါတစ်ရံ သိပ်ခက်ခဲမယ်ထင်ထားတဲ့ အရာတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ ချော့မွေ့အဆင်ပြေသွားနိုင်သားပဲဟု သူသုံးသပ်နေမိသည်။

သူ့အနားမှာ အခုလို ခြိမ့်သဲရှိနေတာဟာ သူ့အတွက် အိပ်မက်ဆန်ဆန် ယစ်မူးချိုမြိန်ဖွယ်ကောင်းနေသည် မဟုတ်လား။

ဘဲဥပုံမျက်နှာလှလှလေးမှာ မျက်ခုံးလေးက ထူတန်းပြီး မျက်နက်ဝန်းလေးက ရွှန်းရီတောက်ပနေတာမို့ သူမ တစ်ခါမျက်လွှာလေးပင့်ကြည့်တိုင်းမှာ စည်သူ့အသည်းမှာ နွေးခနဲ လှိုက်ဖိုနေရသည်။

ရင်အေးစရာ တည်ငြိမ်သောအမူအရာလေးကပင် သူ့ကို ဆွဲဆောင်ဖမ်းစားညို့ယူနေတာ။

စည်သူသည် အချိန်တွေကုန်လို့ ကုန်မှန်းပင်မသိအောင် သူမနားက မခွဲချင်မခွာချင် ဖြစ်မိသည်။

ကရဝိက်ထဲက သုံးရာသီအကြော်ဆိုင်လေးရဲ့ ကမ်းစပ်စားပွဲမှာ ထိုင်မိချိန်မှာတော့ သူဘယ်လိုမှ ဆက်လက်မျိုသိပ်မထားနိုင်တော့ဘဲ စားပွဲပေါ်တင်ထားတဲ့ သူမရဲ့လက်ကလေးကို အရဲစွန့်ကာ ဆုပ်ကိုင်လိုက်မိတော့သည်။





"ခြိမ့်သဲကို ကျွန်တော် အရမ်းချစ်တယ်ဗျာ၊ စတွေ့တဲ့နေ့ကတည်းက စိတ်ထဲမှာ တန်းတန်းစွဲဖြစ်နေခဲ့တာ ယုံပါဗျာ"ဟု အလေးအနက် ချစ်စကားဆိုမိလေသည်။

ခြိမ့်သဲသည် ကိုစည်သူထံက တလေးတနက် ချစ်ခွင့်ပန်သော စကားကို ကြားရတာ ကြည်နူးသလိုခံစားရသည်။

ဟိုအော့ကြော့လန် ဂုဏ်ရှိန်နှင့်များကွာပါ။

ခြိမ့်သဲလက်ကလေးကို မရဲတရဲနှင့် အရဲစွန့်ပြီး ဆုပ်ကိုင်လိုက်တဲ့ အမူအရာကိုလည်း ပြုံးချင်မိသည်။

သူ့ပုံက စိတ်လှုပ်ရှားနေပြီး ခြိမ့်သဲကိုလည်း မချင့်မရဲထိတွေ့ချင်နေသည်။ သို့သော် စိတ်ဆိုးမှာလည်း သူစိုးရိမ်တဲ့ပုံ။

"ခြိမ့်သဲတို့တွေ့ကြတာဖြင့် ဘာမှမကြာသေးဘူးနော်"

"ကျွန်တော့်ဖက်ကတော့ ကြာပြီလို့ထင်မိတယ်ဗျာ၊ ခြိမ့်သဲမှာ မတော်တဆ ချစ်သူရှိနေမှာလည်း စိုးလို့ ခပ်မြန်မြန်ဖွင့်ပြောမိတာ လောသွားသလိုများ ဖြစ်နေပြီလား"

ခြိမ့်သဲက ရေပြင်ဆီလှမ်းကြည့်ရင်း စားပွဲပေါ်က လက်ကလေးကို မသိမသာ ပြန်ရုပ်သိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး"

"ဟုတ်ကဲ့၊ မထင်ပါဘူးရှင်"

"ခြိမ့်သဲက နောက်တယ်ဗျာ"

သူမ ခပ်တိုးတိုးရယ်မိသည်။

"ကျွန်တော့်ကိုဟားတာလား"

"မဟုတ်ပါဘူးနော်"

"ဒါဆို စဉ်းစားပေးမှာလား"

"အင်း"

သူမက ပြုံးလက်စနှင့် မခို့တရိုလေး ခေါင်းညိတ်ရာ ထိုဟန်ပန်လေးကိုပင် စည်သူ မမိုတ်မသုန်ကြည့်နေမိသည်။

သူမနားမှာ ကိုယ်ရံတော်လေးလိုနေမှ ဖြစ်တော့မည်။

တော်ကြာ ဟိုငနဲလေးက သိပ်ယုံရတာမဟုတ်။

"စိတ်မဆိုးရင် တစ်ခုမေးချင်တယ်"

"မေးလေ"

သူက ချင့်ချင့်ချိန်ချိန် စဉ်းစားဟန်ပြုပြီးမှ…

"ဂုဏ်ရှိန်ရောင်နဲ့ တော်တော်ခင်တယ်နော်"





"အင်းလေ အဲဒါဘာဖြစ်လို့လဲ"

"သူကြည့်ရတာ ခြိမ့်သဲကို စိတ်ဝင်စားနေသလိုပဲ"

"ယွန်းနီကိုပိုခင်တာလား၊ ဒါဆိုရင် တော်ပါသေးရဲ့ဗျာ"

သူမစကားကြောင့် စည်သူက ရင်အေးသွားရသလိုဆိုသည်။

"ကျွန်တော်က သူများဦးမှာ စိုးရိမ်တာအမှန်ပဲ၊ တတ်နိုင်ရင် ခပ်မြန်မြန်လေးသာ စဉ်းစားပေးဗျာနော်"

ဂုဏ်ရှိန်နှင့် တစ်ခြံဝင်းထဲ နေကြတာမို့ တကယ်တမ်း သူစိတ်မချပါ။

ဟိုငနဲလေးက ရဲတင်းသွက်လက်တဲ့ပုံနဲ့ ပိုင်စိုးပိုင်နင်းရှိလှတာ သူမျက်မြင်ပဲမဟုတ်လား။

ချစ်သူမဖြစ်သေးတာမို့ ဒီထက်ပိုပြီး သဝန်တိုတားမြစ်လို့လည်း မကောင်းဘူးလေ။

ဖြစ်နိုင်ရင်တော့ ဂုဏ်ရှိန်နှင့် တရင်းတနှီး မနေစေချင်။

သူသာ ခြိမ့်သဲအနား တရားဝင်ရပ်တည်ခွင့်ရပြီဆိုလျှင် ထိုကိစ္စကို ခွင့်မပြုနိုင်ကြောင်း အတိအလင်း ကန့်ကွက်ဖို့တွေးထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်တစ်ယောက်တွဲနေလည်း ခွင့်ပြုနိုင်တဲ့အထဲတော့ စည်သူမပါနိုင်ပေ။

ဂုဏ်ရှိန် သူ့ကို ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်သလဲဆိုတာ သူအသိဆုံးပဲလေ။

ကောင်မလေးက သူ့ဖက်ပါလာတော့ သူကကောင်းတာမို့ ကျေနပ်ကြည်နူးရတာအမှန်။

ခြိမ့်သဲဆီက အဖြေမြန်မြန်ရဖို့ကိုပဲ သူရင်တထိတ်ထိတ် မျှော်လင့်ရဦးမှာဖြစ်သည်။

◆ ◆ ◆



BURMESE CLASSIC

ရေမိုးချိုးပြီးနောက် လူတစ်ကိုယ်လုံး လန်းလန်းဆန်းဆန်းနှင့် အေးမြသွားတာမို့ ခြိမ့်ခြိမ့်သဲက တေးသွားလေး တစ်ပိုင်းတစ်စ သည်းရင်း အပြင်သို့ထွက်လာသည်။

ယွန်းနီက ဝရန်တာမှာ ခုံလေးချကာထိုင်ရင်းက သူမကို လှည့်ကြည့်သည်။ လက်ထဲမှာလည်း ဖောက်စားလက်စ အာလူးကြော်တစ်ထုပ်ကို ကိုင်လျက်သား။

အကြင်နာစကားလေးတွေ မျက်ဝန်းဆီ ပိုင်ရှင်မဲ့ အချစ်ကို ပေးအပ်ခဲ့ပြီ ××× ကိုယ်မညာတော့ဘူး မင်းကိုချစ်သည်×××ချစ်သူ လေးရှိရာ ဟိုအဝေးဆီ လာရာလမ်းလေးကို မျှော်တတ်ပြီ ×××× ပိုင်ဆိုင်ခွင့်ဘဝကို ပေးအပ်ခဲ့ပြီ ကိုယ်မညာတော့ဘူး×××မင်းကို ချစ်သည်

"ဟိတ်...ခြိမ့်သဲ ဘာတွေပျော်လာတာလဲ၊ နင် ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းနောက်ကျတယ်နော်၊ ဘယ်တွေလျှောက်သွားနေတာ
ပြော''

ယွန်းနီက သူမမျက်နှာကို အကဲခတ်ရင်း မေးခွန်းထု
လိုက်၏။

ခြိမ့်သဲက ထိုင်ခုံလေးမှာဝင်ထိုင်ရင်း သူမဆံ
ရေမခြောက်တခြောက်လေးတွေကို ဖြီးနေမိသည်။

''ငါလား၊ ကိုစည်သူနဲ့ အပြင်သွားတာ''

''ဘယ်ကိုလဲ''

''ဒီလိုပဲပေါ့''

''နင်တို့က အတူတူလျှောက်လည်တဲ့ အဆင့်တော
ရောက်သွားပြီပေါ့၊ ဟုတ်လား''

''အင်း''

ယွန်းနီက စိတ်ဝင်တစားနှင့် အံ့အားသင့်သလို ကြည့်

''သူက သဘောကောင်းတယ်ဟ၊ ငါ့ကိုလည်း အ
ဂရုစိုက်တယ်''

''နင့်ဟာက မမြန်လွန်းဘူးလား''





''သိဘူးလေ''

''သူ့အကြောင်းတွေ ဘာတွေ သေချာစုံစမ်းပါဦး''

''ငါအဖြေပေးတော့မယ်ဆိုမှ စုံစမ်းမှာပေါ့''

''ဘာရယ် သူက နင့်ကို ပရိုပို့စ်လုပ်လိုက်ပြီလား''

ခြိမ့်သဲက ခေါင်းလေးတစ်ချက်ညိတ်ရင်း

''ဟုတ်တယ် ယွန်းနီ၊ ဒီနေ့ပဲ သူငါ့ကိုချစ်တယ်လို့ပြော
တယ်''

''မျက်နှာချင်းဆိုင်ပြီး ပေါ်တင်ပြောတော့''

''အေးလေ''

''ဒီလူကလည်းနော်''

''ဘာဖြစ်လို့လဲ''

''ဂုဏ်ထင်တဲ့အတိုင်းပါပဲလား''

''သူ့အကြောင်းတော့မပြောနဲ့''

''နင်သူ့ကိုမခေါ်ဘူးဆို''

''ခေါ်ချင်ပါဘူး''

''နင်တို့နှစ်ယောက်ကြားမှာ ငါမသိတဲ့ ပြဿနာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိမယ်လို့ထင်သားပဲ''

''ဂုဏ်က မုန်းစရာကောင်းတယ်ယွန်းနီရဲ့၊ ငါတို့

နှစ်ယောက်အပေါ် သူထားတဲ့သဘောထားကို ငါမကြိုက်တာ''

ယွန်းနီက မျက်လုံးလေးဝိုင်းသွားပြီး

''ငါက ဘာကြောင့်ပါလာတာလဲ''

''နင့်ကိုလည်း ချစ်စရာကောင်းတယ်လို့ သူပြောတယ်''

ယွန်းနီမျက်နှာလေး အမ်းသွား၏။ ဒါ ခြိမ့်သဲညာပြောတာ

မှ မဟုတ်ပဲ။ သူဒီလို တကယ်ပြောခဲ့တာပဲ။

''မဟုတ်တာတွေ''

''အဲဒီသူ့လေသံကိုပဲ ငါမုန်းတာ ယွန်းနီရဲ့''

ဒီနေ့မှပဲ ခြိမ့်သဲက ယွန်းနီကို အရိုးအမြွက်လောက် ရင်ဖွင့်

လိုက်ပါသည်။

''သူ့ကို ခင်တော့ခင်ပါတယ်၊ ဒါပေမဲ့ သူ့အထင်သေး

လျှော့တွက်ထားတာကိုတော့ ငါမခံနိုင်ဘူး၊ သူက ဘာမဆို အပို

တွက်လွန်းတယ်၊ သူ့ကိုယ်သူ ဘာမှတ်နေလဲမသိပါဘူး၊ ငါလည်း

သူ့ကို အရွေးခံနေတာမဟုတ်ဘူး''





''ဘာလဲ ခြိမ့်သဲရဲ့၊ ဒါဖြင့် ငါကရော''

''နင်ကတော့ ငါမသိဘူးပေါ့''

''ခြိမ့်သဲနော်''

ခြိမ့်သဲစကားကြောင့် ယွန်းနီစိတ်ထဲ တစ်မျိုးဖြစ်သွားရ၏။

သူမကပဲ ဂုဏ်ရှိန်ကို ကြိတ်မျှော်လင့်ထားသလိုမျိုး ဖြစ်

မနေဘူးလား။

''အဲဒါတော့ သူ့ကိစ္စပေါ့လေ၊ ငါကတော့ ကိုစည်သူကို

ပဲ လက်ခံဖြစ်ချင်လည်း လက်ခံဖြစ်သွားမယ်''

''ဟင် နင်ဆုံးဖြတ်ထားပြီလား''

''ငါ ရည်းစားထားလိုက်မှပဲအေးမှာ''

''ဂုဏ်ရှိန်တော့ ပေါက်ကွဲတော့မှာပဲ''

''ပေါက်ကွဲရအောင် သူနဲ့ငါနဲ့ ဘာပတ်သက်လို့လဲ၊ သူ့ကို

လည်း ငါအမြင်ကပ်တာနဲ့ ပြောလိုက်တယ်၊ ကိုစည်သူက ငါ့ချစ်သူ

လို့''

''ဟယ်...တကယ်၊ သူအူရှမ်းတင်းသွားမှာပေါ့''

''တင်းလည်း ဂရုမစိုက်ပါဘူး''



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာကြီး ခြိမ့်သဲရယ်၊ သူက မျက်နှာငယ်ငယ်နဲ့ နင့်ကိုလာချော့ဖို့ ကြိုးစားနေတာ"

"ချော့စရာလည်း မလိုပါဘူးနော်"

"နင်သာ ကိုစည်သူနဲ့ တကယ်တွဲလိုက်ရင် သူ့အသည်းကွဲမှာပဲ"

"အသည်းကွဲလည်း မတတ်နိုင်ဘူး၊ ကွဲတဲ့အသည်းကို နင်ပြန်ဆက်ပေးလိုက်ပေါ့"

"ဟာ…ကြည့်စမ်း၊ ခြိမ့်သဲစုတ်"

"သူ့ကိုတော့ ဂရုမစိုက်ပါဘူးဟယ်၊ ဒါပေမဲ့ ဆရာမအင်ကြင်းကိုတော့ အားနာမိတယ်"

"ဆရာမက နင့်စိတ်ကောက်နေတာသိသွားလို့လား"

"မသိဘူးလို့ထင်တာပဲ"

"နင်ကလည်းဟယ် ချက်ချင်းကြီးတော့ အဖြေမပေးပါနဲ့ဦး"

"အံမယ် ငါ့သဘောပေါ့၊ သူက ဂုဏ့်ဖက်က ရှေ့နေလိုက်ချင်သေးတယ်၊ ဟွန်း ငါရည်းစားရရင် နင့်ဖက် သူယိုင်လာ





ဦးမှာ ကြည့်နေ"

ခြိမ့်သဲစကားကြောင့် ယွန်းနီမျက်နှာလေး ကွက်ခနဲပျက်သွားရ၏။

ဒါ ဘယ်လိုပြောလိုက်တာလဲ။

သူ့ဖယ်ပေးလိုက်မှ ဂုဏ့်ရှိန်က ယွန်းနီဖက် တိတိကျကျ ခြေဦးလှည့်နိုင်မည့်သဘော။

အကြိုတစ်ထည်ကို ငါမဝတ်ချင်ဘူး၊ နင်သဘောကျရင် ဝတ်လိုက်ဆိုတာမျိုး ဖြစ်မနေဘူးလား။

ယွန်းနီသည် သူ့မာနကို ထိခိုက်သဖြင့် ရင်ထဲမကောင်းလှ။ ဒွဲကနေ ခြိမ့်သဲထွက်လိုက်မှ မျှော်လင့်ချက်မရှိဘူးဆိုမှ ယွန်းနီ ဖက်ချဉ်းကပ်လာမည့်သူ့ကို ယွန်းနီက ဘာကြောင့် လက်ခံရမှာလဲ။

သူက အရွေးမခံနိုင်ဘူးဆိုတော့ ယွန်းနီကပဲ ပြိုင်ဖက်မရှိ နဲ့ကုံးအစွပ်ကို စောင့်နေသလိုမျိုး အဓိပ္ပာယ်သက်ရောက်နေသည်။

"ယိုင်စရာမရှိပါဘူး ခြိမ့်သဲရယ်၊ ယိုင်လာခဲ့ရင်လည်း ငါပြန်မကြိုက်ပါဘူး၊ အဲဒါတော့စိတ်ချ၊ ငါ့ရင်ထဲမှာ ဂုဏ့်ကို သူငယ်ချင်းလိုပဲ သဘောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီက စိတ်ထဲ နာကျင်ဝမ်းနည်းစွာ ပြောလိုက်ပါသည်။

အရင်က ဂုဏ် ခြိမ့်သဲဖက်ပိုသလား ထင်မိတုန်းကပင် ကိုယ့်ဘာသာ တိတ်တဆိတ် နောက်ဆုတ်နိုင်ခဲ့သေးတာပဲ။

အခုတော့ အခြေအနေက ထူးနေပြီလေ။

ဂုဏ် သူ့ကို တစ်ခုခုဖွင့်ပြောလို့သာ ခြိမ့်သဲနှုတ်များက ဒီလိုစကားတွေ ထွက်လာတာနေမှာ။

ခြိမ့်သဲက ရည်းစားထားလိုက်ရင် ယွန်းနီကရော။

ငါလည်း ဂုဏ်ရှိန်ကို မျှော်လင့်နေမှာမဟုတ်ဘူး ခြိမ့်သဲရေ။

အဲဒါကို နင်မကြာခင်သိရမှာပါ။

◆ ◆ ◆



ထိုနေ့ညနေက ကော်ဖီစနက်ဘားလေးမှာ ဂုဏ်ရှိန်ရော် က သူငယ်ချင်းနှစ်ယောက်နှင့်အတူ ကော်ဖီသောက်ရင်း စကား ထိုင်ပြောနေမိသည်။

မနေ့ညက ချယ်ဆီးပွဲအကြောင်း ပြန်စမြုံ့ပြန်နေကြတာ။

စနက်ဘားလေးထဲမှာ လူလည်းသိပ်မများဘဲ အေးအေး ဆေးဆေးရှိလှ၏။

သူထိုင်နေတဲ့နေရာက ဝင်းတံခါးမှန်ချပ်ကြီးများနှင့် မျက်နှာချင်းဆိုင်။

ဒါပေမဲ့ ဂုဏ်ရှိန်က ဟိုဒီမကြည့်ဘဲ လက်ကိုင်ဖုန်းထဲက ဂိမ်းတစ်ခုကို ဆော့ကစားနေမိ၏။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ စုံတွဲသန့်သန့်လေးတစ်တွဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရှိန့်သူငယ်ချင်း မောင်မောင်ဌေးက ဝင်လာတဲ့ နှစ်ယောက်ကို ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိသည်။

အမျိုးသားပုံစံက ခန့်ခန့်ညားညားနှင့် ဆွဲဆောင်မှုရှိသလို အမျိုးသမီးလေးကလည်း

''ဟော့ကောင် ဂုဏ်ကြီး''

''ဘာလဲ''

''ဟိုမှာ…ဟိုမှာ''

မောင်ဌေးက ဂုဏ်ရှိန့်ပေါင်ကို အသာလာပုတ်၏။

''မင်းတို့ခြံထဲကကောင်မလေး''

ဂုဏ်ရှိန်က သူ့အစ်မတပည့်တွေဆိုပြီး သေချာမိတ်မဆက်ပေးပေမဲ့ မောင်ဌေးတို့က ဂုဏ်ရှိန့်အိမ်သွားလည်ရင်း ဘေးက အိမ်ပုလေးက ကောင်မလေးနှစ်ယောက်ကို မြင်ဖူးနေပါသည်။

နာမည်နှင့်လူကို မတွဲမိပေမဲ့ ဒါက ပိုအသားဖြူပြီး ပိုလည်းချောတဲ့ တစ်ယောက်ဆိုတာ ချက်ချင်းသိလိုက်သည်။

ဂုဏ်ရှိန် ဖျတ်ခနဲမော့အကြည့်မှာ အတူယှဉ်တွဲလျှောက်လာတဲ့ စည်သူနှင့် ခြိမ့်သဲကို မြုန်းခနဲ ပက်ပင်းမြင်လိုက်ရ၏။





သူ့နှုတ်ခမ်းလွှာများ ဖွင့်ဟ၍ အံ့သြသွားမိသည်။

ဘာကြောင့်လဲဆိုရင် စည်သူက ခြိမ့်သဲလက်ဖျားလေးကို ခပ်ဖွဖွဆွဲထားလျက်သားမဟုတ်လား။

ဒါဆို ချစ်သူဖြစ်နေပြီလို့ ခြိမ့်သဲ ပြောတာဟာ တကယ် အမှန်စင်စစ်ပဲပေါ့။

သူ့နှလုံးသားမှာ ခပ်ကြမ်းကြမ်း တုန်ခါလှုပ်ခါသွားရ၏။ သူ့အကြည့်က ခြိမ့်သဲဆီသို့ မျက်တောင်မခတ်နိုင်အောင် စူးစူးနစ်နစ် စိုက်ကြည့်နေမိလျက်သား။

နူးညံ့ပျော့ပျောင်းသော ဆံပင်ညိုညို ရှားစေးရောင်လေးများက ခွေခွေလေးတွေ ပခုံးတစ်ဖက်တစ်ချက်ဆီမှ ရှေ့ဖက်သို့ ကပိုကရိုလေးကျလျက်။

မျက်နှာဖူးဖူးလေးက ပန်းနုရောင်သန်းလျက် ဝတ်ထားတာလေးကလည်း ပန်းရောင်ရင်ပြတ်အင်္ကျီလေးပါ။ အပေါ်က ပဝါပုံစံ အလွှာပါးပါးလေးပါသေးပေမဲ့ ဝင်းနှစ်သော သူမအသားအရေလေးကို ထွင်းဖောက်မြင်နေရတာမို့ မျက်စိမလွှဲချင်အောင် ဆွဲဆောင်မှု ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်စီနားဆွဲလေးတွေ၊ လည်တုံလေးတွေ၊ လက်ကောက်လေးတွေလည်း ဆန်းပြားစွာ ဝတ်ဆင်ထားသည်။

စကဒ်ပျော့ပျော့ ပန်းနုလေးနှင့် ခြေလှမ်းတိုင်းမှာ အသက်ရှူမှားချင်စရာ။

စည်သူကတော့ အော်တာရှပ်အပြာစင်းနှင့် ဂျင်းဘောင်းဘီပြာဖျော့ဖျော့ကို ဝတ်ကာ ဝေါလ်ကင်းရှူးအဖြူကို စီးထားသည်။

သူ့ပုံစံက အချိုးတကျ ရှင်းသန့်ကြည်လင်နေတာ အမှန်။

မျက်နှာမှာလည်း ကြည်နူးပီတိတစ်မျိုးနှင့် ခပ်ပြုံးပြုံးချိုမြနေသည်။

သူ့ရှေ့ကို ခြိမ့်သဲလက်ဆွဲပြီး တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာကို ဝံ့ကြွားသောမျက်နှာထားမျိုးနှင့်ပါ။

သူတို့အတွဲက အပြာနှင့်ပန်းရောင်ကို ဝတ်ဆင်ထားတော့ ဗာလင်တိုင်းဆန်ဆန်ပေါ့လေ။

ကြည့်နေရင်းက ဂုဏ်ရှိန် မျက်စိစပါးမွေးစူးပြီး နှုတ်ခမ်းတွေက တင်းတင်းစေ့နေမိသည်။

ခြိမ့်သဲက သူ့ကိုပြုံးပြသည်။





ဂုဏ်ကြီး မျက်နှာထားတင်းတင်းကြောင့် မောင်မောင်ဒွေးမှာ ကြားကနေ အားတွေပင်နာမိသည်။

ဒီကောင် ဘယ်လိုမှန်းကိုမသိ။

စည်သူကတော့ ဂုဏ်ရှိန့်ကို အမြင်မှာ ခေါင်းဆတ်နှုတ်ဆက်သည်။

သူတို့နံဘေးမှာလည်း စားပွဲအလွတ်ရှိတာမို့ အနားသို့ဖြည်းဖြည်းအေးအေးလျှောက်လာသည်။

"ဟေး ကိုဂုဏ်ရှိန်"

စည်သူက စတင်နှုတ်ဆက်၏။

နှုတ်ဆက်သံကပင် ရွှင်မြူးတက်ကြွနေသည်။

"ကိုစည်သူတို့ ဘယ်လိုတွေ့လာလဲ၊ ကောက်ဖီလာသောက်တာလား"

မကောင်းတတ်၍ သူပြန်နှုတ်ဆက်လိုက်ရပါသည်။

ခြိမ့်သဲက သူ့ဒီဆိုင်ထိုင်တတ်မှန်းသိရဲ့နှင့် တမင်တကာစည်သူနှင့် စုံတွဲခုတ်လာတာဖြစ်မည်။

သူ့ကိုမြင်စေချင်တဲ့ ကြိုတင်ကြံရွယ်ချက်တစ်ခု သူမရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာရှိလိမ့်မည်ဟု ဂုဏ်ရှိန် ခန့်မှန်းသည်။

"ဟုတ်တယ်ဗျာ၊ ခြိမ့်သဲက ဒီဆိုင်လေး ထိုင်လို့ကောင်းတယ်ဆိုလို့"

ပြောပြောဆိုဆို တစ်ဖက်ကစားပွဲမှာ အသာအယာထိုင်လိုက်ကြ၏။

"ခြိမ့်သဲ နင်တစ်ယောက်တည်း လျှောက်လိမ့်နေတယ်ပေါ့ ဟုတ်လား၊ ယွန်းနီ ဘယ်မှာထားခဲ့လဲ"

ဂုဏ်ရှိန့်မေးခွန်းက မလိုတမာ။

"နင့်ယွန်းနီ အိမ်မှာပေါ့ဟဲ့၊ ကိုစည်သူလာခေါ်တော့ သူ့ဘာသာနေခဲ့တာပါနော်၊ ငါက ထားခဲ့တာမဟုတ်ပါဘူး"

"နင်က အခုတော့ သူငယ်ချင်းကိုခေါက်ပြီပေါ့"

ဂုဏ်ရှိန့်အပြောကို ကိုစည်သူက ရယ်မောနေပါသည်။

သူနှင့်ခြိမ့်သဲမှာ အကြည့်ချင်း အားပြိုင်နေမိကြ၏။

မောင်ဒွေးက အသာကြည့်နေရင်း ဂုဏ်ကြီးသဘောထားကို ရိပ်မိလာသည်။

ဒီကောင်မလေးနှင့်ပတ်သက်ပြီး ဂုဏ်ကြီး ဘာဖြစ်နေ





သလဲမသိ။

သူ့စကားသံကပင် အောင့်သီးအောင့်သက်နှင့် တိုက်ခိုက်လိုမှု ရန်လိုမှုပါဝင်နေသည်။

စူးရဲသောအကြည့်နှင့် မထိတထိပုံစံမှာပင် တစ်စုံတရာကို မကျေမနပ်ဖြစ်နေတာ သိသာလှသည်။

မောင်ဒွေးက အစကတည်းက ဖန်ထားတာမဟုတ်ဘူး။

အခု သူများလက်ပါမှ ပျာယိပျာယာနှင့် ဘာဖြစ်နေရတာလဲ။

အေးအေးဆေးဆေး ဣန္ဒြေမပျက်ဘဲ နေသင့်တာမဟုတ်ဘူးလား။

သူ ဒီလိုအမူအရာပျက်နေခြင်းအားဖြင့် ဟိုငနဲသားစည်သူကို ဘဝင်မြင့် ဂုဏ်ယူစေသလို ဖြစ်မနေဘူးလားကွာ။ ကျွတ်။

ဘေးကနေ စိတ်မသက်မသာဖြစ်နေမိ၏။

ဂုဏ်ရှိန်ကလည်း စည်သူပါလာတာကို ဂရုမစိုက်ဘဲ ခြိမ့်သဲထံ စူးစူးရဲရဲ နက်နက်ရှိုင်းရှိုင်းသာ စိုက်ကြည့်နေသည်။

ဒီကိစ္စကို သူရှင်းကိုရှင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တယ်ဆိုတာ ပြောထားပြီးမှတော့ နောက်မဆုတ်နိုင်ချေ။

ခြိမ့်သဲက သူ့ကို အရွဲ့တိုက်တာလား။

ငါက စိတ်မပျက်တဲ့အပြင် နှင်းကို ပိုချစ်လာတယ် ခြိမ့်သဲ။

ဖြိုင်ဖက်ပေါ်လာတဲ့အတွက်လည်း ငါအနိုင်ရမှဖြစ်တော့မယ်။

စည်သူ့ကို ငါ အရှုံးမပေးဘူးဆိုတာမှတ်ထား။

နှင်းက ငါ့အတွက်ပဲဖြစ်ရမယ်။

သူ့စိတ်ထဲမှ ကြုံးဝါးနေမိသည်။

သူမ ဒီလို သူ့ရှေ့ ပေါ်တင်လာတွဲရုံနှင့် သူက ထိခိုက်နာကျင်ခံစားပြီး လက်မှိုင်ချ အလျှော့ပေးလိုက်ရမှာလား။

ဂုဏ်ရှိန်ရောင်တို့က လွယ်လွယ်ကူကူနှင့် ဘာကိုမှ လက်လျှော့တတ်သူမဟုတ်။

ခြိမ့်သဲက သူ့စိတ်တွေ ကလိကလိဖြစ်အောင် စည်သူ့နား ဝိုကပ်ကာ ချွဲနွဲ့နေသည်။

တိုးတိုးငုံ့ငုံ့နှင့် ဘာတွေပြုံးရယ်ပြောနေသလဲမသိ။

သူမရဲ့အမူအရာလေးက သူ့ကို စိန်ခေါ်နေသလို ခံစား





ရသည်။

"ဂုဏ်ကြီး"

"ဘာလဲ"

"အဲဒါ သူ့ရည်းစားလား"

ဂုဏ်ရှိန်ကမဖြေ။ အရေးထဲ မောင်မောင်ဌွေးမေးခွန်းက သူ့စိတ်ကို ပိုဆွသလိုဖြစ်နေသည်။

"သွားစမ်းပါ ဘာရည်းစားလဲ"

"ဟော့ကောင် ရှူး တိုးတိုး"

"ငါ့ဆီကနေ ဖြတ်ခုတ်တာကွ၊ မင်းတို့ဘာမှမသိဘူး"

"ဂုဏ်ကြီးကွာ မင်းအဲလို သွားကြည့်နေတော့ ပိုအောက်တာပေါ့"

"ဒါဆို ပြန်ကြမယ်"

"မင်းသဘောပဲ"

ချက်ချင်းကြီး ထပြန်တော့လည်း ရင်မဆိုင်ရဲရာကျပြန်ဦးမည်။

ဂုဏ်ရှိန်စိတ်တွေက ရှုပ်ထွေးနောက်ကျိနေပြီး နှလုံးသားမှာ



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်လေးလံနေသည်။

သူ့ရဲ့အသည်းနှလုံးလေးမို့ ဘယ်လိုမှလည်း ဥပေက္ခာမပြုနိုင်။

ချစ်သူလေးကို နမြောဝန်တိုစိတ်နှင့် သူ့ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှားတုန်ရီနေသည်။

ဘယ်နည်းနှင့်မှ စည်သူလက် အပါမခံနိုင်ဘူးဆိုတာ သူ့ကိုယ်သူလည်း သေချာလာသည်။

ဖြစ်တဲ့နည်းနဲ့ ခြိမ့်သဲကို ရယူပိုင်ဆိုင်ချင်မိသည်။

မင်းစောင့်ကြည့်လိုက်ဦးစည်သူ။

ဒါက အဖြေမဟုတ်သေးပါဘူး။

◆ ◆ ◆



ခြိမ့်သဲက သူ့ကို စည်သူနှင့်တွဲပြတာမို့ သူရင်နာနေရဆဲမှာ မထင်မှတ်ဘဲ ယွန်းနီကလည်း သူ့ကို အံ့အားသင့် အံ့ငိုက်မိစေခဲ့သည်။

အဲဒီနေ့ကလည်း ဂုဏ်ရှိန်နှင့် သူငယ်ချင်းတချို့က ကျောင်းနတ်ဆိုင်လေးထဲမှာ ရှိနေခဲ့ကြသည်။

သူက အိုက်စ်ကော်ဖီကို ပိုက်ကလေးနှင့် စုပ်ယူသောက်နေဆဲမှာ မောင်ဌေးက ,

''ဂုဏ်ကြီး ကြည့်လိုက်စမ်း''

ဟု အရေးတကြီး ခပ်ကြိတ်ကြိတ်ဆို၏။

''ဘာလဲကွာ''

သူတို့ထိုင်နေတာက အပြင်ဖက်မှန်ချပ်ကြီးများနှင့် ကပ်လျက်က စားပွဲမှာမို့ အပြင်ကသွားလာနေတဲ့သူတွေကို နီးနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ်ကြီးလို တွေ့နေရသည်မဟုတ်လား။

ဂုဏ်ရှိန်က မော့ကြည့်လိုက်ဖို့ ထိတ်ခနဲ ရင်ခုန်သွားရသည်။

ဘာကြောင့်လဲဆိုရင် ခြိမ့်သဲတို့စုံတွဲနှင့် ထပ်မံကြုံကြိုက်ရမှာ စိုးလို့ပင်။

"မင်းဘာတွေ ကြောင်စရာတွေပြန်ပြီလဲ"

လေသံမာနှင့် စိတ်ရှုပ်သလို ရေရွတ်ရင်း သူက မောင်ဒွေး လှမ်းကြည့်ရာဆီ တစ်ချက်ကြည့်လိုက်သည်။

ဟောဗျာ။ —

ဒီတစ်ခါလည်း စုံတွဲတစ်တွဲ။

သူ မျက်ခုံးပင့်သွားရ၏။

"အဲဒါ ယွန်းနီအိမ်မဟုတ်လား"

မောင်မောင်ဒွေးက နာမည်မလွဲတော့ပါ။

သူ့ပုံစံက ပြုံးစိစိလည်းဖြစ်နေသည်။

ဟိုနေ့ကပဲ ခြိမ့်ခြိမ့်သဲကို ဘဲနှင့်တွေ့ပြီး ဒီနေ့လည်း ယွန်းနီအိမ်ကိုတွေ့ပြန်ပြီ။





ဂုဏ်ကြီးကိုကြည့်လိုက်တော့ မအီမလည်ရုပ်ကြီးနှင့်။

ယွန်းနီဘေးမှာ လျှာထိုးဦးထုပ်ကိုစောင်းကာ တီရှပ်နှင့် ဂျင်းဘောင်းဘီဝတ် လူရွယ်တစ်ယောက်။ ပုံစံက ခေတ်မီလန်းဆန်းသည်။

အသက်ကတော့ ယွန်းနီထက်ကြီးမလား။ မတိမ်းမယိမ်းပဲလား။

လူချင်းထိကပ်မတတ် ပြုံးရယ်စကားပြောလျှောက်လာဟန်မှာ တရင်းတနှီး။

ကြည့်စမ်း ဒီကောင်မလေးကို ရည်းစားရနေမည်လို့ ထင်ကိုမထင်တာ။

ကောင်လေးက လူကတော့ အချောစားလေးပါ။

မုတ်ဆိတ်မွေးငုတ်စိလေးတွေကို ခပ်ရှုပ်ရှုပ်လေး ပုံဖော်ထားသေးတာမို့ ယောကျ်ားပီသချောမောနေသည်။

ယွန်းနီထက် ခေါင်းတစ်လုံးစာ အရပ်ပိုမြင့်သည်။ အသားလည်းဖြူသည်။ ဘော်ဒီကလည်း ကျစ်ကျစ်လစ်လစ်။

လမ်းလျှောက်ပုံကလည်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် ခပ်



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်။

ဒီလူက ဘယ်သူလဲ။

ယွန်းနီကလည်း ခါတိုင်းလို အင်္ကျီဖြူရင်ဖုံးနှင့် ထဘီအပြာလေးနှင့် ယွနီဖောင်းဝတ်ထားတာမဟုတ်။

ဒူးဆစ်ဖုံးရုံ စကာဒ်အပျော့ အနားမညီမညာ ခပ်လွှင့်လွှင့်လေးနှင့် အင်္ကျီကလည်း ဂုတ်ပိုးမှာ ကြိုးချည်ရသော ဆွဲသားအဝါရောင်လေးနှင့် မျက်စိထဲ ဆန်းဆန်းပြားပြားနှင့် အလှကြီးလှနေပါသည်။

ထိုလူရဲ့နံဘေး ပူးကပ်လျှောက်ပုံလေးက နူးနူးညံ့ညံ့နှင့် မျက်နှာလေးက ပြုံးမြနေပါသည်။

သူတို့နှစ်ယောက်က ဆိုင်ထဲဝင်ဖို့လှမ်းလာရင်း မှန်ချပ်နှင့် ကပ်ရက်စားပွဲကနေ သူတို့ကို မမှိတ်မသုန် စိုက်ကြည့်နေတဲ့ ဂုဏ်ရှိန်ကိုမြင်သွားရ၏။

"ဟောတော့"

ယွန်းနီက အသံလေးပင်ထွက်သွားမိ၏။

"ဘယ်သူလဲ ယွန်း"





အာကာလွှင်က မေးလိုက်သည်။

"သူငယ်ချင်းပါ"

"အင်္ကျီအဖြူနဲ့လူလား"

"အင်း ဟုတ်တယ်"

ကျောင်းနတ်ဆိုင်မှာ လူအနည်းငယ်ရှင်းနေတဲ့အချိန်မို့ ယွန်းနီက သူတို့စားပွဲနား ခြေလှမ်းရပ်လိုက်ပါသည်။

"ဂုဏ်တို့ အစောကြီး ဒီရောက်နေပါလား"

"နင်ကရော ယွန်း၊ သင်တန်းကနေ လစ်လာတာပေါ့လေ"

"မဟုတ်ပါဘူးနော်၊ ယွန်း ဒီနေ့အောဖ်ပါ"

ဂုဏ်ရှိန်သည် ဟန်မပျက် နှုတ်ဆက်စကားဆိုနေရသော်လည်း ယွန်းနီကို ခုလို ဘွိုင်းဖရင့်အဖော်တစ်ယောက်နှင့် တွေ့ရတာ သူ့ရင်ထဲ အောင့်သက်သက်လိုတော့ဖြစ်ရသည်။

ထိုခံစားချက်က ဘာကြောင့်ဟုတော့ သူလည်းနားမလည်နိုင်။

ရင်ထဲမှာ တစ်မျိုးကြီးတော့ဖြစ်ရတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲကိုတွေ့တုန်းကလို ပေါက်ကွဲတုန်လှုပ်တာမျိုး မရှိပေမဲ့ နည်းနည်းပါးပါးတော့ ကသိကအောက်ဖြစ်သွားသည်။

"ယွန်းနီ သူငယ်ချင်းလား"

ဘေးက အာကာလွင်ဖက် သူမေးဆတ်မေးသဖြင့် ယွန်းနီက

"ဟုတ်တယ်ဂုဏ်၊ သူက ကိုအာကာလွင်၊ ယွန်းတို့သင်တန်းအောက်ထပ်က မိုဘိုင်းဖုန်းဆိုင်ကလေ၊ ဂုဏ်လည်း ဟင်းနဲ့ဆက်တွေဘာတွေ အသစ်လဲချင်ရင် လာအားပေးပေါ့"

"ဟုတ်ကဲ့ လာကြည့်ပါ ကိုဂုဏ်"

အာကာလွင်က လူကခေတ်ဆန်သော်လည်း စကားပြောဟန်က မွန်မွန်ရည်ရည်ရှိသည်။

"အေးပေါ့ကွာ၊ ကြုံတော့လည်းလာရတာပေါ့"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

သူတို့နှစ်ယောက်က ဂုဏ်ကြီးကိုနှုတ်ဆက်ပြီးနောက် မုန့်ကောင်တာဖက်သို့ လျှောက်သွားကြသည်။

ခပ်ငိုင်ငိုင်ကျန်ခဲ့သည့် သူ့ကို မောင်မောင်ဒွေးက ထုံးစံအတိုင်း

"ကဲ ဘယ်နှယ့်ရှိစ၊ မင်းကျန်ခဲ့ပြီမဟုတ်လား၊ မင်းကတိတ်တိတ်လေးခိုးကြည့်နေတုန်း ဟိုနှစ်ယောက်က ပိုင်ရှင်ကိုယ်စီတွေ့သွားကြပြီ၊ ဟား ဟား"

"သွားစမ်းပါကွာ"

မောင်ဒွေးလက်မောင်းကို သူ ဖွဖွထိုးပစ်လိုက်မိသည်။

ဟုတ်တော့ဟုတ်သည်။

ယွန်းနီနှင့်ခြိမ့်သဲနှစ်ယောက်လုံးက အတွဲကိုယ်စီနှင့် နွေချင်းညချင်း ပြောင်းလဲကုန်ကြပြီ။

နှစ်ယောက်စလုံးဟာ တွေဝေနှုတ်နှေးလှတဲ့ သူ့ကို အရွဲ့တိုက်သလားတောင်မှတ်ရသည်။

အခုမှ မျက်ကလဲဆန်ပြာ ကိန်းဆိုက်နေပြီ။

အထူးသဖြင့် ခြိမ့်သဲနှင့်ပတ်သက်ပြီး သူကျန်ရစ်ဖြစ်မှာကို ဘယ်လိုမှ လက်မခံနိုင်။

ရောက်တဲ့နေရာကနေပဲ ကြိုးစားပမ်းစား တိုက်စစ်ဆင်ရတော့မှာပဲ။







www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ မချင့်မရဲကြီးနှင့် အခုကိုပဲ ခြိမ့်သဲဆီကို ထသွားလိုက်ချင်မိသည်။

နောက်ကျခဲ့တဲ့ကိုယ့်ကို ပြင်ဆင်ဖို့ အခွင့်အရေးလေးပေးစမ်းပါဦးကွာ။

◆ ◆ ◆



ခြိမ့်သဲရဲ့ အေးစက်ရှောင်ဖယ်သော ဆက်ဆံရေးကြောင့် ဂုဏ်ရှိန်ရင်မှာ မချိမဆန့်ကြီးနှင့် နေမရထိုင်မရဖြစ်ကာ နှလုံးသားတစ်ခုလုံး မွန်းကျပ်လိုက်မောနေသည်။

တစ်ခြင်းထဲမှာ အတူနေကြပေမဲ့ မိုင်ပေါင်းများစွာဝေးကွာနေသလို ခံစားရသည်။

သူမက စည်သူကို တကယ်ပဲလက်တွဲဖို့ ဆုံးဖြတ်လိုက်ပြီလား။

ဒါကိုတွေးမိလျှင် သူ့အသည်းမှာ မခံစားနိုင်။

သူမကို စွဲစွဲလန်းလန်း စွဲစွဲနစ်နစ်ချစ်နေတာ သူမ မသိဘူးလား။

ဂုဏ်ရှိန်စိတ်တွေက ပေါက်ကွဲချင်နေသည်။

ဒီအခြေအနေကို သူဘာယ်လိုမှသည်းမခံနိုင်။ သူ့ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေကိုလည်း မျိုသိပ်ထိန်းချုပ်ထားလို့မရ။

ခြိမ့်သဲကို ချစ်မိတဲ့အချစ်တွေက သူ့ကို မခံမရပ်နိုင်အောင် အဆိပ်တက်ပြီး ဒုက္ခပေးနေပြီ။

ဒါကြောင့်လည်း ညဦးပိုင်းက ဘော်ဒါတွေနှင့် အပြင်ထွက်ပြီး ရက်စတော့ရင့်မှာ ဘီယာသွားသောက်သည်။

ဘီယာသောက်လည်း ရင်ထဲမှာ ခါတိုင်းလို တက်ကြွလန်းဆန်းမလာ။ ရီဝေဝေနှင့်မို့ ပိုလွမ်းဆွတ်ပြီး ခြိမ့်သဲမျက်နှာလေးကို မြင်ချင်လာသည်။

နင် သူ့ကို အဆက်ဖြတ်လိုက်ပါ ခြိမ့်သဲ။ နင် ဒီလိုစိမ်းကားရက်စက်တာ ငါမခံနိုင်ဘူး။

သူ့စိတ်ထဲက တောင်းပန်နေမိသည်။

ဘီယာဆိုင်ကနေ စောစောပြန်လာမိတဲ့ ခြေလှမ်းတွေဟာ ခြိမ့်သဲထံ ဦးတည်ချင်လို့ပါ။

သူပြန်လာတော့ ခြိမ့်သဲတို့အိမ်လေးမှာ တံခါးတွေပိတ်ပြီး မီးပင်မှောင်နေပြီ။

အိမ်ကလေးက တိတ်ဆိတ်မှောင်ကျနေသဖြင့် သူမျှော်လင့်





ချက်တွေ ပြိုပျက်သွားရသည်။

ချစ်တယ်ဆိုတာ ငါပြောထားပြီးရဲ့နဲ့ ခြိမ့်သဲရယ်။

ငါ့ကို နင်မမြင်ချင်ဘူးလား။ ငါက နင်ရှောင်ပြေးချင်လောက်အောင် မုန်းစရာကောင်းတဲ့ကောင်လား။

ဂုဏ်ရှိန် ရင်နာနာနှင့်တွေးနေမိသည်။

သူ့ကိုမြင်ရင် လှစ်ခနဲ ပုန်းရှောင်တတ်တဲ့ အမူအယာကြောင့်လည်း ရင်ထဲမှာ ခံပြင်းထိခိုက်ရ၏။

ခြိမ့်သဲဆီက ဒီလိုရက်စက်တဲ့ တုံ့ပြန်မှုကို သူမမျှော်လင့်မိ။

မရတဲ့အချစ်မို့ ဂုဏ်ရှိန် ပိုပြီးလိုချင်သည်။

ပြင်းပြင်းပြပြ တောင်းတမက်မောသည်။

ခြိမ့်သဲက ငြင်းပယ်ရှောင်ဖယ်လေ သူ့ဖက်က အချစ်စိတ်က ပိုပြီးကြီးကျယ်ခမ်းနားလေ ဖြစ်နေသည်။

ဂုဏ်ရှိန်သည် ခြံတံခါးကို ပြန်ပိတ်ကာ သူ့အိမ်ဖက်သို့ မလှမ်းချင်လှမ်းချင် လှမ်းလာသည်။

အိမ်အပြန်မှာ ကားပါမလာ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက မနက်စောစော ပဲခူးသွားစရာရှိလို့ဆိုပြီး သူ့ကားကို ငှားထားသည်မဟုတ်လား။

ဒီတော့ တခြားဘော်ဒါတစ်ယောက်ကားနှင့်လိုက်ခဲ့ပြီး လမ်းထိပ်မှာပဲဆင်းကာ လမ်းအတွင်းထဲ တစ်ယောက်တည်းလျှောက်ခဲ့သည်။

အပြင်မှာ လရောင်မှုန်မှုန်လေးက လင်းနေပါသည်။

အိမ်ရောက်ရင်လည်း ဂုဏ်ရှိန် အိပ်ရာဝင်နိုင်ဦးမှာမဟုတ်ပါ။

ဂုဏ်ရှိန်က ဘယ်သူ့မှမနိုးအောင် သံပန်းတံခါးသော့ကို သာဖွင့်ကာ အိမ်ထဲလှမ်းဝင်လိုက်သည်။

ခြေသံဖွဖွနှင့် သူ့အခန်းဆီသွားကာ ရေခဲသေတ္တာကိုဖွင့်ပြီး (SHARK)အချိုရည်တစ်ဗူး ဆွဲထုတ်လိုက်သည်။

ပြီးလျှင် ဂစ်တာဆွဲကာ သူ့အိမ်ပြင်သို့ ပြန်ထွက်လာသည်။

ခြံထဲဆင်းပြီး အေးအေးဆေးဆေး ဂစ်တာတီးမည်ဟု ရည်ရွယ်သည်။

လရောင်ဖြာသော ညကလေးက သူ့ကို ဆွဲဆောင်နေသည်





မဟုတ်လား။

ဟာ။

ရုတ်တရက် သူ့ခြေလှမ်းတွန့်ကာ အံ့သြသွား၏။

ခုံတန်းလျားပေါ် ခပ်မှိုမှိုလေးထိုင်နေတဲ့ ကျောပြင်လေးတစ်ခု ဆံနွယ်လေးတွေက အဖျားမှာ ခပ်ခွေခွေလေးတွေ လိမ်ယှက်နေတာ။

ဆွယ်တာတစ်ထည်မရမ်းနေရောင်လေးနှင့်။

ဒါ ကိုယ့်ရင်ထဲက ဘုရင်မလေးပဲ။

မြင်ကွင်းကို မယုံနိုင်အောင် ကြည့်နေမိကာ သူ့ရင်ခုန်သံတွေ တဒိတ်ဒိတ် ဆောင့်ခုန်တိုးလာသည်။

သူတမ်းတနေရသော ချစ်သူလေး။

လရောင်ဖြာသော ညချမ်းလေးမှာ ခြံထဲသို့ ဆင်းထိုင်နေပါရောလား။

သူမတစ်ယောက်တည်း ယွန်းနီကိုမတွေ့။

ဘာမှမစဉ်းစားနိုင်ဘဲ သူ့ခြေလှမ်းတွေ ငြိမ့်သဲဆီသို့ ဦးတည်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကြည်နူးပျော်ရွှင်မှုတွေနှင့် လှိုက်ခုန်နေသည်။

ခြိမ့်သဲက ခုံတန်းပေါ်မှီလျက်သား ခြံပြင်ဆီသို့ မျှော်ကြည့်နေမိသည်။

ခုတလော ညဖက် ခြံထဲမဆင်းဖြစ်တာကြာပြီ။ သူရောက်လာမှာစိုး၍ ဝရန်တာလည်းထွက်မထိုင်ရဲ။

ယွန်းနီဆီလာရင်တောင် သူမက အတွေ့မခံဘူးလေ။

ဂုဏ်နဲ့လည်း ခြိမ့်သဲ ရန်မဖြစ်ချင်။

မျက်နှာချင်းဆိုင်မိတာနှင့် ပြဿနာတက်ရတာပဲရှိတော့ စကားနည်း ရန်စဲရုံမက တွေ့ပါအတွေ့မခံတော့ ရှင်းရောပေါ့။

ဒီညတော့ ခပ်စောစောကတည်းက သူငယ်ချင်းတွေနှင့် ဂုဏ်ရှိန် အပြင်ထွက်သွားတာ သူမတွေ့ခဲ့သည်။

ဆယ်နာရီကျော်တဲ့အထိလည်း ပြန်ရောက်မလာ။

ဒါကြောင့် ခြိမ့်သဲက စိတ်ချလက်ချ ဆင်းထိုင်နေတာ။

တကယ်လို့ သူပြန်လာလို့ ကားသံကြားပြီဆိုတာနှင့် အိမ်ပေါ် လစ်ခနဲတက်ပြေးဖို့လည်း စဉ်းစားထားသည်။

ဒါကြောင့်လည်း ခြံတံခါးဝကိုမြင်နေရတဲ့ ဒီခုံတန်းလေးမှာ





ထိုင်နေတာ။

ကားမတွေ့တော့ သူမရောက်သေးဘူးလို့ဘဲ အပိုင်တွက်ထားတဲ့ ခြိမ့်သဲဟာ အိမ်ဖက်ကိုပင် လှည့်မကြည့်ဘဲ ကျောလုံလုံနှင့် ခပ်ငေးငေးရှိနေသည်။

ထိုအချိန်မှာပင် သူမနောက်နားက ခြေသံတစ်ခုနှင့်အတူ

“ခြိမ့်သဲ”

“ဟင်”

ရုတ်တရက် သူမနာမည်ခေါ်သံကြောင့် ဆတ်ခနဲပင် တုန်သွားရ၏။

ဂုဏ်ရှိန်က သူမနားသို့ မထင်မှတ်ဘဲ ရောက်လာသဖြင့် မျက်လုံးလေးလည်း ဝိုင်းစက်ပြူးကျယ်သွားရ၏။

ထင်သလို တံခါးအပြင်ဘက်က ကားသံမကြားရဘဲ နောက်ကျောဘက်က ဂုဏ်ရှိန်ပေါ်လာတော့ သူမ ရှောင်ပြေးချိန်မရတော့ပေ။

ခြိမ့်သဲရဲ့ ဆတ်ခနဲလှည့်ကြည့်ဟန်လေးမှာ အလန့်တဖျန့်။

သူဟာ ခြိမ့်သဲ မတွေ့လိုမမြင်လိုတဲ့ လန့်စရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လား။

ဂုဏ်ရှိန်က သူမကို စူးစူးနစ်နစ် ခပ်တည်တည်စိုက်ကြည့်နေမိသည်။

သူကြည့်နေပုံက လွမ်းလွမ်းဆွတ်ဆွတ် ဝေးရီရီနှင့် ခံစားချက်ပါလွန်းတာမို့ ခြိမ့်သဲရင်မှာ ရုတ်တရက် နွေးခနဲဖိုသွားရလေသည်။

တကယ်တမ်း ခြိမ့်သဲ သူ့အကြည့်ကို ရင်မဆိုင်ရဲ။

ရှောင်လက်စနှင့် သူ့ကို ဆက်ပြီးရှောင်နေမယ်လို့သာ စိတ်ကူးတာမို့ အခု ဘယ်လိုလုပ်ရင်ကောင်းမလဲ အပြေးအလွှားစဉ်းစားရသည်။

သူနဲ့ခြိမ့်သဲဟာ ဘယ်တော့မှ စကားပြော အဆီအငေါ်တည့်မှာလည်းမဟုတ်။

သူ့ရှေ့မှာ ခြိမ့်သဲရှိမနေချင်။

သူနဲ့ခြိမ့်သဲတို့ဟာ ခပ်ဝေးဝေးနေကြရင်သာ အကောင်းဆုံးဖြစ်လိမ့်မည်။

ခြိမ့်သဲက ရုတ်တရက် ဖျတ်ခနဲ မတ်တပ်ရပ်လိုက်မိ၏။





ဂုဏ်ရှိန်ကလည်း ခြိမ့်သဲ ရှောင်ထွက်သွားမည်ဆိုတာကို ရိပ်မိစွာနှင့် သူမရှေ့ ရုတ်တရက် ပိတ်ကာရပ်လိုက်သည်။

ဒီတစ်ခါ သူ့မျက်စိအောက်က ထွက်သွားခွင့်မပေးနိုင်။ ရှောင်ပုန်းနေသူလေးကို အမိအရဖမ်းလိုပါသေးသည်။

ခြိမ့်သဲသည် သူ့အမူအရာ ပိုင်စိုးပိုင်နင်းကိုပင် အမြင်ကပ်မိပြန်၏။

ချစ်ရေးဆိုထားတာနှင့်ပဲ အဲဒီမိန်းမကို သူပိုင်သွားပြီမို့လို့လား။

ခြိမ့်သဲမှာ လွတ်လပ်စွာ ငြင်းဆန်ခွင့်မရှိရတော့ဘူးလား။

သူ ခြိမ့်သဲကိုကြည့်ပုံက သူ့ကိုယ်သူ အပိုင်တွက်လွန်းတဲ့ပုံ။ မျက်လုံးတွေက ယမကာကြောင့်ပဲ ပိုရီဝေနေသလား။

ထိုပုံစံကြောင့်ပဲ ခြိမ့်သဲကလည်း မကျေမချမ်းဖြစ်မိတာ။

ဘာမှစကားမဆိုဘဲ မျက်လွှာလေးချကာ သူ့ကိုယ်ကြီးကို ကွေ့ပတ်ရှောင်ထွက်လိုက်ဖို့ပြင်သည်။

"ခဏနေပါဦး"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲက လှစ်ခနဲပြေးဖို့ကြံစဉ် သူက လက်ကောက်ဝတ်ကို ဖြုန်းခနဲ ဖမ်းဆွဲတော့ ခြိမ့်သဲကိုယ်လေးမှာ သူဆောင့်ဆွဲလိုက်တဲ့အရှိန်ကြောင့် သူ့ရင်ခွင်ထဲ ယိုင်ခနဲ ပြစ်ကျသလိုဖြစ်သွားရ၏။

"ဘာလုပ်တာလဲ လွှတ်"

သူ့ထံမှ ရှန်းထွက်ရင်း ရန်လိုသံနှင့် ခပ်စွာစွာဆိုမိ၏။

"နင် ဘာလို့ထွက်ပြေးတာလဲ၊ ငါ့ကို စကားမပြောချင်ဘူးပေါ့ ဒီလိုလား"

"ဟုတ်တယ်"

ခြိမ့်သဲအဖြေကြောင့် ဒေါသပိုထွက်ပြီး သူမကို ပခုံးလေးမှ တင်းတင်းဆုပ်ကိုင်၍ စေ့စေ့ကြည့်မိသည်။

သူမမျက်လုံးထဲမှာ သူ့အပေါ် ခနိုးခနဲ့အရိပ်တွေရှိချင်ရှိပေစေ။ အရွဲ့တိုက်ခြင်းနဲ့ ပမာမခန့်ပုံစံလေးဖြစ်ချင်ဖြစ်ပစေ။ ဒါပေမဲ့ ကိုယ့်အပေါ် ဥပေက္ခာဆန်ဆန်တော့ မကြည့်ပါနဲ့ကွာ။

နီးကပ်နေသော သူ့မျက်နှာကို မော့ကြည့်ကာ ခြိမ့်သဲ၏ မျက်နှာလေးကို နောက်သို့တိမ်းလိုက်သည်။

ဟိုတစ်ခါလို ဖွတ်အနမ်းပေးမှာစိုးစိတ်နှင့် လူက ရင်ဖိုလာ





သည်။

"ဂုဏ်ရှိန်"

သူမက သတိပေးသလို ခပ်ဆတ်ဆတ်ခေါ်ရင်း ပခုံးကလေးကိုရုန်းသည်။

"ဖယ်နော် ဂုဏ်၊ နင်အဲလိုလုပ်တာ ငါမကြိုက်ဘူးဟဲ့ သိရဲ့လား"

တုန်ယင်အဖျားခတ်နေသော အသံလေးဖြင့် ခြိမ့်သဲက ကြိတ်ပြောသည်။

တစ်ခြံလုံး တိတ်ဆိတ်အိပ်မောကျနေတယ်ဆိုပေမဲ့ တစ်ယောက်ယောက်နိုးလာခဲ့လို့ မြင်တွေ့သွားရင် ဘယ်လိုလုပ်မလဲ။

"နင် အဲလို သူစိမ်းဆန်တာကို ငါမခံနိုင်တော့ဘူး ခြိမ့်၊ ငါ့ကိုပြန်မချစ်သေးရင်လည်း ဒီလိုတော့ မရှောင်ပါနဲ့ဟာ နော်"

"ငါ ဘာသာငါနေတာပဲ"

"အရင်လိုပဲလား"

"အို ဒါကတော့ ဂုဏ်မှ အရင်လိုမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နားမှာ ခဏလေးနေစမ်းပါဦး"

"ညဉ့်နက်နေပြီ အိမ်ပေါ်တက်တော့မယ်"

"ခဏလေးပါဟာ"

"ဟင့်အင်း ငါ့ကိုလွှတ်"

"နင်ထွက်ပြေးမှာစိုးလို့ပါ"

"ဂုဏ်နော်၊ အပိုတွေမပြောနဲ့"

"ငါနမ်းမိမှာစိုးလို့လား"

သူ့စကားကြောင့် ခြိမ့်သဲ ရှက်ရွံ့ကာ ပါးပြင်လေးတွေ နွေးသွားရသည်။

လရောင်အောက် ဆိတ်ငြိမ်သောနေရာလေးမှာ သူနှင့် နှစ်ယောက်တည်း အတူရှိနေတာကိုက ခြိမ့်သဲရင်တွေ ဖြောင်းဆန်အောင် ဖန်တီးသလိုဖြစ်နေတာ။

သူ့ရဲ့ ချစ်တယ်ဆိုတဲ့စကားကို ခြိမ့်သဲ ခဏခဏ နားမထောင်ရဲ။

သူ ခြိမ့်သဲ့ပခုံးကို ဆုပ်ကိုင်ထားရာမှ လွှတ်မပေးတာနဲ့ ရှက်ဒေါသနှင့် သူ့ကို စူပုတ်ပုတ်ကြည့်မိသည်။





"အခု ငါဘာလုပ်သေးလို့လဲ"

"ဖယ်ပေးလို့ပြောနေတာ မရဘူးလား၊ နင် ငါ့ကို ဘယ်လို မိန်းမထင်နေလဲ"

"မသိဘူး၊ ငါ့စိတ်ထဲမှာ နင်က ငါချစ်သူပဲ၊ နင့်ကိုမြင်ရင် ငါ မချစ်ဘဲမနေနိုင်ဘူး ခြိမ့်သဲ၊ အဲဒါ ငါ့အမှားပဲဆိုရင် ငါ့ကို ကြိုက်သလိုလုပ်၊ ငါ နင့်ကို ဆုံးရှုံးမခံနိုင်ဘူးကွာသိလား၊ နင့်ကို အရမ်းချစ်တယ်"

ငြင်းဆန်ခွင့်ပင်မပေးဘဲ ကိုယ်လုံးအိအိနွေးနွေးလေးကို သူ့ရင်ဘတ်နှင့် ဖြုန်းခနဲဆွဲကပ်ကာ ရင်ခွင်ထဲ တအားမြုပ်အောင် ဖက်ထားပစ်လိုက်သည်။

အိုကွာ သူမကိုယ့်ကို မကျေနပ်လို့ ရိုက်ချင်တယ်ဆိုလည်း ထုရိုက်ပစေတော့။

ခြိမ့်သဲ သူ့ကိုယ်ကြီးကို တွန်းထိုးဖယ်ရှားသော်လည်း သူက အချစ်စိတ်မွှန်နေသလို ဘာကိုမှ ဂရုမစိုက်။

ခြိမ့်သဲကိုယ်လေးကို တင်းတင်းကျပ်ကျပ် တအားပွေ့ဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲ ရှန်းဖို့ကြိုးစားပေမဲ့ ဘယ်လိုမှရှန်းမရ။

ဂုဏ်ရှိန်က သူမပါးပြင်လေးကို တရွတ်ထိုးထိကပ်သည်။

မျက်နှာလေးကို တိုးတိုးဖော့ဖော့နှင့် ကမူးရှူးထိုးနမ်းရှိုက်သည်။

ဖက်ထားရင်းပင် ပျောက်သွားမလား စိုးနေတဲ့အတိုင်း မချင့်မရဲအနမ်းများကြောင့် ခြိမ့်သဲမှာ မလူးသာမလွန့်သာ အငိုက်မိသွားရသည်။

သူသည် ခြိမ့်သဲကို အတင်းအကျပ်ပင် အနီးနားက သစ်ခွအိမ်မှောင်ရိပ်လေးအောက်သို့ ဖွတ်ဆွဲခေါ်လာသည်။ ပြီးတော့ ကျေနပ်သည်အထိ အထပ်ထပ်အခါခါ နမ်းရှိုက်သည်။

အတန်ကြာမှ ခြိမ့်သဲ သူ့ရင်ဘတ်ကို လက်အစုံဖြင့် အတင်းတွန်းဖယ်မှဘဲ သူက အသာအယာခွာပေးသည်။

ခြိမ့်သဲမှာ တစ်ကိုယ်လုံး ပူထူတုန်ယင်ပြီး ဘာဖြစ်သွားမှန်းမသိအောင် မွှန်းကျပ်လိုက်မောသွားရ၏။

စကားပင်ဟဟမဆိုနိုင်။

"ခြိမ့်သဲ"





"နှင်ယောက်ျားဖြစ်ပြီး သိပ်အနိုင်ကျင့်တာပဲ"

သူမရဲ့အသံလေးက တိုးဖျော့နေ၏။

"အဲလိုမပြောပါနဲ့ကွာ၊ ငါ အရမ်းချစ်လို့ပါ"

"ဘာချစ်တာလဲ၊ နှင့်ဘာသာ တစ်ဖက်သတ်ချစ်လည်း မတတ်နိုင်ဘူး၊ ငါနှင့်ကို မချစ်ဘူး၊ လုံးဝမချစ်ဘူးသိရဲ့လား"

"မရဘူး မချစ်လို့မရဘူး၊ ငါပြောထားပြီးသား နင်ငါ့ကိုပြန်ချစ်ရမယ်"

သူသည် သူမမုန်းတီးမြဲ တရွတ်ထိုးလေသံနှင့်သာ အချစ်ရူးကြီးတစ်ယောက်လိုသာ ဖွတ်တိုးပြောလေသည်။

သူမရဲ့ငြင်းပယ်မှုကို ဂရုမစိုက်။

ပေါက်ကွဲနေသော သူ့ပုံစံကို ခြိမ့်သဲ လန့်လည်းလန့်မိပါသည်။

"ငါမြတ်နိုးတဲ့မိန်းကလေးကို ဘယ်သူ့လက်မှလည်း အပါမခံနိုင်ဘူး ဒါပဲ"

ဂုဏ်ရှိန်က ကျန်စကားကိုသာထပ်ပြောရင်း သူမရှောင်တိမ်းနေတဲ့အထဲကပင် အနမ်းနွေးနွေးလေးများ ဆက်ကာခြွေနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမကိုယ်လုံးလေးမှာ ဂုဏ်ရှိန်ရင်ခွင်ထဲက မလွတ်နိုင်ပေ။ သူ့လက်များက တင်းကျပ်စွာ ရစ်သိုင်းဖက်တွယ်ထားသဖြင့် ရုန်းဖို့ခက်လှသည်။

ခြိမ့်သဲသည် စိတ်ဆိုးသော်လည်း ရုန်းရင်းဆန်ခတ်နှင့် အသံဗလံတွေကြောင့် တစ်ယောက်ယောက်နိုးသွားမှာလည်း စိုးရိမ်ကာ ကြိတ်သာရုန်း၏။

သူမရဲ့ အသက်ရှူသံလေးက မြန်ဆန်လာရင်း

"ဂုဏ် ဖယ်တော့နော်"

ရုန်းထွက်လို့မရတာမို့ ခြိမ့်သဲက လေသံကိုလျှော့ကာ ဖွဖွ တောင်းပန်မိသည်။

"ငါ့ကိုချစ်လား ချစ်တယ်မို့လား"

သူကလည်း လက်မလျှော့ဘဲ တိုးသက်စွာမေးသည်။

"ဖြေလေကွာ"

"ဟင့်အင်း"

သူမခေါင်းယမ်းမိသည်။





ခေါင်းလေးယမ်းတဲ့ ခြိမ့်သဲကြောင့် သူ့ပို၍ စိတ်တိုကာ ခပ်ကြမ်းကြမ်းပဲ ပြန်ဖက်ထားလိုက်သည်။

သူလိုချင်သော အဖြေစကားကို ခြိမ့်သဲကမပေးသဖြင့် သူက ပိုတိုးပြီး ကိုယ်လေးကို ဖျစ်ညှစ်မိသလိုဖြစ်သွားသည်။

ခြိမ့်သဲက မျက်နှာလေးအတင်းမော့ကာ အသက်ရှူရင်း

"ဂုဏ်လွှတ်ရင်ဖြေမယ်လေ"

ဟု ချော့မော့လိုက်သည်။

"တကယ်နော်"

သူမယုံမရဲ ဖြေလွှတ်ပေးတာနှင့် ခြိမ့်သဲက လှစ်ခနဲပြေးပါလေတော့သည်။

"ဟာကွာ"

သူ့ရဲ့ မချင့်မရဲအသံကြောင့် ရင်တုန်မပြယ်သည့်ကြားမှ ခြိမ့်သဲရယ်ချင်သွားမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ယွန်းနီ"

"ဟင်"

"ခြိမ့်သဲရော သူဘယ်မှာလဲ"

"အပြင်ခဏသွားတယ်"

"ယွန်းနီ ငါ့ကိုမညာနဲ့ဟာ၊ သူ အခန်းထဲမှာရှိတယ် မဟုတ်လား"

"ဩော် မရှိပါဘူးဆိုမှ"

ဂုဏ်ရှိန့်ပုံစံက ဂျစ်ကန်ကန်နှင့် အလိုမကျစိတ်မောနေဟန်။

"ငါ ခြိမ့်သဲနဲ့စကားပြောချင်တယ်"

"ခြိမ့်သဲပြန်လာရင် ယွန်းနီပြောပေးမယ်လေ"

"ငါ သည်းမခံနိုင်တော့ဘူး ယွန်းနီရာ၊ သူ ဟိုကောင်နဲ့တွဲနေတုန်းပဲလား"





"အဲဒါတော့ ယွန်းနီလည်းမသိဘူးလေ"

ယွန်းနီက သူမပေါ် စက်ကွင်းမလွတ် ပြဿနာရှာခံရမှာစိုး၍ ဘူးခံလိုက်ပါသည်။

"အခု ဘယ်ကိုသွားတာလဲ သူတစ်ယောက်တည်းလား"

"အေးလေ၊ ခါတိုင်းလည်း သူတစ်ယောက်တည်းသွားလာနေကျပဲဥစ္စာ၊ ဂုဏ်ရယ်၊ အေးအေးဆေးဆေးထိုင်စမ်းပါဦး၊ နင်ဘာဖြစ်နေတာလဲ"

ယွန်းနီက ဝရန်တာကခုံမှာ သူ့ကို ထိုင်ဖို့ပြောလိုက်တာ။ သူ့ပုံစံတာ မျာယိမျာယာနှင့် ပူလောင်ပူစပ်ဖြစ်နေတာ ကြည့်မရလွန်းလို့ပါ။

"ငါစိတ်မချဘူး ယွန်းနီရာ၊ ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ နင် "ကိုယ်ချင်းစာတတ်မှာမဟုတ်ဘူး"

"အေးပါ အဲဒါတွေ ဖြည်းဖြည်းပြောစမ်းပါ၊ ဂုဏ် အဲလို အရမ်းသွားချပ်ချယ်နေရင် ခြိမ့်သဲ စိတ်ညစ်ပြီး ပိုတောင်အတွေ့မခံဖြစ်နေဦးမယ်"

"ဒီမှာ ယွန်းနီ၊ ငါ ပွင့်ပွင့်ပဲပြောမယ်၊ ဟိုညက သူနဲ့ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးပြီ၊ သူ ငါ့ကို အဖြေပေးမယ်ဆိုလို့ ငါစောင့်နေတာ"

"ဟင် ဟုတ်လား၊ ခြိမ့်သဲက ဘာမှလည်းမပြောပါလား"

ဂုဏ်ရှိန့်စကားကြောင့် ယွန်းနီ အံ့အားသင့်မိ၏။

ခြိမ့်သဲဟာ တစ်ဖက်မှကိုစည်သူ့ကို မပြတ်သားနိုင်သေးပဲ ဒီဖက်မှာ ဂုဏ်နှင့် ချိန်းတွေ့တယ်ဆိုတာက မဖြစ်နိုင်။

သို့သော် ဂုဏ်ပုံစံကြည့်ရတာလည်း ညာနေတာဟုတ်ပုံမရ။

သူမစဉ်းစားရပင် ခက်သွားလေသည်။

"ယွန်းနီ ငါ့ကို နည်းနည်းပါးပါးကူညီစမ်းပါ၊ ငါ ခြိမ့်သဲကို ဆုံးရှုံးမခံနိုင်ဘူးကွာ"

"ယွန်းနီက ဘာကူညီရမှာလဲ"

"စည်သူ့ကိုဖြတ်လိုက်ဖို့လေ"

ယွန်းနီ ငြိမ်ကျသွားရ၏။

ဒါက ခြိမ့်သဲကိုယ်ရေးကိုယ်တာလေ။ သူ့ရဲ့နှလုံးသားရေးရာကိစ္စထဲ ကိုယ်ဝင်စွက်လို့ရနိုင်ပါ့မလား။

"နင်လည်း ငါနဲ့ပဲသဘောတူတယ်မို့လား"





"အင်း တူတာကတူပါတယ်၊ ဒါပေမဲ့ ခြိမ့်သဲသဘောထားကရှိသေးတယ်လေ"

"ငါ့ကိုလက်ခံဖို့ တိုက်တွန်းပေးစမ်းပါ"

သူ့အတင်းအကျပ်ပြောလျှင် ရင်ထဲ ကရုဏာသက်ရကာ ခေါင်းညိတ်မိ၏။

"အင်းပါ ငါသူနားဝင်အောင် ပြောပေးပါဦးမယ်"

"ငါ့ချစ်သူကို ဆက်တွဲနေရင်တော့ စည်သူလည်းမလွယ်ဘူး"

ယွန်းနီ မျက်လုံးပြူးသွားရကာ

"ဟယ် နင်အဲလိုတော့ ပြဿနာသွားမရှာပါနဲ့ဟာ၊ တော်ကြာ အခြေအနေပိုဆိုးကုန်ပါ့မယ်"

"နင် ငါ့ဘက်မှာရှိမှာလား"

ယွန်းနီ မျက်စောင်းလေးချီမိကာ

"ဂုဏ်ဘက်မှာမရှိလို့ ယွန်းနီက ဘယ်မှာရှိရမှာလဲ"

"ခြိမ့်သဲလည်း နင့်လိုလိမ္မာရင်ကောင်းမယ်"

"ဂုဏ်ရယ်၊ နင်ကလည်း သူမကြိုက်တာမလုပ်နဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်က နှုတ်ခမ်းကို တစ်ချက်သပ်ကာ ဆံပင်တွေပင့်တင်ရင်း

"ခြိမ့်သဲက ဘာပြောလို့လဲ"

တစ်ခုခုများပြောထားသလားတွေးကာ ဂုဏ်ရှိန် ရင်ခုန်မြန်သွားရ၏။

"ဂုဏ်အပြုအမူ အပြောအဆိုတွေကြောင့် သူနားလည်မှုလွဲနေတယ်လို့ထင်လို့ပါ"

ဂုဏ်ရှိန်က ယွန်းနီမျက်နှာလေးကိုကြည့်ကာ သူနှင့် ခြိမ့်သဲကြားမှာ တကယ်ပဲ နားလည်မှုတွေလွဲမှားနေတာလားဟု ပြန်စဉ်းစားကြည့်မိသည်။

"ဂုဏ်ဖက်က စိတ်ရှင်းရှင်းနဲ့ သူ့ကို သဘောကျပေမဲ့ သူ့စိတ်ထဲမှာ ဒီလိုမရှင်းဘူး၊ တစ်ခါတလေလွဲမှားတဲ့ သံသယတွေက တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ တော်တော်ဒုက္ခပေးတတ်တယ်ဟ၊ နင့်သူ့ကို ဂမူးရှူးထိုးနဲ့ ချဉ်းကပ်တာထက်စာရင် စိတ်ရှည်ရှည်သည်းခံစောင့်ပေးတာက ပိုကောင်းမယ်လို့ထင်တယ်"

ဂုဏ်ရှိန်က ကျွတ်ဟု စုပ်သပ်ခေါင်းတစ်ချက်ယမ်းကာ





"မဖြစ်ပါဘူး၊ ငါ့ဘက်က စိတ်ရှည်ရှည်စောင့်နေရင် ဘို ကောင့်နောက်ပါသွားမှာပါ၊ ငါ့ခံစားချက်ကို နင်နားမလည်ပါဘူး ယွန်းနီရာ"

"နင့်ခံစားချက်ကို နားမလည်တာမဟုတ်ဘူး ဂုဏ်ရေ၊ ငါက မိန်းကလေးချင်းမို့ သူ့သဘောထားကိုသိနေလို့"

"အဲလောက်သိနေရင်လည်း ငါချစ်တာရှင်းပြလိုက်"

ဂုဏ်ရှိန်ရဲ့ ပွင့်ပွင့်လင်းလင်း ငါချစ်တာဆိုတဲ့ ဖွင့်ဟဝန်ခံစကားကြောင့် ယွန်းနီရင်ထဲ တစ်မျိုးသော ခံစားချက်လေး ဖြတ်ပြေးသွားရ၏။

သူ့ယွန်းနီထံမှာ မရှက်စတမ်း ရင်ဖွင့်နေတာ သူ့ရင်ထဲက ထုထည်ကြီးမားခိုင်ခန့်သော မေတ္တာတွေကြောင့်ပဲဆိုတာ စာနာနားလည်ပေးမိပါသည်။

ဂုဏ်ပုံစံကို သနားသလိုလည်းဖြစ်မိသည်။

အချစ်ကြောင့်ဖြစ်ရတဲ့ စိတ်အနှောင့်အယှက်တွေဆိုတာက ကိုယ်ထင်တာထက် ပြင်းထန်နက်ရှိုင်းနေတတ်တယ် မဟုတ်လား။

လတ်တလောမှာ သူ့ကို ဖျောင်းဖျဖို့ကမလွယ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီရိပ်စားမိလာသည်။

"ခြိမ့်သဲခြေလှမ်းပျက်နေတာတွေ မမအင်ကြင်းကို ငါပြော လိုက်မယ်၊ ကိုစည်သူဆိုတာ မမအင်ကြင်းကြောင့် သိက္ခာမဲ့ရင်းနှီး တဲ့သူလေ၊ ဒီကိစ္စတွေ မမလည်းသိသင့်တာပေါ့"

ဂုဏ်လုပ်ကိုင်နေပုံတွေကြောင့် ခြိမ့်သဲတစ်ယောက် ဗိုလ် စိတ်ဆိုးတော့မှာ မြင်ယောင်သည်။

သူ့ကိုယ်ရေးကိုယ်တာကိစ္စ တစ်ဘက်လှည့်နှင့် ဖိအားပေး အကျပ်ကိုင်တယ်လို့ပဲ ဟိုကယူဆဦးမှာ။ ကြည့်နေ။

ယွန်းနီမှာ ပင့်သက်ကလေးသာရှိုက်မိ၏။

ဒီနှစ်ယောက်ရဲ့ ပဋိပက္ခကလည်း မလွယ်ပါလား။

ယွန်းနီလည်း ဝင်မရှင်းပေးတတ်။

ဂုဏ်ရှိန်ဖြစ်စေချင်တာက စည်သူ့ကို ချက်ချင်းအဆက်ဖြတ် သူ့ကိုချက်ချင်းလက်ခံ။

ခြိမ့်သဲကလည်း ဒီလိုအမိန့်ပေးတာ အနိုင်ပိုင်းတာ တစ်ဖက်သတ်ဆန်တာ တစ်ကိုယ်ကောင်းဆန်တာတွေကို အမုန်းဆုံး ပဲလေ။





ချစ်ခြင်းမေတ္တာဆိုတာကလည်း သိပ်ကိုနက်နဲသိမ်မွေ့ပြီး ဆန်းကြယ်ရှုပ်ထွေးတယ်မဟုတ်လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခြိမ့်ခြိမ့်သဲသည် အားလပ်ရက်ကလေးတစ်ရက်မှာ စိတ်လို လက်ရနှင့် အိမ်သန့်ရှင်းရေးလုပ် ဖုန်ခါလှည်းကျင်းနေမိသည်။

ဆံပင်တွေကို နောက်စေ့ထိပ်ပေါ် ကလစ်နှင့် ဖြစ်သလို ခေါက်တင်ကာ ရှပ်အင်္ကျီလက်ရှည် နက်ပြာကွက်ကလေးနှင့် လုံခြည် က အောက်ခြေမှာ အမိတ်ကလေးအနားဖွာနေသော ကချင်ထည် မှောင်မှောင်လေးကို ဝတ်ဆင်ထားသည်။

မျက်နှာလေးမှာ ဘာမှမလိမ်းခြယ်ပဲ ပြောင်တလင်းလေး နှင့်သာ ဝင်းပနေပါသည်။

သူမက အလုပ်လုပ်ရင်း သီချင်းနားထောင်ရင်းပင် ဆိုဖာ ဆက်တီကို ကြက်မွေးလေးနှင့်ခါ၍ မှီအုံးအသည်းပုံလေးတွေကို နေရာတကျ ထားသိုနေသည်။

အရှိကို အရှိအတိုင်းသာ ဖွင့်ပြောမည်×××





မြင်မြင်ချင်း မင်းကိုချစ်သွားပြီ×××
ပိုင်ဆိုင်တဲ့အသည်းကို အရှုံးပေးခဲ့ရ×××
ဒါအချစ်ပဲလား စိတ်မှာမေးသည်×××
နားလည်မှုတံခါးတွေ ဖွင့်ထားသည်×××
အကြင်နာစကားလေးတွေ မျက်ဝန်းဆီ×××
ပိုင်ရှင်မဲ့အချစ်ကို ပေးအပ်ခဲ့ပြီ×××
ကိုယ်မညာတော့ဘူး မင်းကိုချစ်သည်×××
မင်းပြုံးလိုက်ရင်လည်း အိပ်မက်တွေအထိပဲ×××
လိုက်နှောင့်ယှက်သည်×××
အိပ်မက်ထဲမှာလို ဘယ်အချိန်ပဲကြည့်ကြည့်×××
ပြန်တွေးတိုင်း ရင်ခုန်လာသည်×××
ချစ်သူလေးရှိရာ ဟိုအဝေးဆီ×××
လာရာလမ်းကို မျှော်တက်ပြီ×××

ခြိမ့်သဲက သီချင်းကို အသံတိုးလေးနှင့် လိုက်ဆိုနေမိခိုက် ထဲ

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံသဲ့သဲ့က ထွက်ပေါ်လာ၏။

ခြိမ့်သဲက နောက်ဖက်သို့ လှည့်ကြည့်လိုက်လျှင် ဒိန်းခနဲ ရင်ခုန်သံနှင့်အတူ မျက်လုံးလေးဝိုင်းသွားရ၏။

တံခါးခေါက်နေပြီမို့ မကြားချင်ယောင်ဆောင်နေလို့လည်း မရ။ ဟူး ဘယ်လိုလုပ်ရမလဲ။

ယွန်းနီလည်း အိမ်မှာမရှိ။

သူက ဒီအချိန် ခြိမ့်သဲတို့ဘက် ဘာလို့ရောက်လာတာလဲ။

"ခေါက် ခေါက်"

ဂုဏ်ရှိန်က မှန်တံခါးလေးကို ဖြေးဖြေးထပ်ခေါက်သည်။

မီးပျက်နေချိန်မို့ လူခေါ်ဘဲလ်လေးက တီး၍မရ။

မှန်ချပ်နှင့်လိုက်ကာ အဝါဖျော့ဖျော့လေးကြားကနေ ဂုဏ်ရှိန်က အသာချောင်းကြည့်ရာ ဧည့်ခန်းမှာ ခြိမ့်သဲကို လှမ်းတွေ့ရသည်။

ဒီတစ်ခါတော့ ရှောင်ပုန်းချိန်မှီမှာမဟုတ်။

အပြင်ကနေ တံခါးခေါက်နေတာ သူမ မကြားဘူးလား။

"ဟိတ် ခြိမ့်သဲ"





ဂုဏ်ရှိန်က အသံပြုလိုက်သည်။

ခြိမ့်သဲသည် ဆက်ပြီးငြိမ်နေလို့မကောင်းတာမို့ တံခါးရှိရာ လျှောက်လာခဲ့ရသည်။

သူနှင့် ခုလို တစ်ခါမှ ပက်ပင်းမတိုးဖူးသေး၍ တံခါးကို ဖွင့်ရကောင်းနိုး တခဏစဉ်းစားနေမိသေးသည်။

သို့သော် မဖွင့်ဘဲနေလို့က ရမည်မထင်။

သူက အပြင်ကနေတွေ့ပြီးနေပြီ။

ခြိမ့်သဲကိုမြင်ပြီးမှ တံခါးမဖွင့်လို့ကတော့ အားမနာတတ်တဲ့ ဂုဏ်က အပြင်ကနေ အဆက်မပြတ်အော်ဟစ်ခေါ်နေတော့မှာ သူမသိသည်။

သူမသည် ချီတုံချတုံနှင့်ပင် စိတ်တွေလှုပ်ရှားနေမိသည်။

ချက်ချင်းမဖွင့်ဘဲ ငြိမ်သက်ရပ်ကြည့်နေတဲ့ ခြိမ့်သဲကို သူ စိတ်မရှည်။

"ဘာလုပ်နေတာလဲ ဖွင့်လေ"

သူက ထပ်ခေါက်ပြီး တိုက်တွန်းသည်။

ကဲလေ မတတ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲက မျက်မှောင်လေးကုတ်၍ ခပ်တင်းတင်းမျက်နှာထားနှင့်ပဲ တံခါးကို ဖွင့်ဟပေးလိုက်သည်။

"ဘာကိစ္စလဲ"

သူက မျက်ခုံးပင့်ပြီး

"ဆက်ဆံရေးကကျွဲလှချည်လား၊ ကိစ္စမရှိဘဲ မလာရဘူးလား"

"ငါမအားဘူး၊ နင့်ကို ဧည့်မခံနိုင်ဘူး"

ခြိမ့်သဲ့စကားသံ ခပ်မာမာကြောင့် သူ့မျက်နှာမှာ မှုန်တည်တင်းမာသွားသည်။

သို့သော် သူက အိမ်ထဲသို့ ဖျတ်ခနဲ လှမ်းဝင်လိုက်ပါသည်။

"ဘာလို့ အရမ်းစွပ်ဝင်တာလဲဟဲ့"

"ငါ အရင်ကလည်း ဒီအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်နေကျပဲ"

"အဲဒါက အရင်ကလေ၊ အခု ငါကမှ နင့်ကိုမကြိုဆိုတာ"





"ကျွတ် ဘာပြောတယ် ခြိမ့်သဲ"

သူက ခြိမ့်သဲပခုံးကို ဖျတ်ခနဲ လာဆုပ်တာမို့ သူမက သူ့လက်တွေကို ဖယ်ရှားပစ်လိုက်သည်။

"နင်က စည်သူ့ကိုကျ ကြိုဆိုစောင့်မျှော်နေမယ်ပေါ့ ဟုတ် လား"

"ဟုတ်တယ်"

"တောက်"

"ယွန်းနီမရှိဘူး၊ နင်ပြန်တော့"

ဂုဏ်ရှိန့်မျက်နှာ အမူအယာမှာ တစ်မျိုးဖြစ်သွားသည်။

ဒီလိုဆိုတော့ သူနှင့်ခြိမ့်သဲ နှစ်ယောက်တည်းပေါ့။

ဟား ရင်ခုန်စရာကောင်းလိုက်တာ။

ပြန်ပါတော့ဆိုမှပဲ ခပ်တည်တည်နှင့် ဆိုဖာပေါ်ထိုင်လိုက်၏။

သူမရဲ့ အိမ်နေရင်း ကပိုကရိုဟန်ပန်လေးကိုလည်း ချစ်စနိုး ကြည့်နေသည်။

"ခြိမ့်သဲ ငါထမင်းမစားရသေးဘူးဟ၊ ဗိုက်ဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ခြိမ့်သဲမှာ ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။

ဒါ သူမပြန်ချင်လို့ အကြောင်းရှာတာပဲဖြစ်မည်။

"ထမင်းမစားရသေးရင် ကိုယ့်အိမ်ကိုယ်ပြန်စားပေါ့"

ခြိမ့်သဲကလည်း ပြတ်ပြတ်ပင်ပြောလိုက်သည်။

သူက မျက်နှာရှုံ့သွားပြီး

"ဘယ်လိုပြောလိုက်တာလဲ ခြိမ့်သဲရာ၊ ငါ့ကို နင်တကယ် စေတနာမရှိဘူးပေါ့၊ ဟုတ်လား"

သူဒီလိုမေးတော့လည်း ပင်ကိုယ်အားနာတတ်တဲ့ ခြိမ့်သဲက အကြည့်လေးလွှဲကာ

"ဒီနေ့ အိမ်မှာ ဟင်းမကောင်းဘူး"

"မကောင်းလည်းရတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ခြိမ့်သဲကျွေးတာနဲ့စားမယ်၊ ဟိုဖက်မှာလည်း ဘယ်သူမှမရှိကြဘူး"

"ဟင် ဘယ်သွားကြလို့လဲ"

"ဒက်ဒီကတော့ သူ့အလုပ်ကိစ္စပေါ့၊ မာမီနဲ့အဘွားက မမနဲ့အတူ သန်လျင်ကိုလိုက်သွားတယ်"





ဆရာမအင်ကြင်းက သန်လျင်သွားစရာရှိတာတော့ သူမ သိထားသည်။ ဂုဏ်ရှိန်စကားက အမှန်ဖြစ်နိုင်သည်။

"ဒါဖြင့် ဒေါ်လုံးတင်တော့ရှိတယ် မဟုတ်လား၊ သူ့ကို စားစရာတစ်ခုခု လုပ်ခိုင်းရင်ရတာပဲ"

"ဒေါ်လုံးတင်လည်း မာမီတို့ခေါ်သွားတယ်၊ မယုံရင် ခြိမ့်သဲသွားကြည့်၊ ငါတစ်ယောက်ပဲ အိမ်စောင့်ကျန်နေတာဟ"

ဒီလိုကျပြန်တော့လည်း သူပြောနေပုံက လက်ခံယုံကြည်ချင်စရာ။

သို့သော် ခြိမ့်သဲက လေသံမလျှော့ဘဲ

"ဒါဆိုလည်း ထမင်းစားပွဲမှာရှိတဲ့ဟာ ဂုဏ်ဘာသာသွားစားပေါ့၊ ကကတစ်ကြော်နှပ်ရှိတယ်၊ ကြာဆံဟင်းခါးတော့ ပြန်နွှေးရမယ်၊ မရမ်းသီးထောင်းလည်းရှိတယ်"

"ဟင်းခါးနွှေးရမှာဆို"

"အင်းလေ"

"ခြိမ့်သဲနွှေးပေးမှဖြစ်မှာပေါ့၊ ပြီးတော့ လက်ဖက်သုပ်လေးဘာလေးရော မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''မသိဘူး၊ ကိုယ့်ဟာကိုယ်သွားကြည့်၊ ငါ ဒီမှာ အိမ်ရှင်း လက်စနဲ့ မတွေ့ဘူးလား''

''အဲဒါဆို ကိုယ်လည်း အိမ်ဝိုင်းရှင်းပေးမယ်၊ ပြီးမှ ခြိမ့်သဲက ကိုယ့်ကို ထမင်းချူးကျွေးလေ၊ မကောင်းဘူးလား''

သူက သူ့ကိုယ်သူ ကိုယ်တွေဘာတွေ နမ်စားသုံးလာကာ ခြိမ့်သဲကိုလည်း ရီဝေဝေပြုံးစစလေး ကြည့်လိုက်ပါသည်။

သူ့အကြည့်က ခြိမ့်သဲနှုတ်ခမ်းလေးဆီ ကျရောက်လာလျှင် မနေတတ်အောင် ဖြစ်သွားမိသည်။

ဓါပြားနှင့် တံမြက်စည်းအတွဲလေးကိုဆွဲလျက် ဝရန်တာ အပြင်ဖက်ထွက်ဟန်ပြင်လျှင် သူက ခြိမ့်သဲလက်ကိုဆွဲထားပြီး

''ကိုယ်လှည်းပေးမယ်''

''ဟင့်အင်း နေပစေ၊ ငါ့ဘာသာလှည်းမယ်''

ဂုဏ်ရှိန်က ခြိမ့်သဲရဲ့ အနေခက်ရှက်ရွံ့ဟန်လေးကိုသိတာမို့ ထိုအမူအယာလေးကို ပို၍ပင် အသည်းယားမိ၏။

ကိုယ့်ကို လန့်နေတဲ့ပုံလေး။

ဂုဏ်ရှိန့်ရင်ခုန်သံကို ပိုပြီးမြန်ဆန်နွေးထွေးလာစေတယ်ဆို





တာ သူမက သိမှာမဟုတ်။

ဂုဏ်ရှိန်က သူမလက်ထဲက ဓါပြားလက်ကိုင်ရှည်ကို ဆွဲသလိုလိုနှင့် ထိတွေ့မိသော လက်ဖျားလေးကို ဆုပ်ကိုင်လိုက် သည်။

ခြိမ့်သဲက ဖျတ်ခနဲ တံခါးကိုတွန်းကာ ဝရံတာဆီထွက်သွား ၏။

ဂုဏ်ရှိန်သည် သူ့အပြုအမူကို ခြိမ့်သဲ စိတ်ဆိုးတတ်မှန်း ကိုလည်း ခုထိ မဆင်ခြင်နိုင်သေးပါ။ စိတ်တွေက သူမနားရောက် တာနှင့် ဘာဖြစ်သွားမှန်းမသိ။ သူမက လက်သင့်မခံလေ သူကပို တိုးပြီး တွဲငြိစွဲဖက်လေဖြစ်နေသည်။

ခြိမ့်သဲနားက နည်းနည်းလေးမှ သူမခွာချင်။

တခြား သူစိမ်းတစ်ယောက်ကကျတော့ သူမနား ကပ်ခွင့် ရနေပါလားဆိုတဲ့အသိကြောင့်လည်း သူပိုပြီး မကျေမနပ် ခံစားမိ တာ။

ခြိမ့်သဲကိုချစ်တဲ့စိတ်ကြောင့် သူ့မှာ နွားသိုးကြိုးပြတ်လို သဲကြီးမဲကြီး ဖြစ်နေမိတာလည်း ဝန်ခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ့်သဲ"

သူမကမထူး။

"ကိုယ်သိပ်ချစ်တယ်ဆိုတာ ဘယ်လိုပြောမှယုံမှာလဲ"

"ဘယ်လိုမှမပြောနဲ့"

"ယွန်းနီကပြောတယ်၊ ခြိမ့်သဲက နားလည်မှုလွဲနေတာပါတဲ့"

သူက ဆတ်ခနဲတစ်ချက်ကြည့်၏။

"ကိုယ်ရှင်းနေရင် ခွင့်လွှတ်ပါကွာ နော်"

"ရှင်းနေမှန်းသိရင် နင်ဆင်ခြင်ပေါ့ ဂုဏ်ရှိန်ရဲ့၊ ငါ့မှာ ချစ်သူရှိတယ်ဆိုတာ နင်သိသားနဲ့"

"တော် တော်၊ အဲဒါတော့ ထပ်မပြောနဲ့"

သူက မကြားရဲသလို လက်ကာပြ၏။

"နင်လည်း ငါစိတ်ဆိုးအောင်မလုပ်နဲ့"

"ခြိမ့်သဲက စိတ်ဆိုးလည်း ချစ်ဖို့ကောင်းနေတာကိုး"

"အပိုတွေမပြောနဲ့၊ ထမင်းစားမယ်ဆိုရင် ကိုယ့်ဘာသာ သွားစား၊ ငါ ဒီဝရန်တာမှာပဲနေမယ်"





"ဟာ မရပါဘူး၊ ခြိမ့်သဲပါလိုက်ခဲ့"

"အံမယ် ဘာလို့လိုက်ရမှာလဲ"

"ကိုယ့်ကို ထမင်းသုပ်နယ်ပေးဖို့လေ"

"အဲဒါဆိုလည်း နင်ဒီမှာပဲနေ၊ ငါ ထမင်းသုပ်ပြီးရင် ခေါ်လိုက်မယ်"

ဂုဏ်ရှိန်က ခေါင်းယမ်းသည်။

ဘာကြောင့် တစ်ယောက်တစ်နေရာစီနေရမှာလဲ။

ကိုယ်က သူမမျက်နှာလေးကို ထာဝရ စက္ကန့်မလပ် ငေးကြည့်နေချင်တဲ့သူ။

"ကိုယ်လိုက်ခဲ့ရင် ဘာဖြစ်လို့လဲ၊ ကိုယ် ခြိမ့်သဲကို ကိုက်မ စားပါဘူးကွာ"

"ဟင့်အင်း မလိုက်နဲ့"

"ဒီလိုမျိုး လက်ပိုက်ပြီး တစ်ပေအကွာမှာနေရင်ရော"

သူ လက်ပိုက်နောက်ဆုတ်ပြပုံကြောင့် ခြိမ့်သဲက မျက်စောင်း ရွယ်လိုက်သည်။

"နော် ဒါဆိုဖြစ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရှိန်က မရမကတောင်းဆိုကာ သူမနောက်မှ အသာ လိုက်ဝင်လာပါသည်။

ခြိမ့်သဲက မျက်နှာထားတင်းတင်းနှင့် အပြုံးအရယ်မရှိဘဲ သူစားဖို့ ထမင်းသုပ်ပြင်ဆင်ပေးသည်။

ဟင်းတွေလည်းထပ်ဖြည့်ပြီး စားပွဲပေါ်ချပေးသည်။ ကြာဇံ ချက်ကိုလည်း အငွေ့တထောင်းထောင်းထအောင် ပြန်နွှေးပေးသည်။

သူထင်သလောက်တော့ မဆိုးပါဘူးလေ။

သူမ ကိုယ့်အပေါ် စေတနာရှိပါသေးသည်။

ဂုဏ်ရှိန်က သူစကားအတိုင်း နံရံကိုမှီ၍ လက်ပိုက်ရပ်နေကာ သူမပြင်ဆင်လုပ်ကိုင် ခူးခပ်ပေးနေတာလေးတွေကို စိမ်ပြေနပြေ ငေးစိုက်ကြည့်နေမိသည်။

ဆံပင်ကောက်လေးတွေကို ထိပ်ပေါ်လှန်တင်ထားတာမို့ ခေါင်းပေါ်မှာ ပန်းပွင့်လေးလိုဖြစ်နေသည်။

တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းလေးကိုကြည့်ရတာလည်း ရင်ထဲ နွေးချင်စရာ။

နားသယ်စပ်က မွေးညှင်းနုလေးတွေ။ ဝင်းပသွယ်နုသော





လည်တိုင်ကြော့လေးက အင်္ကျီကော်လံအောက်ကနေ တစ်ဝက် တပြက် ပေါ်လွင်နေတာ။ သွယ်ပျောင်းနူးညံ့သော လက်ချောင်း ဖြူဖြူလေးတွေ လှုပ်ရှားနေတာ။ ဟိုဘက်ဒီဘက် တရှုပ်ရှုပ်လေး လျှောက်သွားနေတာ။ အားလုံးဟာ သူ့အတွက် မရိုးနိုင်သော ငေးချင်စရာလေးများသာ ဖြစ်နေပါသည်။

သူသည် ခြိမ့်ခြိမ့်သဲဆိုသော မိန်းကလေးကို တစိမ့်စိမ့်နှင့် ရင်ထဲမဆန့်အောင် အချစ်ကြီးချစ်နေမိသည်။

လှိုက်လှဲလွန်းသော ချိုမြိန်နွေးထွေးနေသည့် အကြည့်ငေး ကို ခြိမ့်သဲက မသိယောင်ဆောင်ရင်း လုပ်စရာရှိသည်များကိုသာ ခပ်အေးအေးလေး ဟန်မပျက်လုပ်ကိုင်နေသည်။

သူ မချင့်မရဲနှင့် အံကြိတ်ကြည့်နေတာကိုသိနေတော့လည်း ခြိမ့်သဲရင်မှာ ဖိုလာရကာ ဘာမှ အယောင်အမှားမရှိအောင် ဂရု တစိုက် သတိထားနေရသည်။

သူ့ကို ဘယ်လိုပဲ ဥပေက္ခာပြုထားထား လှုပ်ရှားလာသော နှလုံးသားကိုတော့ ခြိမ့်သဲညာမရ။

သူမရဲ့ဆုံးဖြတ်ချက်တွေ မှန်နေသေးလား မှားသွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုပင် မဝေခွဲတတ်အောင်ရှိသည်။

ပြောမရဆိုမရ သဲသဲမဲမဲဖြစ်နေပုံကြောင့် တစ်ခါတစ်ခါ တော့လည်း အတော်စိတ်ညစ်မိသည်။

သူ့ကို မုန်းလို့မရဘူးဆိုတာတော့ ခြိမ့်သဲကိုယ်ခြိမ့်သဲ သိလာ သည်။ သူမ စိတ်ဆိုးမိရင်လည်း ခဏပင်။ ပြီးရင် စိတ်ထ ပြေသွားပြန်သည်။

တစ်ဘက်မှာလည်း ကိုစည်သူနှင့် ဇာတ်လမ်းကို ရှေ့ဆက် ထားမိတာမို့ သူမစိတ်တွေက ကျဉ်းကျပ်လှသည်။

အာဆက်လုပ်လို့ ဘယ်လိုဆုံးဖြတ်ရမည်ပင် မသိတော့ ချေ။

ခြိမ့်သဲက ပင့်သက်ငွေ့ငွေ့လေးသာရှိုက်မိရင်း ဂုဏ်ရှိန်နှင့် အကြည့်ချင်းမဆုံမိအောင် သတိထားနေမိသည်။

ချိုမြိန်တွယ်ငြိလွန်းတဲ့ သူ့အကြည့်တွေကို ခြိမ့်သဲ ကျော ချမ်းသည်။

အားလုံးပြင်ဆင်ခူးခပ်ပေးပြီးလျှင် လှည့်ထွက်ဖို့ဟန်ပြင်း ရာ





"ဘယ်လဲခြိမ့်သဲ၊ ကိုယ့်နားမှာပဲနေစမ်းပါ"

"မနေချင်ပါဘူး၊ နင့်ဘာသာ စားစရာရှိတာစား"

"ခြိမ့်သဲရော ထမင်းစားပြီးပြီလား"

"စားပြီးပြီ"

"ဒါဖြင့်လည်း ခဏတော့ အတူတူထိုင်ပေးစမ်းပါ၊ ကိုယ် တစ်ယောက်ထဲ ပျင်းစရာကြီးကွာ"

ခြိမ့်သဲကိုများ သူက အပျင်းပြေထိုင်ကြည့်ချင်သေး သလား။

သူမနှုတ်ခမ်းလေးက မသိမသာ စူထော်လာရသည်။

အဲဒါတွေကြောင့်ပဲ မုန်းနေရတာ။

သူ့စွတ်တောင်းဆိုနေလျှင် အပြင်ထွက်ဖို့ ပြင်မိတဲ့ ခြေလှမ်း တွေက သူ့စကားကို အလိုလိုနာခံမိကာ ထမင်းစားပွဲကထိုင်ခုံမှာ ထိုင်မိလျက်သား ဖြစ်သွားပါသည်။ မကျေမချမ်းနှင့် မျက်စောင်း တစ်ချက်သာ ခပ်တင်းတင်းရွယ်မိသော်လည်း သူ့ဆန္ဒကို မငြင်းဆန် ဖြစ်။

ဂုဏ်ရှိန်က သူမပုံစံလေးကို အသည်းတယားနှင့် ချစ်စနိုး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်နေမိကာ ဖွန်းခက်ရင်းကို ကျေနပ်စွာ ကောက်ကိုင်လိုက်သည်။

အင်း ချစ်သူပြင်ဆင်ကျွေးမွေးတဲ့ ထမင်းတစ်နပ်ကို စိတ်ချမ်းသာစွာ စားခွင့်ရတဲ့နေ့ပေါ့လေ။

◆ ◆ ◆



ဆရာမ မအင်ကြင်းက သန်လျင်မှ သူပိုင်ခြံတစ်ခု ရောင်းထွက်သွားတဲ့ အထိမ်းအမှတ်နှင့် ခြံထဲမှာပဲ ဘာဘီကျူးပွဲလေးတစ်ခု ကို စီစဉ်ပေးခဲ့သည်။

မိသားစုတွေ စုစုစည်းစည်း ပျော်ရွှင်စားသောက်ဖို့ ဖန်တီးပေးတဲ့ပွဲလေးမို့ သူငယ်ချင်း တချို့တလေနှင့် အိမ်က အိမ်သူအိမ်သားတွေသာပါသည်။

အင်ကြင်း မိဘနှစ်ပါးနှင့် အဘွားလုပ်သူကတော့ ခြံထဲက ကလေးတွေပွဲကိုဆင်းမလာ။

ညထိ ပျော်ပျော်ရွှင်ရွှင် စားသောက်ခဲ့ပျော်မည်ဖြစ်ရာ ညနေ ပိုင်းကတည်းက ခြံထဲမှာ စားပွဲကုလားထိုင်တွေခင်း။ လပ်စတစ် ခုံတွေချ။ မတ်ဟပ်ချက်ပြုတ်နိုင်တဲ့ မီးဖိုလေးတွေပြင်။ အသားကင်နိုင်ဖို့ ဝါးတုတ်ချောင်းလေးတွေ။ သံဇကာပြားလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ယူ။ ရေခဲသေတ္တာထဲထည့်ကာ ကြိုတင်နှပ်ထားတဲ့ အသားအိုး တွေထုတ်ယူ။ သစ်သီးပွဲတွေ စားပွဲပေါ် အသင့်ပြင် စသဖြင့် မိန်းကလေးအုပ်စုတွေက လှုပ်ရှားနေကြသလို ဂုဏ်ရှိန်နှင့် သူ့သူငယ် ချင်း မောင်မောင်ဌေးတို့ ယောကျ်ားလေးအဖွဲ့တွေကတော့ စက်ပိုင်း ဆိုင်ကာ ကာရာအိုကေဆိုဖို့တို့။ ဆောင်းဘောက်စ်ဆင်ဖို့တို့။ ခြံထဲက သစ်ပင်လေးတွေမှာ မီးပွင့်ရောင်စုံလေးတွေ သွယ်တန်းဖို့တို့။ ဗွီစီဒီရိုက်ဖို့ ကင်မရာ အားသွင်းတာတို့ ဘာတို့နှင့် ရှုပ်ယှက်ခတ် နေကြသည်။

ဆရာမက ဘယ်သူဘာလုပ်ဟု စီစဉ်ညွှန်ကြားပေးသဖြင့် အားလုံးကိုယ်စီ ကိုယ့်တာဝန်လေးတွေနှင့်ကိုယ် လှုပ်ရှားပျော်ရွှင် နေကြသည်။

သူငယ်တွေစုံတဲ့အခိုက်အတန့်မို့ ဘာလေးပဲဖြစ်ဖြစ် ဝါးခနဲ ရယ်မိကြတာ အလိုလိုပျော်စရာကောင်းနေပါသည်။

ယွန်းနီက သူသင်တန်းမှ သူငယ်ချင်းသုံးယောက် ပါလာ သလို ခြိမ့်သဲကလည်း ကျောင်းတုန်းက အရင်းနှီးဆုံး မစန္ဒာနှင့် မယုကို ဖိတ်ထားခဲ့သည်။





ဟိုဘက်က ဂုဏ်ရှိန်ဘက်မှာက သူငယ်ချင်းလေးယောက်။

သို့သော် မိန်းကလေးအဖွဲ့ အုပ်စုပိုတောင့်သဖြင့် ရောက် တတ်ရာရာတွေပြောကြ။ တစ်ယောက်ကိုတစ်ယောက် စနောက်ကြ နှင့် ပိုဆူညံနေပါသည်။

ခဏအကြာမှာ ဆရာမရဲ့တပည့်အချို့လည်း ရောက် လာတာမို့ ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် လူစုံတက်စုံဖြစ်သွားသည်။

တဖြည်းဖြည်း ညပိုင်းသို့ရောက်လာပြီဖြစ်သလို တစ်ခြံလုံး လည်း မီးတွေလည်းလင်းဖြာနေကာ အားလုံးက ရွှင်လန်းတက်ကြွ နေသည်။

ဆောင်းဘောက်စ်ကနေ (DJ)တီးလုံးတွေလည်း စတင် ထွက်ပေါ်လာပြီ။

အသားတွေ ကိုယ်တိုင်ကင်ပြီးမြည်းကြ။ ဝိုင်တွေသောက် ကြ။ ဂိမ်းဆော့ဖို့ပြင်ကြနှင့် ရှုပ်ယှက်ခတ်နေကြ၏။

ဂုဏ်ရှိန်က သူငယ်ချင်းတွေ အသာကလေးလွှတ်ထားကာ ဒီဖက်က ခြိမ့်သဲနားကပ်လာသည်။

''ခြိမ့်သဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင်-နင်ဘာရှုပ်ဦးမှာလဲ၊ သူငယ်ချင်းတွေနဲ့နော်၊ အေး အေးဆေးဆေးနေစမ်းပါ''

ဂုဏ်ရှိန်က ဘီယာနှစ်ဗူးလောက် သွားမော့လာပြီးပြီမို့ မီးဖို ရဲ့ အလင်းရောင်လေးဟပ်နေတဲ့ ခြိမ့်သဲမျက်နှာလှလှလေးကို စိုက် ကြည့်ကာ

''ကိုယ့်ကို ဆိတ်သားနည်းနည်းကင်ပေးစမ်းပါ၊ ထောပတ်များများလေးနဲ့နော်''

''အိုကေ ကင်ပေးမယ်၊ နင်သွားထိုင်နေ''

''ရပါတယ် ကိုယ်လည်း ကူညီမှာပေါ့''

''မကူညီပါနဲ့ သွားပါဆို''

ဂုဏ်ရှိန်က တားမရ။ သူမလက်ထဲက တုတ်ထိုးကင်ကို လာဆွဲယူပြီး သူဘာသာကင်သည်။

''ခြိမ့်သဲ ပင်ပန်းမှာစိုးလို့ပါ၊ မီးကပြင်းနေတယ်ကွ၊ နောက် နည်းနည်းဆုတ်''

သူမလက်မောင်းလေးကို ဖျတ်ခနဲကိုင်၍ နောက်သို့တွန်း သည်။





''ရပါတယ် ဒီဘက်ဖိုထဲ ပြောင်းကင်မှာပေါ့''

ခြိမ့်သဲက သူ့စကားနားမထောင်။

''အား ပူလိုက်တာ''

အလျှင်စလို စိတ်လောသွားသဖြင့် လက်ကလေးကို မီး ပူဟပ်သွားရ၏။

''ဘာဖြစ်သွားလဲ ပြစမ်း''

''အို''

ဂုဏ်ရှိန်က သူ့လက်ထဲကတုတ်နှင့် အသားတွေလွှတ်ချ ပြီး ခြိမ့်သဲလက်ကလေးကို ဖျာဖျာသလဲ ဆွဲယူကြည့်လိုက်၏။ ဖူး ဖူး ဟု မှုတ်ပေးရင်း

''ဟာ နီရဲသွားတာပဲ၊ ဒါကြောင့် ကိုယ်ပြောနေတာပေါ့၊ အရမ်းပူသွားပြီမဟုတ်လား၊ လာ လာ''

ဂုဏ်ရှိန်က ဘယ်သူပဲကြည့်နေနေ ဂရုမစိုက်ဘဲ ခြိမ့်သဲ လက်ကလေးကိုသာ တယုတယဆွဲခေါ်သည်။ ရေအေးအေးထည့် ထားသော ဇလုံထဲနှစ်ထားစေသည်။

အပူလောင်သွားသော လက်ချောင်းတွေက ရေအေးထဲ



www.burmeseclassic.com

www.burmeseclassic.com



နှစ်စိမ်ထားတော့ သိသာစွာ အေးမြသက်သာသွားသည်။

''ခြိမ့်သဲ ဘာဖြစ်တာလဲ''

''လက်ကိုမီးပူဟပ်သွားတာလား''

''ကြည့်လုပ်ဦးနော်၊ မီးလောင်ဖုထွက်လာဦးမယ်''

''နင်တို့ ဂရုမစိုက်နဲ့၊ သူ့မှာ ပြုစုမယ့်သူရှိပြီးသား''

ကောင်မလေးတွေက တစ်ယောက်တစ်ပေါက် လှမ်းနောက်ကြသည်။

ခြိမ့်သဲမျက်နှာလေးက မီးရောင်မှိန်မှိန်ကြားမှာ ပို၍ နီရောင်ပြေးနေရ၏။

''ဂုဏ် ဖယ်လေ၊ နင်သွားတော့''

''နေစမ်းပါဦး ခဏရေထဲနှစ်ထား ကိုယ်ဆေးသွားယူလိုက်မယ် မမ၊ ဘာဆေးယူရမလဲ''

ဂုဏ်ရှိန်က မမအင်ကြင်းလှမ်းကြည့်နေတာတွေ့တော့မှ ကိုယ်ရှိန်သတ်ကာ ခေါင်းလေးဖွကုတ်ရင်း မေးလိုက်သည်။

မောင်လုပ်သူရဲ့ ပျာပျာသလဲ ဂရုစိုက်ကြင်နာသော ဟန်အမူအရာကို မမအင်ကြင်းက ရိပ်မိသဘောပေါက်ဟန်တူသည်။





''အေးပါဟယ်၊ ငါ လုံးတင်ကို ဆေးတက်ယူခိုင်းထားပြီးပါပြီ''

''ဟုတ်လား ဒါဆိုတော်သေးတယ်၊ သူ့လက် ရေကြည်ဖုထွက်လာမှာစိုးလို့ပါ''

''အေးပါ ဂုဏ်ရယ်၊ ငါလည်း စိတ်ပူပါတယ်၊ တကထဲ''

မမအင်ကြင်းပြောဟန်ကြောင့် အားလုံးကလည်း ကြိတ်ရယ်ကြ၏။

ဂုဏ်ရှိန် ခြိမ့်သဲကို အကဲပိုပိုကြင်နာပြီး ပျာယီးပျာယာဖြစ်နေတာ အားလုံးကို ကြေညာစရာပင်မလိုတော့။

ခြိမ့်သဲက မျက်နှာလေးငုံ့ထားသည်။

ဆရာမရိပ်မိတာကို ပိုရှက်မိတာ။

အဲဒီဂုဏ်က လူတွေအများကြီးရှိနေတာကို ဘာမှမဆင်ခြင်။

သတိလက်လွတ်နှင့် ခြိမ့်သဲလက်ကို သူပါ ရောယောင်ဖလုံထဲ နှစ်စိမ်ပေးထားလျက်သား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဘယ်လိုဖြစ်နေလဲ၊ ဖယ်တော့လေ"

ခြိမ့်သဲက ရှက်ရှက်နှင့် ကူညီတဲ့သူကိုပဲ ဖိဟောက်နေမိသေး၏။

"ငါ့မောင်တစ်ယောက်တော့ မလွယ်တော့ဘူးဟေ့"

မမအင်ကြင်းရဲ့ မှတ်ချက်ကြောင့် တစ်ဖွဲ့လုံးမှာ ကြိတ်ရယ်ရသေးသည်။

ဂုဏ်ရှိန် အဆိုးရိမ်ပိုနေပုံက ပြောလည်းပြောချင်စရာပဲလေ။

သူမှာ ဒါလေးနည်းနည်းကိုပဲ ခြေမကိုင် လက်မကိုင်မိဖြစ်နေတာမဟုတ်လား။

ဂုဏ်ရှိန်လည်း နည်းနည်းပါးပါးတော့ ရှက်ကိုးရှက်ကန်းဖြစ်သွားရဟာအမှန်။

ဒါပေမဲ့ မမအင်ကြင်း ရိပ်မိသဘောပေါက်သွားတာကိုတော့ သူကျေနပ်သည်။

မမက ခြိမ့်သဲနှင့်သူ့ကို သဘောတူနိုင်မှာပါ။

အစောကြီးကတည်း ခြိမ့်သဲနှင့်ယွန်းနီကိုဆို ညီမအရင်းလေးတွေလို ချစ်ပြီးသားမဟုတ်လား။





တစ်ဦးတည်းသော မောင်လုပ်သူကို တစ်ခါတခါ ချစ်စနိုးနှင့်တောင် စတတ်နောက်တတ်သေးတာ။

မာ့မိုကိုပင် တစ်ခါတလေ

"မာမီနော် မာမိုသားက ဟိုဖက်အိမ်ပဲသွားသွားနေတာ။ မေးလည်းမေးကြည့်ပါဦး၊ ရှိုးမှရှိုးရဲ့လားလို့"

"ဟာဗျာ မမကလည်း"

အမေနှင့် အစ်မတို့ ဝိုင်းရယ်နေကြလျှင် သူမှာ ရှက်ကိုးရှက်ကန်းနှင့် ထပြေးခဲ့တာချည်းပါ။

ဒါပေမဲ့ အဲဒီတုန်းကတော့ သူစိတ်ဝင်စားတာ ခြိမ့်သဲလား။ ယွန်းနီလားဟု မသဲကွဲသေးပါ။

ဒီနေ့မှပဲ ဒေါ်အင်ကြင်းထွန်း ကွဲကွဲပြားပြား သိရှိသွားခဲ့တာဖြစ်သည်။

ယွန်းနီကိုလှမ်းကြည့်တော့ ပြုံးရယ်နေသော်လည်း မျက်နှာလေးမှာ ပျက်ချင်ချင်။

ဘာဖြစ်လို့ပါလိမ့်။

ဒေါ်အင်ကြင်း နားမလည်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနီလေးများ စိတ်မကောင်းဖြစ်ရှာလေသလား။

ဂုဏ်က ခြိမ့်သဲဖက် သံယောဇဉ်ပိုတာကိုများ သူလေး ခံစားရသလားဟု တွေးမိသည်။

ထိုကလေးမလေးနှစ်ယောက်စလုံးကို အင်ကြင်းက ဘယ်ရေစက်ကြောင့်မှန်းမသိ ချစ်ခင်နှစ်လိုမိတာအမှန်။

မိသားစုလိုနေလာကြတာမို့ ပိုပြီးလည်း ခင်တွယ်နှောင်ဖွဲ့မိခဲ့ကြပြီလေ။

မောင်လေးဂုဏ်ရှိန်လည်း နီးစပ်ရင်းက ကြွေနေတာကြည့်။

ခြိမ့်သဲလေးကိုကြည့်နေတာများ သူ့နှလုံးသားထဲမှာ အချစ်စိတ်တွေအပြည့်နှင့်ဆိုတာ သူ့မျက်လုံးထဲမှာကို မြင်နေရတာ။

ယွန်းနီက ခြိမ့်သဲနှင့် အကြည့်ချင်းဆုံမိသည်။

အခုတော့ ဆရာမလည်း ဂုဏ်ရှိန့်အကြောင်းကို ရိပ်မိသိရှိသွားပြီလေ။

ခြိမ့်သဲကလည်း စိတ်လိုက်မာန်ပါနှင့် ကိုစည်သူ့ကို လက်ခံထားသလို ဖြစ်နေခဲ့ပြီ။





ဒီတော့ သူမ ဘာဆက်လုပ်မလဲ။

ခြိမ့်သဲဖက်ကသာ အခုအတိုင်း ဂုဏ်ရှိန့်အပေါ် ဆက်လက်ငြင်းဆန်မည်ဆိုလျှင် ယွန်းနီတော့ ဆရာမကို အားနာမျက်နှာပူလို့ နေစရာရှိမှာကိုမဟုတ်။

စိတ်တွေက အလိုလိုမွန်းကျပ်ရှုပ်ထွေးလာရသည်။

ခြိမ့်သဲရင်ထဲမှာတော့ ဘယ်လိုရှိနေမလဲမသိ။

ယွန်းနီအနေနှင့်ကတော့ ခုကထဲက ရင်လေးနေမိသည်။

အနှစ်နှစ်အလလ ခင်မင်ရင်းနှီးလာတဲ့ သံယောဇဉ်တွေ။ ဆရာမရဲ့ ကျေးဇူးတရားတွေကို ထည့်မစဉ်းစားလို့ရမှာလား။

မျက်နှာပျက်စရာတွေကြုံလာမှ ယွန်းနီ ရင်ထိတ်နေမိ၏။

ပြီးတော့ ဂုဏ်က လက်လျှော့နောက်ဆုတ်မှာမဟုတ်ဘဲ ခြိမ့်သဲအပေါ် တကယ်နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး စွဲမက်တန်ဖိုးထားတယ်ဆိုတာ ဘေးကနေ အခိုင်အမာ ယုံကြည်နေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ခြိမ့်သဲရေ"

"ဟင်"

"အိပ်တော့မှာလား"

ခြိမ့်သဲက ညဝတ်အင်္ကျီ ပိုးသားပန်းနုရောင် ဂါဝန်လေးကိုလဲလှယ်ပြီး ဆံပင်တွေဖြီးနေရှင်းနေရာမှ ခုတင်ပေါ်က ယွန်းနီကို လှည့်ကြည့်လိုက်သည်။

"ပြောစရာရှိလို့လား"

"မနေ့က ပင်ပန်းတာနဲ့ ညဉ့်နက်နေတာနဲ့ စကားမပြောဖြစ်တာ"

"ဂုဏ် နင့်ကို ဘာတွေကျပ်ပေးပြန်ပြီလဲ"

"ဂုဏ်မဟုတ်ဘူးဟဲ့၊ ဒီတစ်ခါဆရာမ"

ခြိမ့်သဲက ထိတ်ခနဲ ရင်ခုန်သွားရရင်း မျက်ခုံးလေးပင့်ကြည့်





မိသည်။

"ဘာပြောလို့လဲဟင်"

"ဂုဏ်နင့်ကို သဘောကျနေတာ သိသွားပြီလေ၊ ခြိမ့်သဲနဲ့ကြိုက်နေကြပြီလားလို့ ငါ့ကိုမေးတယ်"

"ဟယ် အဲဒါမှက္ကိုင်ပဲ၊ နင်ဘာပြောလိုက်လဲ"

"ငါလည်း မတင်မကျလေးဘဲဖြေရတာပေါ့၊ အတိအလင်း သမီးရည်းစားတော့ ဖြစ်ပုံမရသေးဘူးလို့"

"ဟင် ဒါဆို ငါတို့က တိတ်တိတ်ကြိတ်ပြီး ရည်းစားဖြစ်နေသလိုပုံစံကြီးပေါ့၊ နင်ပြောပုံကလည်း ယွန်းနီရယ်"

စိတ်ရှုပ်ရှုပ်နှင့် မျက်ခုံးလေးပါရှုံ့သွားရသည်။

"ဆရာမလည်းသိနေတာပဲ"

"ဂုဏ့်ကို ငါမှ လက်မခံနိုင်ပဲ"

ခုထိ ဖွတ်ထိုးတင်းမာငြင်းပယ်နေဆဲဖြစ်တဲ့ ခြိမ့်သဲကို ယွန်းနီနားမလည်နိုင်။

"ဘာကြောင့်လဲ အဲဒါကိုပဲ နားမလည်တာ၊ အရင်က ငါနဲ့ယှဉ်စဉ်းစားနေတယ်လို့ နင်ထင်ခဲ့တယ်ပဲထား၊ အခု ငါ့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုအာကာတစ်ယောက်လုံးရှိနေပြီ၊ နင့်ရဲ့သဘောထားသေးသေးနဲ့ ဂဏှီဂချောင်ကျနေတာတွေ ဖျောက်လိုက်လို့မရဘူးလား''

ခြိမ့်သဲက ခေါင်းယမ်းသည်။

ယွန်းနီပြောသလို မလွယ်တော့ပါ။

တစ်ဘက်မှာလည်း သူမက ကိုစည်သူကို အချိန်ဆွဲထား သလို ဖြစ်နေခဲ့ပြီလေ။

''ဟိုတစ်ယောက်ကို ငါဘယ်လိုလုပ်မလဲ၊ ကိုစည်သူက လည်း သူ့မိဘတွေနဲ့တွေ့ဖို့ ပူဆာနေပြီ၊ တွေ့တိုင်း သူ့အိမ်အတင်း ခေါ်နေတာ၊ သူက အစောကြီးကတည်းက လက်ထပ်ခွင့်တောင်း ထားတဲ့ဥစ္စာ''

''အံမယ်လေးနော်''

ခြိမ့်သဲပြောပုံကို ယွန်းနီက နှုတ်ခမ်းလေးမဲ့လိုက်သည်။

နောက်ပေါ်တဲ့လူကပဲ ပိုအရေးကြီးနေ ဟွန်း။

''ငါလည်း ခေါင်းတွေရှုပ်နေပြီ''

''နင်က မလည်ရှုပ်သွားလုပ်နေတာကိုး''

''တကယ်ဆုံးဖြတ်တာ ဂုဏ်ကိုမှန်းလွန်းလို့''





''ဒါဖြင့်လည်း စည်သူကြီးပဲ တကယ်ယူလိုက်ပေါ့''

''အေး ယူမှာ''

ခြိမ့်သဲကလည်း ရွဲ့ဖြေ၏။

ယွန်းနီက သူမကို မျက်စောင်းကြီးတစ်ချက်ခဲသည်။

ခြိမ့်သဲက ယွန်းနီလှဲနေတဲ့ မွေ့ယာပေါ် အသာထိုင်လိုက် သည်။

''ယူယူ စိတ်ချမ်းသာသလိုသာလုပ်''

''ယွန်းနီရယ်။ နင်ကပါ စိတ်ဆိုးတဲ့ရုပ်ကြီးနဲ့''

ခြိမ့်သဲက ယွန်းနီပါးကို ဖွဖွဆွဲလိမ်ကာ ချော့မော့လိုက် သည်။

ပြီးလျှင် ယွန်းနီနံဘေးမှာ သူမပါဝင်လှဲလိုက်၏။

''နင်ဆုံးဖြတ်ထားတဲ့ကိစ္စ ငါဘာပြောလို့ရမှာလဲ၊ တကယ်ဆိုရင် ဂုဏ်ကမှ နင်နဲ့ပိုသင့်တော်တာပါ၊ တစ်ယောက်နဲ့ တစ်ယောက် အကြောင်းသိချင်းလည်းဖြစ်တယ်၊ ဆရာမရဲ့မောင် လည်းဖြစ်တယ်ဟ၊ ပြီးတော့ သူကလည်း နင့်အပေါ် အရူးအမူး ချစ်တယ်၊ ကဲ ဘာလိုသေးလဲ ပြော''



www.burmeseclassic.com

www.burmeseclassic.com



"ကိုစည်သူကလည်း ကောင်းနေတာပဲ၊ လက်ခံပြီးမှကော့ အကြောင်းပြချက်မရှိဘဲ ဘယ်လိုသွားဖြစ်မလဲ"

"နှင်ကိုက စိတ်မြန်တာကို"

"အံမယ် နှင်လည်းဘာထူးလဲ၊ အာကာလွင်ကိုကြိုက်မှာ ငါ့ကိုတောင် နည်းနည်းပါးပါး မတိုင်ပင်ဘူး"

"အဲဒါ နှင့်ကြောင့်လေ"

"ဘာ"

"ရည်းစားရှိအေးရောဆိုပြီး ထားလိုက်တာဟော့ သိလား၊ တော်ကြာ နှင်က ဂုဏ်နဲ့ပတ်သက်ပြီး ငါ့ဘက်ရမ်းမှာစိုးလို့ပေါ့"

"အို အဲဒါက မဆိုင်ပါဘူးနော်"

ခြိမ့်သဲက ခုမှ သူ့စကားကို ပြန်လျှော့ချသည်။

တကယ်တော့လည်း ယွန်းနီခုလို ချက်ချင်းရည်းစား ကောက်ထားတာ ခြိမ့်သဲပယောဂမကင်းပါ။

ဂုဏ်ရှိန်နှင့်ပတ်သက်ပြီး လုံးလုံးလျားလျား သံသယကင်း ဖယ်ထုတ်လိုက်စေချင်တာကြောင့်ပါ။

"အေးပါ မဆိုင်ရင်လည်း ဂုဏ့်ကို ပြန်ချစ်လိုက်ပေါ့"





"ကိုစည်သူကိုပဲ ရွေးရင် နှင်မကျေနပ်ဘူးပေါ့"

"မကျေနပ်တာမဟုတ်ပါဘူး။ အဲ့ဒါဆို ဂုဏ်သနားပါ တယ်။ ဆရာမလည်း နှင့်အပေါ် တစ်မျိုးဖြစ်သွားမှာပေါ့"

ထိုစကားကြောင့် ခြိမ့်သဲက ငြိမ်သက်တွေဝေသွားမိသည်။

"ဆရာမက ဒီလောက်ဆို မာမီတို့ အဘွားတို့ကိုတောင် သတင်းပေးလိုက်ပြီထင်တယ်"

"အေးနော်"

"သူတို့ကပျော်နေတာ၊ နှင့်ကိုလည်း ချွေးမတော်ချင်ရှာ တာ၊ မျက်နှာပျက်စရာတွေ ဖြစ်ကုန်ပါဦးမယ်ဟာ၊ ငါတော့ ခုထဲခု မျက်ခုံးလှုပ်နေပြီ"

"မသိတော့ဘူးဟယ်၊ ဂုဏ့်ကို လက်ခံရင် ကိုစည်သူနဲ့ ဇာတ်လမ်းကို အရင်ဖြတ်ရတော့မယ်"

"အေးပေါ့ မြန်မြန်ဖြတ်လိုက်"

"ဩော် နှင်ပြောတော့လွယ်တယ်၊ သူက ငါ့အပေါ် အရမ်း ကောင်းနေတာ၊ သူ့မျှော်လင့်ချက် သူ့အစီအစဉ်တွေကို ရိုက်ချိုးရာ ရောက်မှာပေါ့၊ သူ့မှာလည်း ဘာမှ အပြစ်မရှိပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နင်က နင်ဘဝနဲ့ ဒီဘက်တလူတွေရဲ့ မျှော်လင့်ချက်ကိုကျ စတေးနိုင်တယ်ပေါ့"

ယွန်းနီထောက်မေးလျှင် ခြိမ့်သဲ တစ်ခဏနှုတ်ဆိတ်သွား
သည်။

သူမရင်ထဲမှာ ထိုသဘောလည်းမဟုတ်ပါဘူးလေ။

အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးလာတာ။

သူမရဲ့ စိတ်လိုက်မာန်ပါ ဆုံးဖြတ်လုပ်ကိုင်မှုတွေကြော
သာ မှားယွင်းမှုတွေဖြစ်လာရတာပါ။

ခြိမ့်သဲက ပင့်သက်မောလေးရှိုက်သည်။

သူမအပေါ် အစွမ်းကုန် အလိုလိုက်လျှော့ပေးကာ ကြင်န
တတ်သော ကိုစည်သူ့မျက်နှာကိုလည်း မြင်ယောင်မိသည်။

သူ့ဘက်မှာ မရပ်တည်ဘူးဆိုလျှင် ခြိမ့်သဲကို သူစိတ်
တော့မည်။

တစ်စုံတစ်ယောက်ကို စိတ်နာကျင်အောင် မလုပ်ချင်တ
အမှန်။

"နင် အခု နောင်တရနေပြီမို့လား"





ခြိမ့်သဲက မဖြေ။ ဘယ်သူကရော ကိုယ်လုပ်ပြီးသား ရှေ့တိုးပြီးသား ကိစ္စတစ်ခုကို နောင်တရချင်မလဲနော်။

"ငါ့ကျပြောတယ်၊ နင်ရော တစ်နေ့နေ့ နောင်တမရနိုင်ဘူးလား"

"ဟင့်အင်း မရနိုင်ဘူး၊ ငါက သူချစ်ကိုရှာတာ"

"ငါလည်း သူချစ်ပဲ"

"မတူဘူးလေ၊ နင့်မှာက နှစ်ကိုယ်တူချစ်လေး အနီးကပ်ရှိနေတယ်"

"ဟား ဟား ဂုဏ်ကိုများ ငါမချစ်ပါဘူး"

ခြိမ့်သဲက စိတ်တွေပေါ့ပါးသွားအောင် ရယ်မောလိုက်သည်။ ထို့နောက် ယွန်းနီခါးကို အတင်းဖက်လိုက်တာမို့ ခါးယားတတ်တဲ့ ယွန်းနီဆီကပါ ရယ်သံထွက်လာသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

တပည့်မလေးအိမ်ရဲ့ စာသင်စားပွဲက ပြတင်းပေါက်နှင့် ကပ်လျက်မို့ အပြင်ဘက်ကို လှမ်းမြင်နေရပါသည်။

"ကဲ ဒီနေ့တော့ ဒီမှာပဲ ရပ်ထားရအောင်နော်"

ခြိမ့်သဲက စာသင်ခြင်းကို လက်စသတ်လိုက်ကာ ဖွင့်ထားသော ဂရမ်မာစာအုပ်ကိုပိတ်၍ သူမရဲ့ ပခုံးလွယ်အိတ်ကလေးထဲသို့ ထည့်လိုက်လေသည်။

သူမ စာသင်ချိန်ပြီးသွားတဲ့အခိုက်မှာပင် အချိန်ကိုက်ကွက်တိလို ခြံထဲသို့ ကားတစ်စီးဝင်လာသည်။

ကိုစည်သူက စောင့်ရဦးမည်အထင်နှင့် ကားကို နေရာတကျရပ်ကာ စက်သပ်ပြီးလျှင် တံခါးဖွင့်ဆင်းလိုက်ပါသည်။

မီးနိုးမှောင်မှောင် စတိုင်လ်ဘောင်းဘီရှည်နှင့် ရှပ်အကျႌအဖြူရောင် အသားခပ်ပျော့ပျော့ကို ဝတ်ဆင်ထားသော သူ့သဏ္ဌာန်





က ရှင်းသန့်ကြော့မတ်နေပါသည်။

ခြိမ့်သဲက ပြတင်းပေါက်မှလှမ်းကြည့်ရင်း သူ့ကိုပြုံးပြလိုက်သည်။

"တီချယ်ပြန်မယ်နော်၊ သွားစရာလေးရှိသေးလို့"

"ဟုတ်ကဲ့"

တပည့်မလေးတွေကို နှုတ်ဆက်ကာ ခြိမ့်သဲက တိုက်ထဲမှ ထွက်လာသည်။

သူမ၏ခြေလှမ်းပုံလေးက ညင်သာသိမ်မွေ့သည်။ နွဲ့နှောင်းကဗျာဆန်သည်။ ဟန်ပန်လေးမှာ ချစ်စဖွယ်။

ဝတ်ထားတာက အင်္ကျီလက်စက။ ရင်ဖုံးပုံစံ ဘလောက်စ်လေး။ အရောင်က မင်းဂွတ်ရောင်အရင့်လေး။ ရင်ဘတ်မှာ တပ်ဆင်ထားတဲ့ ပုလဲလုံး ရွှေရောင်လေးတွေကပင် သူမပုံစံလေးကို ပိုပြီး ယဉ်စစဖြစ်သွားစေသလို ထင်မိ၏။

လုံချည်ရှည်ရှည် မင်းဂွတ်ရောင်လေးကလည်း သူမအသားမှာ ချပ်ချပ်ယပ်ယပ်လေး ကပ်နေသည်ဖြစ်ရာ ကိုယ်လုံးလေးက ငေးချင်စရာ မှုယာကြော့လေးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးထားတဲ့ လေဒီရှူးအပါးလေးမှာ ထိပ်ပိုင်း၌ ကျောက်နှင့်စီခြယ်ထားသော ဖဲပြားပွင့်သဏ္ဍာန်လေးပါရာ သူမခြေဖမိုးလေးမှာ ဝင်းခနဲ လင်းခနဲနှင့် တစ်မျိုးကြည့်ကောင်းသည်။

စည်သူက ခြိမ့်သဲ ခပ်ဖြည်းဖြည်းလျှောက်လာနေတာကိုပဲ မမိုတ်မသုန် တစိမ့်စိမ့်ငေးမောကြည့်နေမိ၏။

ခြိမ့်သဲသည် စည်သူ၏ ပြုံးမြမြအကြည့်ငေးကြောင့် ခြေလှမ်းတွေပင် မှားချင်သည်။ စူးရှသော သူ့မျက်လုံးတွေကြောင့် ရှက်ရွှေးရွှေးလည်းဖြစ်မိသည်။

ဘာလို့ ဒီလောက်ကြည့်ရတာလဲနော်။

ပခုံးလွယ်အိတ်အဖြူလေးကို ရက်စနီးပြင်လွယ်မိရင်း

"ဘာလို့ကြည့်နေတာလဲ"

"ပြောစရာလိုသေးလားကွာ၊ ခြိမ့်ခြိမ့်လှလွန်းလို့ပေါ့"

"မလှပါဘူး ဆရာမဆိုပြီး ရိုးရိုးကြီးပဲဝတ်ထားတာ"

"အဲလို ပုံရိုးရိုးနဲ့ မြန်မာဆန်ဆန်လေးတွေက ခြိမ့်ခြိမ့်သဲနဲ့ ပိုလိုက်တယ်ကွ သိလား"

"သွားပါ လာမြှောက်နေတာ"





"ကားပေါ်တက်လေ"

"ဘယ်သွားဦးမှာလဲ"

"တစ်နေရာရာပေါ့"

"ကြိုလည်းမပြောထားဘူး"

စည်သူက သူမဖက်က ကားတံခါးကိုဖွင့်ပေးသည်။ ခြိမ့်သဲ ဝင်ထိုင်ပြီးလျှင် အသာအယာပြန်ပိတ်ပေးသည်။

သူဂရုစိုက်တယ်ဆိုတာ သိသာတဲ့ အပြုအမူပါပဲ။

ဒါပေမဲ့ ဘယ်သူက အဲလိုမျိုးကြီး အမြဲလုပ်ပေးနိုင်မှာလဲ။

အလွန်ဆုံး ရည်းစားသက်တမ်းအတွင်းမှာပေါ့နော်။

ခြိမ့်သဲက သူမအတွေးကို သူမဘာသာ ရယ်ချင်သွားသည်။

ကိုစည်သူနဲ့ သူမကရော ရည်းစားသက်တမ်း တစ်ဆင့်ကျော်တဲ့အထိပတ်သက်ပြီး ဖူးစာဆုံမှာမို့လို့လား။

မသိနိုင်သေးပါ။

အခုတော့ စိတ်တွေက ခပ်တွေတွေရယ်။

ကားထွက်လာတော့ ပင့်သက်ခိုးလေးရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်သူကတော့ ခါတိုင်းထက်ပင် ပေါ့ပါးရွှင်လန်းနေသည်။ သူမဘက်ကို တစ်ချက်ပြုံးငဲ့ကြည့်ကာ

"အခုဘယ်သွားမလဲ သိလား"

"ကိုစည်သူမှ မပြောသေးတာ"

"အဝေးကြီးတစ်နေရာကို"

"ဟင် အဝေးကြီးလား"

ခြိမ့်သဲမျက်လုံးလေးဝိုင်းသွားရ၏။

"ဟား ဟား နီးနီးလေးပါကွာ"

"ဘယ်ကိုလဲ"

"ခဏလေးဆိုရောက်ပြီ"

"ဘာဆိုင်ကိုလဲ"

"ဆိုင်မဟုတ်ဘူး"

သူက လျှို့ဝှက်ထားသလို ပြုံးစိစိနှင့်။ ထိုအမူအယာကြောင့်ပင် ခြိမ့်သဲစဉ်းစားရခက်လာတာ။

"ခြိမ့်ခြိမ့် အချိန်ရတယ်မို့လား"

"အင်း"





သူမရဲ့အင်းက ခပ်တိုးတိုး။

"ကိုယ်နဲ့လိုက်ချင်ရဲ့လား"

"ဟြော် ရှင်ကားပေါ်ပဲရောက်နေပြီဥစ္စာ"

ခြိမ့်သဲစကားကြောင့် သူက တဟက်ဟက်လေးရယ်ပါသည်။

သူမကတော့ ကိုစည်သူနဲ့တွေ့တဲ့အခါ ခါတိုင်းလိုပဲ ဟန်ဆောင်ရယ်နေပြုံးနေရပေမဲ့ စိတ်ထဲမှာတော့ ခပ်ထင့်ထင့်။

ရှန်းထွက်မရတဲ့အခါ ပိုနစ်မြုပ်သလိုဖြစ်နေသည်။

သူမရင်ထဲက အပြောင်းအလဲများကို ကိုစည်သူ ရိပ်မိသွားမှာလည်းစိုးသေးသည်။

ဒီတိုင်းရှေ့ဆက်တွဲနေမိရင်ရော

ဘာတွေဖြစ်လာမလဲ။ သူမရင်မဆိုင်ရဲသေး။

ဘာကိုမှ ဆုံးဖြတ်မရသေးတာမို့ ဒီအတိုင်းပဲ ဗိုလ်နေမြဲ။ ကျားနေမြဲလေး မေးနေမိတာ။

စည်သူကတော့ ပန်းပုရုပ်ကလေးတစ်ရုပ်လို လှနိုင်လွန်းတဲ့ ကိုယ့်ချစ်သူလေးကိုကြည့်ပြီး ရင်ခုန်မြန်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ရှေ့တစ်လှမ်းတိုးချင်ပြီ။

သူနှင့်ခြိမ့်ခြိမ့်တို့ စိတ်ချင်းတစ်ထပ်တည်းကျလျှင် ကောင်းမည်။

စည်သူက ကားကို ငြင်ငြင်သာသာမောင်းလာရင်း ခြိမ့်သဲ့ ကျူရှင်သင်တဲ့ခြံနှင့် သိပ်မဝေးလှသော ကွန်ဒိုမီနီယံဝင်းကြီးတစ်ခု ထဲသို့ ချိုးကွေ့လိုက်ပါသည်။

ခြိမ့်သဲက ဘေးဘီကိုကြည့်ရင်း

"ဘယ်ဝင်မလို့လဲ ကိုစည်သူ"

"အိမ်ကိုပေါ့"

"အိမ် ကိုစည်သူတို့အိမ်က အင်းယားမြိုင်ထဲမှာမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို"

သူမ ဆက်မေးနေမိဆဲမှာပင် စည်သူက အန်ဒါဂရောင်း ကားပတ်ကင်မှာ ကားကို ဘက်ခ်ဆုတ်ဝင်ရပ်လိုက်သည်။

"ကဲ ရောက်ပြီ၊ ကိုယ်တို့အခန်းက ဒီဘက်အခြမ်းမှာ၊





အပေါ်ကိုတက်ရအောင်နော်"

သူက ညာဘက်ခေတ်လှေကားဆီညွှန်ပြရင်း ကျေနပ်ပြုံး ရွှင်စွာဆိုသည်။

ဤကွန်ဒိုတိုက်ခန်းတစ်ခန်းကို ဝယ်ယူထားခဲ့တာ သိပ်တော့ မကြာသေးပါ။

သူအိမ်ထောင်ပြုတဲ့အခါ သီးသန့်နေနိုင်ဖို့ ကြိုတင်စဉ်းစား ထားခဲ့တာ။

အခုတော့ ချစ်သူကို ခေါ်ပြနိုင်ခဲ့ပြီလေ။

သူကိုယ်ပိုင် ကွန်ဒိုခန်းလေး အသင့်ရှိတယ်ဆိုတာ ခြိမ့်ခြိမ့် ကိုသိစေချင်သည်။

အိမ်က အတန်အသင့်ပြင်ဆင်ထားပြီးသားဆိုပေမဲ့ လိုအပ် တဲ့ ဒက်ကိုရေးရှင်းတွေ ထပ်ပြီးမွမ်းမံဖြည့်စွက်ဖို့ လိုပါသေးသည်။

"ကိုယ်တို့အခန်း ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ်နဲ့ခြိမ့်ခြိမ့်နဲ့နေဖို့ပေါ့"

သူက ဝမ်းသာအားရပြောလျှင် ခြိမ့်သဲ အံ့ဩသွားမိ၏။ သူ့ရည်ရွယ်ချက်က အမှန်ဆို ရင်ခုန်ကြည်နူးစရာပဲ ဖြစ်ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ့မျက်နှာကိုကြည့်ဖို့ပင် မလုံမလဲ အားတုံ့အားနာ ဖြစ်သွားရပါသည်။

"ကိုစည်သူရယ်"

"ဘာဖြစ်လို့လဲဟင်၊ ဒီနေရာ ခြိမ့်ခြိမ့်မကြိုက်လို့လား"

"အို မဟုတ်ပါဘူး"

သူမ ကမန်းကတန်းခေါင်းခါမိသည်။

ဆရာမ ဒေါ်အင်ကြင်းရဲ့အရိပ်မှာ အိမ်ငှားသဘောလေး ခိုကပ်နေရတဲ့ ခြိမ့်သဲဟာ တကယ်လို့ အိမ်ထောင်ပြုဖြစ်ခဲ့ရင်တော့ ကိုယ်ပိုင်သီးသန့်အခန်းလေးတစ်ခန်းတော့ လိုချင်ခဲ့မိတာအမှန်ပင်။

မိန်းကလေးပီပီ ကိုစည်သူ့စိတ်ကူးကို သဘောကျမိတာ ဝန်ခံပါသည်။

သူမကို ချစ်တယ်လို့ တဖွဖွပြောနေတဲ့ ဂုဏ်ရှိန်မှာတောင် ဒီလိုမျှော်မြင်တတ်တဲ့ စိတ်ကူးမျိုး ရှိဟန်မတူ။

သူတို့အိမ်ရဲ့ စီးပွားရေးကိစ္စတွေကို သူ့ဒက်ဒီနှင့် မမအင်ကြင်းကပဲ ဦးဆောင်နေတာမို့ သူက အိမ်မှာ ကလေးလိုပဲ လွတ်လပ်ပေါ့ပါးစွာ နေခွင့်ရနေတဲ့သူလေ။





သူမခေါင်းထဲ ဖျတ်ခနဲ ယှဉ်စဉ်းစားမိတာပါ။

ဘာပဲပြောပြော ကိုစည်သူဟာ သူမအားကိုးအားထားပြုရာ အရည်အချင်းနှင့် ပြည့်စုံသူပဲမဟုတ်လား။

"အပေါ်တက်ကြည့်ရအောင်နော်၊ အခန်းတိုင်းမှာ ပြတင်းပေါက်ရှိတယ်၊ မာစတာဘက်ရှန်းမှာတော့ ဝရန်တာလေးပါပါတယ်၊ မြောက်လှာဆိုပေမဲ့ မာတ်လှေကားရှိတော့ အဆင်ပြေပါတယ်"

"ခြိမ့်သဲလိုက်ကြည့်ရမှာ"

"ဟုတ်တယ်လေ၊ ကိုယ်တို့နေမယ့် အိမ်ကလေးမှာ ဘာတွေလိုအပ်မလဲ ကိုယ့်အိမ်ရှင်မလေးကိုယ်တိုင် ကြည့်ပေးပါခင်ဗျာ"

သူက ရွတ်နောက်နောက်ဆိုရင်း ကြွပါဆိုသော ပုံစံမျိုးဖြင့် လက်ဆန့်တန်းကာ ရိုရိုကျိုးကျိုးအမူအယာလုပ်၏။

သူ့ပုံစံကြောင့် ခြိမ့်သဲပြုံးမိကာ

"အိမ်ရှင်မတော့ မဟုတ်သေးပါဘူးနော်"

"ကိုယ်တို့လက်ထပ်လိုက်ရင် ဟုတ်သွားပြီလေ"

"အံမယ် လက်ထပ်မယ်လို့ မပြောရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မကျိုးစယ်နဲ့ကွာ၊ ကိုယ့်အသည်းတွေ ကွဲ
လိမ့်မယ်"

"ဟွန်း ပိုပြီ"

"ကဲ အချစ်ကလေး လာစမ်းပါကွာ"

သူက စိတ်မြန်လက်မြန်နှင့် ခြိမ့်သဲလက်များလေးကို ဆွဲ
ကိုင်ဆွဲခေါ်သည်။

ခြိမ့်သဲသည် အေးစက်နေသော သူမရဲ့ လက်ပျော့စိစိလေ
ကိုရုန်းဖို့ အားနာတာမို့ သူ့လက်ဖဝါးထဲ အလိုက်သင့်လေး ပါသွာ
သည်။

အဲဒီအိမ်ပေါ်ထိ လိုက်ကြည့်ရင် ကောင်းပါ့မလား။

သူမစိတ်မှာ ဝေခွဲမရ။

လန့်လည်းလန့်နေသည်။ သူက လူကောင်းသူကောင်း
တာမှန်ပေမဲ့ ခြိမ့်သဲတို့နှစ်ယောက်ထဲလေ။

"အကြာကြီးတော့ မနေဘူးနော် ကိုစည်သူ၊ မတ်တပ်က
လေး တအောင့်ပဲလိုက်ကြည့်မယ်"

သူက အစီပွါယ်ပါပါ စောင်းငဲ့ပြုံးကြည့်ကာ





"မတ်တပ်ကလေးပဲလား၊ ခဏလောက်ထိုင်ရင်
ငရဲကြီးမှာ စိုးလို့လား"

"သွား မနောက်နဲ့နော်"

သူက ရုပ်တည်တည်ကြီးနှင့် တစ်ခါတခါတော့ ပြောင်
စပ်စပ်နေတတ်သေးသည်။

"ဒါ ကိုယ်တို့အိမ်ပဲလေကွာ၊ လိုက်ကာကအစ ဘာ
အရောင်လေးတပ်ချင်လဲ ခြိမ့်ခြိမ့်ပဲစဉ်းစားရမှာ မဟုတ်ဘူးလား"

သူက စိတ်ကူးမျှော်လင့်ချက်အပြည့်နှင့်ပြောလျှင် ခြိမ့်သဲမှာ
သက်ပြင်းလေးသာ ခိုးရှိုက်ရပါသည်။

အတူတူနေဖြစ်ကြဖို့ မသေချာသေးပါဘူး ကိုစည်သူရယ်။

ရှင် ဒီလို ကြိုတင်စီစဉ်နေတာ ခြိမ့်သဲ စိတ်ကျဉ်းကျပ်မိ
တယ်။

ရင်ထဲမှာ ဘယ်မှမှမပျော်နိုင်ဘဲ လေးတေးတေးကြီးနှင့်သာ
သူ လက်ဆွဲခေါ်ရာ ခတ်လေ့ကားရှေ့ရောက်လာရသည်။

ထိုကွန်ဒိုအဆောက်အဦးမှာ အတော်အဆင့်မြင့်ကာ သန့်
ရှင်းလှပနေတာမို့ မျက်ဝန်းလေးကတော့ ဟိုဟိုဒီဒီကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မျိုးမှာ ဂုဏ်တစ်ယောက် မျက်စိရှေ့ ဘွားခနဲပေါ် လာရင်ရောဟုလည်း ရင်တထိတ်ထိတ်နှင့် တွေးကြည့်မိပါသေးသည်။

လူတစ်ယောက်ဟာ ဘယ်အချိန်မှာ ဘယ်လိုအကြောင်းနှင့် ဘယ်နေရာကို ရောက်လာလိမ့်မည်ဟု မပြောနိုင်။

သိတဲ့လူချင်းမှာ မမျှော်လင့်သော အဆက်အစပ်တွေဟာ တစ်ခါတစ်ရံ အံ့မခန်းပေါ်ပေါက်လာတတ်သည် ဟုတ်လား။

အင်မတန် တိကျနက်နဲသော တိုက်ဆိုင်မှုတွေ ပေါ်ပေါ် လာမှာ ခြိမ့်သဲ မသိစိတ်က စိုးရိမ်ပူပန်မိသည်။

ကိုစည်သူပိုင်ဆိုင်တဲ့ ကွန်ဒိုအခန်းကို ခြိမ့်သဲလိုက်ကြည့် တာကိုများ သူသိလို့က ဘယ်လောက်တောင် ပူလောင်လှုပ်ရှား ပေါက်ကွဲနာကြည်းမလဲမသိချေ။

လူက ကိုစည်သူနှင့် ဓာတ်လှေကားထဲရောက်နေစဉ်မှာ စိတ်တွေက ဂုဏ်ရှိန့်ဆီ ခဏခဏ ပျံလွင့်နေသည်။

စည်သူကတော့ ဓာတ်လှေကားထဲက နံပါတ်ခြောက်မီးနီ လေးလင်းနေတာကိုပင် သဘောတကျကြည့်မိသည်။





အခုတော့ သူဟာ ဖနီးလောင်းလေးကို သူ့အိမ်ဆီ ပိုင်ပိုင် ဆက်တွဲခေါ်လာနိုင်ခဲ့ပြီ။

ဒါဟာ သူ့ရဲ့ အောင်မြင်ပြည့်စုံမှုတစ်ခုပဲမဟုတ်လား။

ရင်ထဲမှာ ကျေနပ်ပျော်ရွှင်နေမိသည်။

ငြိမ့်ခနဲခံစားချက်နှင့်အတူ ဓာတ်လှေကားက ရပ်သွား သည်။ ပြီးလျှင် တံခါးက ဟင်းလင်းပွင့်သွားသည်။

နံပါတ်ဆစ်အိုဆစ်အခန်းရှေ့ရောက်လျှင် သူက ပါလာ သော သော့နှင့် တံခါးကို ဖွင့်လိုက်ပါသည်။

မြင်လိုက်ရသော အိမ်ကလေးမှာ တိုက်ခန်းနှင့်ပင်မတူ။ ဖူးပွင့်ဝေဆာနေသော ပန်းအိုးလေးတွေ အစွယ်စုံအောင် အများကြီး ချထားတာမို့ ပန်းခြံလေးထဲ ရောက်သွားသလိုပင်။

""ပန်းတွေအများကြီးပဲနော်၊ ဘယ်သူလာပြုစုလဲ""

""တစ်ရက်ခြားလာပြုစုတဲ့သူ ရှိတယ်လေ၊ ကိုယ်လည်း အမြဲရောက်နေတာပဲ""

အရင်က ဒီအကြောင်းကို သူမပြောဖူးပါ။

အမြဲရောက်တယ်ဆိုတော့ ဘယ်သူနဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းလေးကို တချက်ကြည့်တာနှင့် စည်သူက သဘောပေါက်သလို

""သူငယ်ချင်းတွေနဲ့ အားရင် လာအချိန်ဖြုန်းတာပါ""

""သူငယ်ချင်းရော ဟုတ်ရဲ့လား""

""ဟုတ်ပါတယ်ကွာ ဟား ဟား၊ ဘာတွေလျှောက်တွေးမိလို့လဲ""

""ကိုစည်သူရယ်""

""မယုံရင်ကြည့်၊ ဒီမှာ ဘီယီယက်ခုံတောင်ရှိတယ်""

သူက အခန်းတစ်ခန်းဆီလျှောက်သွားကာ တံခါးဖွင့်ပြသည်။

မီးခလုတ်ကိုဖွင့်ပြီး မီးတွေပါဖွင့်ပြသည်။

သားသားနားနား ဘိလိယက်ခုံအကျယ်ကြီးပါပဲ။

အဲဒီအခန်းမှာ မီနီဘားလည်းရှိသည်။

ကိုစည်သူကိုကြည့်လျှင် သောက်တတ်စားတတ်ရှိသည်လို့ မထင်ရ။

""ဟား ဟား ဟား ကိုယ့်ကိုကြည့်နေပါလား ခြိမ့်ခြိမ့်ရ





သာနည်းနည်းပါပါးတော့ သောက်တတ်ပါတယ်၊ ကိုယ်မညာဘူး၊ ယောကျ်ားလေးပဲကွာ ဒီလောက်တော့ရှိမှာပေါ့""

ဒီလောက်တော့ကနေ ဒီ့ထက်လည်းပိုနိုင်သေးတယ်။

ယောကျ်ားတစ်ယောက်ကို အပေါ်ယံလေးကြည့်ပြီး ဆုံးဖြတ်လို့မရဘူးဆိုတာ သူမရင်ထဲမှာ သင်ခန်းစာတစ်ခု ရသွားပါသည်။

ကိုစည်သူ့အကြောင်းကို သူမသိဖို့ အများကြီးလိုနေသေးတာပဲ။

ချမ်းသာပြည့်စုံပြီး မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ်ထားနိုင်ရုံနှင့်တော့ ရွေးချယ်ဖို့ မလုံလောက်သေးပါဘူး။

""ခြိမ့်ခြိမ့်၊ တစ်အိမ်လုံးလိုက်ကြည့် လာ""

သူက တစ်ခန်းချင်းခေါ်ပြပါသည်။ မီးဖိုဆောင်ရော ဝရန်တာရော။ အခန်းက သားနားပြီး ကျယ်ဝန်းတာမို့ စိတ်ချမ်းသာရော။

အဲကွန်းမရှိရင်တောင် လေဝင်လေထွက်ကောင်းပြီး အခန်းတိုင်း အလင်းရောင်ရှိသည်မို့ ပူစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးလှည့်ပတ်ကြည့်ပြီးလျှင် ဧည့်ခန်းဆက်တီမှာ ပြန်ထိုင်သည်။

ကိုစည်သူက ရေခဲသေတ္တာသွားဖွင့်ပြီး အအေးနှစ်ဘူးနှင့် ဘတ်တာကိတ်တစ်ဘူး ဆွဲထုတ်လာပါသည်။

ကြည့်ပါဦး ရေခဲသေတ္တာက အအေးဓာတ်ရှိသေးတယ်ဆိုတော့ မကြာခဏ ခပ်ကြာကြာဖွင့်ထားလို့ပေါ့။

သူနှင့်ခြိမ့်သဲတို့ အအေးသောက် မုန့်စားရင်း စကားပြောနေမိခိုက်မှာ သူက ခြိမ့်သဲပခုံးပေါ် လက်တစ်ဘက်ကို မသိမသာလေး လာတင်လိုက်ပါသည်။

"ကိုစည်သူနော်"

သူမက သူ့လက်ကို ငဲ့ကြည့်လျှင် သူက ပို၍ဖက်လိုက်၏။

"ဘာလဲကွာ ချစ်သူချင်းပဲ"

"ဟင့်အင်း"

"နည်းနည်းတော့ ခွင့်ပြုသင့်တာပေါ့ကွာ၊ နော်"

သူက ရင်ခွင်ထဲဆွဲသွင်း၍ ခြိမ့်သဲပါးလေးကို နမ်းရှိုက်





လိုက်သည်။

ခြိမ့်သဲက သူ့ရင်ဘတ်ကိုတွန်း၍ ရုန်းထွက်လိုက်သည်။

"ကိုယ့်ကိုမချစ်ဘူးလား"

သူက တီးတိုးမေးရင်း ခြိမ့်သဲမျက်နှာလေးကို ထိကပ်နမ်းရှိုက်ဖို့ကြိုးစားသည်။

ခြိမ့်သဲရင်မှာ ထိတ်ခနဲခုန်ကာ အိပ်ပေါ်အတူလိုက်ကြည့်မိတာကို နောင်တရသွားမိသည်။

"ခြိမ့်ခြိမ့်"

"ကိုစည်သူနော်၊ ခြိမ့်သဲစိတ်ဆိုးအောင် မလုပ်နဲ့ကွာ"

"ကိုယ် မင်းကို အရမ်းချစ်လို့ပါ"

စည်သူက ဖွတ်တိုးတောင်းဆိုကာ သူမကို တယုတယထိတွေ့ဖို့ ထပ်မံကြိုးစားသည်။

ဘယ်သူမဆို ကိုယ့်ရည်းစားကို ခုလို လွတ်လွတ်လပ်လပ်လေးတွေ့ရတုန်း ကြင်နာနွေးထွေးချင်မိမှာပဲလေ။

အထူးသဖြင့် သူမအနားမှာ ဂုဏ်ရှိန်ရှိနေသဖြင့် စည်သူ ပို၍ စိတ်မချ။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ခြိမ့်သဲကို အဲဒီခြံမှာပင် မနေစေချင်တော့။

သူမဘက်ကသာ ခွင့်ပြုလျှင် သူ့ရင်ခွင်ထဲ ဝှက်ထားလိုက်ချင်ပါပြီ။

“ဖယ်ကွာ ခြိမ့်သဲပြန်တော့မယ်”

“ခဏလေးတော့နေပါဦး”

“အခန်းလည်း ကြည့်ပြီးပြီလေ”

“ဒါဆို ကိုယ့်ကိုကြည့်ဦး”

“အို”

သူက ခြိမ့်သဲမျက်နှာအား သူ့မျက်နှာတိုးကပ်လာပြန်၏။

အချစ်ဆိပ်တက်နေသော သူ့ရင်ခွင်တွင်းမှ ခြိမ့်သဲရုန်းဖို့မလွယ်ကူ။

သူမရင်ထဲမှာ တုန်ယင်လန့်ဖျပ်နေမိသည်။

သူ့အနမ်းကို ခေါင်းယမ်းငြင်းဆန်နေမိ၏။

သူ့ကိုယုံကြည်လို့သာ ခြိမ့်သဲ ဒီကိုလိုက်လာတာ။

တန်ဖိုးမဲ့သော မိန်းကလေးဖြစ်မှာ သိပ်ကြောက်နေမိသည်။

◆ ◆ ◆



သူတို့မှာမီ ညေခ်န်းကိုထွက်လာတော့ တီချယ်ဒေါ်ခြိမ့်ခြိမ့်သဲကပြန်သွားပြီ။

ဟိုတစ်ခါလာကြိုတဲ့ အစ်ကိုကြီး ခပ်ဖြောင့်ဖြောင့်ကကားနှင့်လာခေါ်သွားတာကို ပြတင်းပေါက်မှလှမ်းကြည့်ရင်း သူတို့တွေက ပြုံးစိသဘောကျနေကြတာ။

ဒေါ်ခြိမ့်ခြိမ့်သဲကလည်းချော။ ဟိုအစ်ကြီးကလည်း မိုက်တော့ အတော်လိုက်ဖက်ကြည့်ကောင်းနေတယ် မဟုတ်လား။

“သူ့ဓာရေ နောက်ဆို တီချယ့်ကို အကြိုအပို့လုပ်စရာတောင် လိုမှာမဟုတ်တော့ဘူးဟဲ့ သိလား”

“အေးနော် တီချယ့်ရည်းစားလားမသိဘူး”

“ဟုတ်မှာပေါ့ ဟိ ဟိ”

“ဒါပေမဲ့ ဟိုးအရင်က တစ်ခါတလေ လိုက်ပို့ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက ပိုချောတယ်ဟ၊ ဘရက်ပစ်လိုပဲလေ၊ သိတယ်မို့လား''

''အေး ဟုတ်တယ်''

သူတို့လေးတွေ တွတ်ထိုးဆူညံကာ တစ်ခေါက်တစ်ခွန်းရယ်ကြ။ မုန့်စားနေကြဆဲမှာပင် ခြံထဲသို့ ကော်ရိုလာဗင် ကားအဖြူလေးတစ်စီးက ဝင်လာပါသည်။

''သူဇာရေ ဧည့်သည်ဟော့''

''ဘယ်သူလဲ''

ကားထဲကဆင်းလျှောက်လာသူကိုမြင်လျှင် သူဇာက ရင်ဘတ်လေးဖိပြီး

''ဟယ်တော့ တိုက်ဆိုင်လိုက်တာ နင်တို့ပြောတဲ့ ဘရက်ပစ်လာပြီ လာကြည့်စမ်း''

''ဟင် သူလည်း တီချယ့်ကိုလာခေါ်တာပေါ့''

''အေးလေ လွဲသွားပြီ''

ဂုဏ်ရှိန်ရောင်က တံခါးဝထွက်ကြည့်သော ကောင်မလေးတွေကို





''ဟိတ် မင်းတို့တီချယ်ရော''

''ပြန်သွားပြီ အစ်ကိုကြီး''

''ဘယ်တုန်းကလဲ ကြာပြီလား''

''အင်း တအောင့်လောက်တော့ရှိပြီ''

ဂုဏ်ရှိန်က လက်မှနာရီကို တစ်ချက်မြှောက်ကြည့်ကာ ကျိတ်ခနဲရေရွတ်သည်။

အချိန်မီရောက်အောင်လာတာပင် ကပ်လွဲရသေးတယ်ကွာ။

ခြိမ့်သဲကို တစ်ခါတစ်ရံလည်း စာသင်တဲ့အိမ်က လိုက်ပို့ပေးသည်။ တစ်ခါတလေလည်း တစ်ခြားတစ်နေရာ ဆက်သင်ဖို့ရှိလျှင် အိမ်ချင်းလည်း မဝေးဘူးဆိုလျှင် သူမက လမ်းလျှောက်သွားတတ်သည်။

ဒါကြောင့် ပိုသေချာအောင်

''ဪ ဒါနဲ့ အိမ်ပြန်မယ်ပြောသွားသလား သမီး''

ကလေးမလေးက မျက်နှာပေါ် တစ်မျိုးသောအရိပ်လေးနှင့်

''ဟိုလေ တီချယ်က သွားစရာရှိသေးတယ်လို့ပြောတယ်''



www.burmeseclassic.com

www.burmeseclassic.com



""ဟုတ်လား""

""ပြီးတော့ တီချယ့်ကို အစ်ကိုကြီးတစ်ယောက်""

""ကားနဲ့လာကြိုတာ""

ဂုဏ်ရှိန် လှုပ်လှုပ်ရှားရှား မျက်ခုံးပင့်သွားမိကာ

""ဘာကားလဲ ကင်မ်မရီလား""

""ဟုတ်ကဲ့""

""သြော် အင်း သိပြီ၊ သင့်ခ်ိယူနော် သမီး၊ ဒါဆို ဦးပြန်လိုက်ဦးမယ်""

ဂုဏ်ရှိန်သည် ဘာမှမဖြစ်သလို ဣန္ဒြေမပျက် ပြောလိုက်သော်လည်း သူ့ရင်ထဲမှာတော့ ကြားလိုက်ရသော စကားကြောင့် ဗလောင်ဆူလှုပ်ရှားသွားရပါသည်။

ဟိုကောင် စည်သူ တောက်။

ခံပြင်းဝန်တိုစိတ်နှင့် အံတစ်ချက်ကြိတ်ကာ ကားပေါ်ပြန်တက် စက်နှိုးမောင်းထွက်ခဲ့သည်။

ဒါပေမဲ့ လမ်းထိပ်မရောက်ခင်ပင် ကားကို ဆောက်ပ်ရပ်ပစ်လိုက်ကာ ဟန်းဒ်ဖုန်းကို ဖျတ်ခနဲယူမိသည်။





လိုရမယ်ရ စည်သူ့ဖုန်းကို မီမိုရီသွင်းထားခဲ့သည်မဟုတ်လား။

ဂုဏ်ရှိန်က ဖုန်းနံပါတ်ကိုပြန်ရှာသည်။ ဒေါသနှင့် အသက်ရှူတွေပင်မြန်နေရ၏။

သူတို့နှစ်ယောက် ဆက်တွဲနေတုန်းပဲ။

ကားတစ်စီးနှင့် ဟိုဒီလျှောက်သွားနေတုန်းပဲပေါ့။

သူ့ကို ခြိမ့်သဲကလည်း စည်သူနဲ့ အဆက်ဖြတ်မယ်လို့ ကတိပေးခဲ့တာတော့ မဟုတ်ပါ။

သူ့ဘာသာ စည်သူ့ အိမ်သိပ်မလာတော့ အဆက်အသွယ်ပြတ်နေလောက်ပြီလို့ ထင်မိတာ။

ဒါဟာ ခြိမ့်သဲအပေါ်ကို ယုံကြည်မိလို့။

အိမ်မှာ မမအင်ကြင်းရော မာမီရော သူ့ခြိမ့်သဲကို အရှုံးအမူးကြိုက်နေတာ သိသွားပြီ။

ဘာဘီကျူးပွဲလုပ်တဲ့နေ့ကတည်းက အားလုံးရိပ်မိကုန်ပြီ။

ဒီအချိန်ကျမှ သူကျွန်ခဲ့လျှင် အရှက်ကွဲလိမ့်မည်။ မဖြစ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖျူပြာအသစ်ပြောင်းမှပဲ။

ပြောင်းရင်လည်း မြန်မြန်လေ။ ဒါမှမဟုတ် အခုချက်ချင်း။

ဂုဏ်ရှိန်ရောင်က ခေါင်းထဲစဉ်းစားကြံစည်ရင်း စည်သူ့ဟဲန်ဒ်ဖုန်းကိုခေါ်လိုက်သည်။

ဖုန်းက တစ်ချက်တည်းနှင့် လိုင်းဝင်သွားလေသည်။

""ဟာကွာ""

သူမရဲ့နှုတ်ခမ်းဖူးဖူးလေးကို စဝင်ထိကပ်တော့မည့်အချိန်ကျမှ ဆဲလ်ဆောင်းဖုန်းလေးက မီးပြာလေးလင်းလာပြီး မြူးဇစ်သံမြောက်မြောက်လေးပါ ထွက်ပေါ်လာသဖြင့် စည်သူ အတော်စိတ်တိုသွားမိ၏။

ကျွတ် ဒီဖုန်းကို ငါဘာလို့ ပါဝါပိတ်ဖို့ မေ့သွားရတာလဲ။

သူ့ကိုယ်သူ အပြစ်တင်တောက်ခတ်ရင်း

""တောက် အရေးထဲကွာ""

သူ မချင့်မရဲ ရေရွတ်ပုံကြောင့် ခြိမ့်သဲက နှုတ်ခမ်းလေးကို ကိုက်၍ ရယ်ချင်သွားမိသည်။

ရန်းထွက်မရသော သူမအတွက်တော့ ဤဖုန်းမြည်သံလေးက ကျေးဇူးတင်စရာ။

စည်သူ့အတွက်ကတော့ ကြီးစွာသော အနှောင့်အယှက်ပေါ့။

စည်သူသည် စိတ်တိုတိုနှင့် အဆက်မပြတ်မြည်နိုင်လွန်းသော ဖုန်းကိုကြည့်ပြီး ပါဝါတန်းပိတ်ချဖို့ပင်။

""ဘယ်သူလဲဟင်""

ခြိမ့်သဲက ခေါင်းလေးဒီဘက်တိုးကာ ငုံ့ကြည့်ပြီးမေးတာမို့ သူလည်း နံပါတ်ကို တစ်ချက်ကြည့်သည်။

""ဒါ ဘယ်သူလဲ""

သူမြင်ဖူးနေကျနံပါတ် မဟုတ်ပေ။

စည်သူမျက်မှောင်ကုပ်မိဆဲ ခြိမ့်သဲက အံ့အားတသင့်နှင့်

""ဟယ် အဲဒါ ဂုဏ်ရှိန့်ဖုန်းပဲ ကိုစည်သူ နားထောင်လိုက်ပါ""

အောင့်သက်သက်နှင့် ဖွင့်နားထောင်လိုက်ရ၏။

ခြိမ့်သဲရင်မှာတော့ ဘာရယ်ကြောင့်မှန်းမသိ တဒိတ်ဒိတ်လှုပ်ရှားအခုန်မြန်နေရသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

သူ့ထူးသံက အလိုမကျသံပေါက်နေရ၏။

ဒီဖုန်းကို ဂုဏ်ရှိန် ဘယ်ကဘယ်လိုရပြီး မှတ်ထားလိုက်သလဲမသိ။ ဒီနံပါတ် ဂုဏ်ရှိန်ဆီ ရှိလိမ့်မည်ဟု သူမထင်ခဲ့။

"ကိုစည်သူလား"

"အေး ဟုတ်တယ်ကွ"

"ကျွန်တော် ဂုဏ်ရှိန်"

သူက နားထောင်ပြီး ခွန်းတုန့်မပြန်ခင်ပင်

"ကိုစည်သူ ခြိမ့်သဲကို ကျူရှင်ကနေကြို့သွားတယ်ဆို"

"အေး ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"အခု ခြိမ့်သဲရှိနေလား"

ဘေးနားမှာကပ်နေပြီး မရှိဘူးလို့လည်း ညာလို့မကောင်းတာမို့။

"ရှိတယ်"

"သူ့ကိုပြောစရာရှိတယ်၊ အရေးကြီးလို့ပါ၊ ဖုန်းခဏပေးလိုက်ပါ ကိုစည်သူ ပလီစ်"





"ဘာတဲ့လဲဟင်"

ဒီဘက်က ခြိမ့်သဲကလည်း မျက်လုံးဝိုင်းလေးနှင့် စိတ်ဝင်တစားမို့ ဖုန်းကိုပဲ သူမလက်ထဲထည့်ပေးလိုက်ရတော့၏။

စည်သူ့မျက်နှာမှာ ခပ်ပျက်ပျက် ခပ်မှုန်မှုန်နှင့်။

ဒီသကောင့်သား အရေးထဲ ဝင်ရှုပ်နေတာ သူလုံးဝမကြိုက်။

"ခြိမ့်သဲလား"

"အင်း"

"ယွန်းနီ အက်ဆီးဒင့်ဖြစ်လို့"

"ဘာ"

ရင်တုန်လန့်ဖျပ်ကာ အလန့်တကြား ထရပ်လိုက်မိ၏။

"ဂုဏ် နင် ဘာပြောတယ်"

"ယွန်းနီ ဒဏ်ရာရသွားတယ်"

"ဘယ်မှာဖြစ်တာလဲ၊ ကားချင်းတိုက်တာလား၊ ယွန်းနီ အခု ဘယ်မှာလဲ သူဘာဖြစ်သွားသေးလဲ"

မထိတ်သာမလန့်သာနှင့် လျှာခလုတ်တိုက်မတတ် ပြန်မေး



www.burmeseclassic.com

www.burmeseclassic.com



မိဏ်။

ကြားရသော သတင်းစကားကို တုန်လှုပ်သွားမိသည်။

ယွန်းနီ မနက်ကထွက်သွားတော့ ပျော်ပျော်ရွှင်ရွှင်လန်းလန်း ဆန်းဆန်းနှင့်ပါ။

အခု ဘယ်လိုဖြစ်ရတာလဲ။

"ဒဏ်ရာတော့ သိပ်မများဘူး၊ နင် ဘာမှ စိတ်မပူနဲ့၊ ယွန်းနီက ခြိမ့်သဲကိုခေါ်ပေးဆိုလို့ ကိုယ်လာခေါ်တာ၊ အခု ဘယ်ရောက်နေလဲ"

"သူဇာတို့အိမ်မှာ မဝေးဘူးဂုဏ်၊ အဲဒီနားက ကွန်ဒိုမှာပဲ"

"ကွန်ဒို နင်ဘာသွားလုပ်တာလဲ"

"ကိုစည်သူ့အခန်းရှိလို့"

"ကျွတ် မိန်းကလေးဖြစ်ပြီး ဘာလို့ သူခေါ်တိုင်းလိုက်သွားရတာလဲ ဦးနှောက်ကိုမရှိဘူး"

ဂုဏ်ရှိန်ဟောက်လိုက်သဖြင့် ခြိမ့်သဲမှာ မျက်နှာလေးငယ်သွားရသည်။

စည်သူက ခြိမ့်သဲမျက်နှာ အမူအရာ အပြောင်းအလဲကို





ရှုတင်းတင်းရပ်ကြည့်ကာ စကားသံကိုလည်း နားထောင်နေသည်။

ဟိုကောင်တော့ ပြဿနာတွေဖွနေပြီ။

ဖြစ်တာကလည်း အက်ဆီးဒင့်ကိစ္စဆိုတော့ သူဘာမှမတတ်နိုင်။

သမီးရည်းစား အေးအေးဆေးဆေး တွေ့ချိန်လေးမှာမှ အကြောင်းပေါ်လာတာကလည်း ကြည့်ဦးကွာ။

"အေး ထားလိုက်တော့၊ အခု ကိုယ်လာခေါ်မယ်၊ အဆင်သင့်စောင့်နေနော် ဒါပဲ"

"အင်းပါ ဝင်းထဲသာဝင်လာလိုက်၊ ကားပတ်ကင်မှာပဲရှိမယ်"

ခြိမ့်သဲက စိတ်လှုပ်ရှားစွာ အမြန်ပြောလိုက်တော့ ဂုဏ်ဘက်ကဖုန်းချသွားသည်။

"ယွန်းနီ ဘာဖြစ်တာလဲ"

"ဆေးရုံမှာလား"

"မသိဘူး၊ မမေးလိုက်မိဘူး၊ ဂုဏ်က စိတ်မပူနဲ့လို့တော့ပြောတယ်၊ ဒါပေမဲ့ ခြိမ့်သဲ ရင်တုန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ရှိန်က ဘာတဲ့လဲ"

"အခုလာခေါ်မယ်တဲ့"

"ဟာကွာ၊ အရေးကြီးရင် ကိုယ်လိုက်ပို့မှာပေါ့"

"သူ ဒီနားရောက်နေပြီ၊ ခြိမ့်သဲ လိုက်သွားလိုက်တော့မယ်နော်"

သူမက ပခုံးလွယ်အိတ်အဖြူလေးကို ကမန်းကတန်းကောက်လွယ်ကာ ထွက်ဖို့ခြေလှမ်းပြင်၏။

အိမ်ပေါ်ကဆင်းလာတာ သူ့ကို မမြင်စေချင်။

ဂုဏ် အထင်သေးမှာစိုးရိမ်သည်။

သူမရဲ့ ရေးကြီးသုတ်ပျာဟန်ကြောင့် စည်သူက ခတ်လှေကားနားထိ လိုက်ပို့လိုက်သည်။

သူ အိမ်တံခါးတွေပိတ်တာ မိန်းချတာပင် ခြိမ့်သဲက စောင့်နိုင်မှာမဟုတ်ဘူးလေ။

"အကျိုးအကြောင်း ဖုန်းဆက်နော် ခြိမ့်ခြိမ့်၊ ကိုယ်လည်းယွန်းနီကို လာကြည့်ဦးမယ်"

"အင်း ဆက်မယ်၊ ခြိမ့်သဲကို ခွင့်ပြုနော်"





"အိုကေ"

သူမ ခတ်လှေကားထဲကဆင်းပြီး ဘာမှမကြာ၊ ဂုဏ်ရှိန်ရဲ့ ဗင်ကားအဖြူရောင်လေးက ဂိတ်တံခါးဝမှာဝင်လာသည်။

ခြိမ့်သဲကိုလှမ်းရှာရင်း ဂုဏ်ရှိန်က ဘာကိုဘယ်လို ရှေ့ဆက်စီစဉ်မလဲ ခေါင်းလဲ အပြေးအလွှားစဉ်းစားနေမိသည်။

ကားထဲမှာ ဆီတော့အသင့်ဖြည့်ထားပြီးသား။

ဦးကြိုင်ကိုလည်း မနေ့ကတည်းက လာခဲ့မယ်လို့ ကြိုပြောခဲ့သည်။

ဒီအချိန်မှာ သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ အသင့်တော်ဆုံးပဲဖြစ်လိမ့်မည်။

ခြိမ့်သဲကို ရယူပိုင်ဆိုင်ချင်စိတ်က သူ့ကို သတ္တိတွေမွေးဖွားရရှိလာစေသည်။

သူတောင်မမျှော်မှန်းတဲ့ စွန့်စားဝံ့ခြင်းတွေ သူ့ရင်မှာ ကိန်းအောင်းနေခဲ့သည်မဟုတ်လား။

အခုလို အခွင့်သာတုန်းမှာ သူ့စိတ်ကူးကို ရှေ့တိုးဖော်ဆောင်လိုက်ရင်ရော။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရှိန်နလုံးသားမှာ တုန်ခါ၍ အခုန်မြန်လာပါသည်။

စည်သူနှင့်ယှဉ်လျှင် သူလက်ဦးမှုရယူမှုဖြစ်မည်။

ခြိမ့်သဲက အမှန်တော့ တွေဝေပြီး မပြတ်မသားဖြစ်နေတာ

သူနားလည်ပါသည်။

ဒီလိုအချိန်မှာ စည်သူက ကိုယ့်ရင်ထဲက ချစ်သူလေးကို

ဆွဲဆောင်စည်းရုံးသွားမှာ သူ အစိုးရိမ်ဆုံးဖြစ်သည်။

သူ့ကားနား ပျာပျာသလဲရောက်လာသော ခြိမ့်သဲကို

"ကဲ မြန်မြန်တက်"

"ယွန်းနီဒဏ်ရာများလားဟင်"

သူမက စိတ်ပူစွာ အမောတကောမေးလိုက်ပေမဲ့ ဂုဏ်ရှိန်

က တည်တည်ငြိမ်ငြိမ်နှင့်

"ကားပေါ်ရောက်မှ မေးလေကွာ"ဟုဆိုသည်။

ဟုတ်သားပဲ။ ခြိမ့်သဲ စိတ်လောနေမိတာ။

ကားပေါ် ဖျတ်ခနဲ ဖြင့်ဝင်ထိုင်လိုက်တာနှင့် သူက ဂယ်

ကွေ့လျက် ဝေါခနဲမောင်းထွက်သည်။

"ဆရာမတို့ အန်တီမေတို့ရော အကြောင်းကြားပြီးပြီလား





ဟင်"

"အင်း"

"အခု ယွန်းနီနားမှာ ဘယ်သူရှိလဲ"

"အိမ်ကလူတွေရှိမှာပေါ့"

"သူ မစိုးရိမ်ရဘူးဆိုတာ တကယ်လားဂုဏ်ရယ်"

"မစိုးရိမ်ရပါဘူး၊ နည်းနည်းလေးပါ"

ဒါနဲ့ သူ ဖုန်းထဲမှာပြောတော့ အသည်းအသန်။

အခုကျတော့လည်း သွေးအေးနေပြန်သည်။

သူကားမောင်းနေတာ မြို့ထဲဘက်မဟုတ်ဘူးဆိုတာ

အတန်ကြာမှ သတိထားမိ၏။

ခြိမ့်သဲက ကိုယ့်အတွေးနှင့်ကိုယ် ထူပူနေမိတာမဟုတ်

လား။

"ဂုဏ် အရေးပေါ်ကိုသွားနေတာ မဟုတ်ဘူးလား၊

ယွန်းနီ က ဘယ်မှာလဲ"

သူမ မျက်ခုံးလေးပင့်ကာ မေးလိုက်မိသည်။

ဂုဏ်က မပီပြင်သော အပြုံးတစ်မျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"အခုသွားနေတာ မြို့ပြင်ဘက်လေ၊ ဟဲ ဟဲ"

"ဟင်"

ခြိမ့်သဲကိုယ်လေး ဆတ်ခနဲမတ်သွားရသည်။

"ဂုဏ် မနောက်နဲ့နော်၊ ဒါ နောက်ရမယ့်အချိန်မဟုတ်ဘူး"

"ဘယ်သူက နောက်လို့လဲ"

"နင်ဘာတွေပြောနေတာလဲ"

"အခုက ချစ်ရမယ့်အချိန်"

"အရေးကြီးနေတဲ့အချိန်မှာ ပေါက်ကရမပြောစမ်းပါနဲ့"

"ခက်တာပဲ အမှန်ပြောလဲမယုံပါလား"

"ဘာအမှန်လဲ၊ အခု ယွန်းနီဘယ်မှာလဲ"

"အိမ်မှာ"

သူက ခပ်အေးအေးအဖြေပေး၏။

သူ့အကြံကို အမှတ် သေချာမရိပ်မိသေးတဲ့ ခြိမ့်သဲကိုလည်း ချစ်စနိုးစချင်မိသည်။

"ဒါဖြင့် အိမ်ကိုမမောင်းဘဲ ဘယ်ကိုအရင်မောင်းနေတာလဲ"





"အေးဆေးပေါ့ တစ်နေရာကို"

"ရှင်းရှင်းပြောစမ်းပါ၊ ယွန်းနီ အက်ဆီဒင့်ဖြစ်တာ မဟုတ်ဘူးလား"

သူမကို ပြန်မပြောဘဲ ကားကိုသာ ဂရုတစိုက် မိုင်နှုန်းမြှင့်ပြီး မောင်းနှင်နေသည်။

သူ့ပုံစံ သူ့အမူအရာကိုကြည့်ပြီး ခြိမ့်သဲ သိပ်မသက်သာချင်တော့။

ကားလေးက ပြည်လမ်းအတိုင်းပြေးနေဆဲ။

"ဂုဏ် ငါမေးနေတယ်လေ"

"ခဏလေး ငြိမ်ငြိမ်လိုက်ခဲ့လို့မရဘူးလားကွာ"

"မရဘူး၊ နင်အရင် ငါမေးတာဖြေ"

ဂုဏ်ရှိန်ကိုကြည့်ရတာတော့ ဦးတည်ချက်တစ်ခုနှင့်တစ်နေရာကို ခပ်မြန်မြန် အရေးတကြီး မောင်းနေတာ။

ခြိမ့်သဲစိတ်မှာ ထင့်လာရ၏။

သူ့စကားကို ယုံမိတာတော့ မှားပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုအမူကိုလည်း အံ့အားသင့်မိကာ နားမလည်နိုင်။

"ဂုဏ်ရှိန် အခု ဘယ်ကိုပြောင်းနေတာလဲ၊ ငါ့ကို ညာတာလား၊ ယွန်းနီဘာမှမဖြစ်ဘူးမဟုတ်လား"

"ဖြစ်တော့ဖြစ်တယ်"

"နင်မညာနဲ့"

"လေ့ကားပေါ်က ခြေချော်သွားတယ်လေ၊ ငါလည်း ကားတိုက်တယ်လို့မှမပြောတာ၊ သူ့ခြေထောက် အရမ်းနာပြီး မောင်လာလို့ တရုတ်ဆေးသွားစည်းပေးလိုက်တယ်၊ အဲဒါကြောင့် သူ့ကို အိမ်ပို့ပေးပြီးမှ ခြိမ့်သဲကို လာခေါ်တာ"

"အဲဒါဆို အိမ်ကိုမောင်းလေ၊ ဒါက ဘယ်အဝေးကြီးကို သွားနေတာလဲ"

"ဟ ပါးစပ်ကပဲပြောလေ၊ စတီယာရင်တော့ လာမထိနဲ့"

ခြိမ့်သဲက ကားလက်ကိုင်ဘီးခွေကိုလာဆွဲထိကာ ဆွဲမလိုလုပ်တာမို့ သူ သတိပေးလိုက်ရသည်။

"နင် ဘာလို့ညာလဲ"





"ချစ်လို့ညာမိတာပါ၊ ခွင့်လွှတ်ပေါ့"

"ငါမလိုက်ဘူး၊ ကားရပ်လိုက်တော့"

"ရပ်လို့တော့ ဘယ်ဖြစ်မလဲ"

သူ့ပုံစံ အေးတိအေးစက်ကို ခြိမ့်သဲ အသည်းယားမိသည်။

သူ့မျက်နှာကိုကြည့်ရတာလည်း တစ်စုံတစ်ခုကို ဆုံးဖြတ်ကြံစည်ထားပုံမျိုးနှင့် လေးနက်တည်တံ့နေသည်။

"ဒီလိုမှမလုပ်ရင် စည်သူဦးသွားလိမ့်မယ်"

သူ့စကားကြောင့် မျက်လုံးလေးပြူးသွားမိ၏။

သူဘာကိုဆိုလိုတာလဲ။

"ကိုယ်မှ ခြိမ့်သဲကို မခွဲနိုင်တာကွာ"

သူ့စကား အသုံးအနှုန်းကမှားနေပြီ။

အခုလည်း ခြိမ့်သဲတို့က ချစ်သူသမီးရည်းစားတွေမှ မဟုတ်တာ။

သူ့တောင်းဆိုချက်တွေကို ခြိမ့်သဲ ဘယ်တုန်းကမှ လက်မခံခဲ့မိသေးပါ။

သူ့ဘက်ကသာ နိုင်ခိုင်မာမာ အပိုင်တွက်ထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် နိုးပြေးမှဖြစ်မယ်လို့ စဉ်းစားမိတာ"

"ဘာရယ်"

"ကိုယ်တို့ တစ်နေရာကို ထွက်သွားမယ်လေ၊ ဒါဆို ပြဿနာတွေနဲ့ကဝေးရောပေါ့၊ ခြိမ့်သဲလည်း စည်သူ့ကို ဘာမှ ဖြေရှင်းချက် ပေးစရာမလိုတော့ဘူး"

"ဂုဏ် ဘာတွေပြောနေတာလဲ၊ အဓိပ္ပာယ်မရှိတာဟာ"

သူ့စကားကြောင့် ရင်ထဲ ချောက်ချားထိတ်လန့်သွားရပေမဲ့ ခြိမ့်သဲက သိပ်ကူကြွေမပျက်ဘဲ ကြိုးစားဖျောင်းဖျဖို့ တွေးလိုက်သည်။

"ကိုယ့်အတွက်တော့ အဓိပ္ပာယ်ရှိပါတယ်"

"အဲလိုမလုပ်ပါနဲ့ ဂုဏ်ရယ်၊ ကားရပ်လိုက်စမ်းပါဦး"

"ဆောရီးပဲ ခြိမ့်သဲ၊ ကိုယ်ဆုံးဖြတ်ချက်မပြင်နိုင်တော့ဘူး"

သူ့စကားသံက လှိုက်လှဲလှုပ်ခတ်နေသည်။

တစ်ဘက်သတ်ဆန်သော သူ့အပြုအမူကို ခြိမ့်သဲ စိတ်တိုသွား မိကာ နှုတ်ခမ်းလေးကိုက်၍ ငြိမ်နေမိသည်။

သူဟာ ဒီလိုအကျင့်ကို ပြင်လဲမပြင်နိုင်တော့ဘူးလား။





ခြိမ့်သဲက သူ့နိုးပြေးရင် နိုးရာလိုက်ပါမယ်လို့ ကတိပေးဖူးလို့လား။

ဖြစ်ပေါ်လာသော အခြေအနေက သူ့ကို သွေးဆူစေသည်။

"စိတ်မဆိုးပါနဲ့ကွာ နော်"

"ဂုဏ်နော်၊ ငါစိတ်နာအောင်မလုပ်နဲ့၊ ဆတ်သွေးနဲ့တော့ ခုရပ်လိုက်၊ နင် အဲလို အတင်းအကျပ် ကိုယ်လုပ်ချင်ရာ လုပ်တတ်တာကိုပဲ ငါသိပ်မုန်းတာသိလား၊ လူတစ်ဘက်သားရဲ့ ဆန္ဒက ဘာလဲဆိုတာ နင်ဘယ်တော့မှ ထည့်မတွက်ဘူး၊ နင်ဖြစ်ချင်တာဝဲ နင် ဖွတ်ဖန်တီးတယ်"

"ဟုတ်တယ် ကိုယ်ဖြစ်ချင်တာက ခြိမ့်သဲကို လက်ထပ်ချင်တာပဲ"

"ဟင့်အင်း ငါလက်မခံဘူး၊ ငါမကျေနပ်ဘူး"

"ခြိမ့်သဲ လက်ခံတဲ့အထိ ကိုယ်ကြိုးစားမယ်၊ ဒါပေမဲ့ ခြိမ့်သဲနားမှာ ဟိုကောင့်ကိုမြင်နေရတာ ကိုယ် သည်းမခံနိုင်တော့ဘူး၊ ကိုယ် နောက်ဆို ဘာလုပ်မိမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ချစ်ခြင်းမေတ္တာမှာ တစ်ပါးသူအပေါ် ရန်လိုခြင်းများသာ ပြည့်နှက်နေတာ။

ခွင့်လွှတ်နားလည်ပေးတတ်ခြင်းဆိုတာ သူ့ဆီမှာ ရှိကိုမရှိတာ။

"ခြိမ့်သဲ ဘာမှစိတ်မပူပါနဲ့ကွာ၊ အခု မော်ဘီကခြံကို သွားကြမယ်၊ ဟိုမှာ ဦးကြိုင်ကိုလည်း မှာထားပြီးသား"

"မော်ဘီထိ"

သူမ သံယောင်ရေရွတ်မိသည်။

ဂုဏ်ရှိန့်တို့မှာ သီးပင်စားပင်တွေ စိုက်ပျိုးထားသော ခြံကျယ်ကြီးတစ်ခုရှိတာ ခြိမ့်သဲသိသည်။ ခြံစောင့်ဦးလေးကြီးတစ်ယောက်လည်းခေါ်ထားသည်။

ကြည့်စမ်း။ ဒါကို သူမ ဘာကြောင့်မတွေးမိသလဲ။

"ငါမလိုက်နိုင်ဘူး ဂုဏ်၊ အိမ်ပဲပြန်ရအောင်"

"ဟင့်အင်းကွာ မပြန်ဘူး"

"ဂုဏ် ငါပြောနေတာမရဘူးလား"

"ဒီတစ်ခါတော့ နားမထောင်ဘူးကွာ၊ နောင်တစ်သက်





လုံး ခြိမ့်သဲစကားနားထောင်ပါ့မယ် နော၊ ကိုယ် ကတိပေးတယ်"

သူဒီလို ချော့မော့သော လေသံလေးနှင့်ပြောလျှင် ခြိမ့်သဲရင်ထဲ မှန်တိုင်းထန်နေတာတွေ အံ့ဩစရာကောင်းအောင် လျော့ပါးသွားရသည်။

"တောင်းပန်ပါတယ်ဂုဏ်ရယ်၊ စိတ်လိုက်မာန်ပါ ကမူးရှူးထိုးတွေ မလုပ်ပါနဲ့၊ ခြိမ့်သဲတို့မှာ တိုင်ပင်ညှိနှိုင်းဖို့ အချိန်တွေအများကြီးရှိသေးတာပဲ နော်"

သူက လက်ခံပုံမရ။

"သူများရင်ခွင်ထဲမှာ ဆက်မကြည့်နိုင်ဘူး"

"ကိုစည်သူကို ခြိမ့်သဲဖွင့်ပြောမှာပါ"

"ဘာမှမလိုတော့ဘူး"

ခြိမ့်သဲက အခု သူ့လက်ထဲမှာရှိသည်။ ဒါက စိတ်အချုပ်ဆုံးဆိုတာ သူသဘောပေါက်နေပြီ။

ဘယ်နည်းနှင့်မှ နောက်ကြောင်းပြန်မလှည့်နိုင်တော့ပါ။

ခြိမ့်သဲ စိတ်ဆိုးလည်း သူ မရအရချော့မည်။

ပြန်ပို့ဖို့တော့ စိတ်မကူး။



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်သဲသည် သူ့ကို ဘယ်လိုမှ တောင်းပန်ဖျောင်းဖျလို့မရ သဖြင့် ရင်ထဲဗြောင်းဆန်ကာ ငိုချင်လာမိသည်။

သူ့ကြောင့်ပဲ အမြဲတမ်းစိတ်ရှုပ်ရသည်။

အခုလည်း သူ အမှားတစ်ခုကို ကျူးလွန်နေပြန်ပြီ။

ဒီအမှားတွေကြားမှာ သူနှင့်ခြိမ့်သဲ ဘယ်လိုရှေ့ဆက်သွားရမှာလဲ။

စိတ်နာနာနှင့် အံကလေးကြိတ်ထားမိခိုက်မှာ မျက်ရည်စတွေပါ ပါးပေါ်ခုန်ဆင်းလာခဲ့သည်။

ခြိမ့်သဲ တိတ်သွားသဖြင့် ဂုဏ်ရှိန်က လှည့်ကြည့်ရာ အံကြိတ်မျက်ရည်ကျနေတာကို မြင်သွားပါသည်။

သူမမျက်ရည်က ဂုဏ်ရှိန်နှလုံးသားကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။

သူ ကမန်းကတန်းပင် ကားကိုဘေးချပြီး ရပ်လိုက်မိသည်။

မြို့စွန် ဟိုက်ဝေးလမ်းကလေးမှာ ရှင်းလင်းတိတ်ဆိတ်နေသည်။





"ခြိမ့်သဲ"

"သွား နင် ငါ့ကိုလာမထိနဲ့"

ပခုံးကို လာဆုပ်ကိုင်တဲ့ သူ့လက်ကို ခြိမ့်သဲက စိတ်ဆိုးမာန်ဆိုး ပုတ်ထုတ်ပစ်လိုက်သည်။

"ဘာလို့ ငိုတာလဲခြိမ့်သဲရယ်၊ ကိုယ့်ကို အရမ်းစိတ်ဆိုးလို့လား၊ ဟုတ်လား"

သူက ခြိမ့်သဲမျက်နှာလေးကို သူ့ဖက်ဆွဲယူကာ ဖျာဖျာသလဲ မေးသည်။

ခြိမ့်သဲက ပါးပေါ်က မျက်ရည်စက်တို့ကို လက်ခုံလေးနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်လျှင် သူက ပခုံးလေးကိုဖက်ပြီး သူ့ဘက်သိမ်းယူဆွဲလိုက်၏။

ရှန်းမယ်ဆိုတာ ကြိုသိထားတဲ့ ဂုဏ်ရှိန်က တင်းတင်းကျပ်ကျပ် နိုင်မြဲအောင် ဖက်ပြီးသားပင်။

သူမကို လှမ်းဖက်ရင် ဒီလိုပဲ အတင်းအကျပ်ဖက်မှရတာကို။

အင်မတန် ခေါင်းမာစိတ်ကြီးတဲ့ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



အခုလို မျက်ရည်ကျတယ်ဆိုတာလည်း သူ့အပေါ် သာမန် ခံစားချက်ထက် ပိုလို့သာပေါ့။

သူမရင်ခွင်ထဲရောက်လာတာနှင့် ဂုဏ်ရှိန့်နှလုံးသားက လည်း လှိုက်ဖိုတုန်ခါလာသည်။

ချစ်ခွင့်မပြုဘူးဆိုမှ သူက ပိုပြီးချစ်ချင်မိသည်။

ခြိမ့်သဲကို ဘယ်မှထွက်သွားခွင့်မပြုနိုင်။

သူ့ရင်ခွင်မှာပဲ တစ်သက်လုံး ခိုလှုံသွားစေချင်သည်။

သူမမျက်နှာလေးကို ရင်ခွင်ထဲ ကပ်စေလိုက်သဖြင့် မျက်ရည်တွေက သူ့ပခုံးစွန်းမှာ စိုစွတ်သွားသည်။

"ချစ်လို့ပါခြိမ့်သဲရယ်၊ ကိုယ်ဒီလို အရူးအမူးပိုင်ဆိုင်ချင်တာ ချစ်လွန်းလို့ပါ၊ ကိုယ့်ကို တစ်ခါလောက် နားလည်ပေးလိုက်ပါလားကွာ၊ နော်"

မလွှတ်တမ်းဖက်ထားရင်းက သူတတွတ်တွတ်ပြောနေသည်။

ရှန်းရတာ ခြိမ့်သဲလက်မောင်းလေးတွေ ပခုံးလေးတွေလည်း နာကျင်နေပြီ။





အတွေးအခေါ် [illegible] ဘယ်လိုမှ မတူညီပေမဲ့ လည်း သူ့ထံက ရှန်းရှိုးဆိုတာ [illegible] ခြိမ့်သဲသိလိုက်ပါသည်။

ဒါကြောင့် အမောခံပြီး [illegible]

ငြိမ်သွားသော ခြိမ့်သဲကိုယ်[illegible] သည်။

သူ့နှလုံးသားထဲက ပြင်းထန်သော [illegible] ဟာ သူမဆီ တစ်ချိန်ချိန်တော့ ပျံ့နှံ့သွားလိမ့်မှာ [illegible] ပါ။

သူ့အကြည့်ကို တုံ့ပြန်မကြည့်တော့ဘဲ [illegible] သလို မျက်စိတွေမှေးမှိတ်ပစ်လိုက်တဲ့ အပြုအမူလေးကြောင့် ဂုဏ်ရှိန့် အားတွေတက်ကာ သူမမျက်နှာလေးကို မြတ်မြတ်နိုးနိုးဝင် ထိထိ နမ်းရှိုက်လိုက်မိသည်။

ပြင်းပြမွှတ်သိပ်သော ဝမ်းသာအားရ အနမ်းနွေးနွေးများကို ခြိမ့်သဲ မငြင်းဆန်နိုင်တော့ချေ။

သူမနှလုံးသားမှာလည်း တသိမ့်သိမ့်ပူနွေးလှုပ်ရှားလာရ ကာ အသက်ရှူပင်မှားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ကိုယ့်ကိုယ်ကိုညာခဲ့သော ခြိမ့်ခြိမ့်သဲသည် ဒီတကြိမ်မှာ ညာနိုင်စွမ်းမရှိတော့ချေ။

ဂုဏ်ရှိန့်အချစ်များက သူမကို အောင်မြင်စွာ လွှမ်းမိုးသွားနိုင်ခဲ့ပြီ။

မာန်လျှော့လိုက်ပြီဖြစ်သော ကိုယ်လုံးအိအိလေးကို ရင်ခွင်ထဲနစ်မြုပ်အောင်ဖက်ထားရင်း သူ့ရင်ထဲမှာ မယုံနိုင်အောင်ပင် အခုန်ကြမ်းနေရသည်။

နှုတ်က ဘယ်လိုပဲငြင်းပယ် ငြင်းပယ် သူမရဲ့ရင်ခုန်သံလေးကိုလည်း ကိုယ်ကြားခဲ့ရပြီ။

စည်သူ။

ခြိမ့်သဲကို ဒီရင်ခွင်ထဲကနေ ဘယ်တော့မှ မလွတ်မြောက်နိုင်အောင် ကျုပ် သိမ်းပိုက်လိုက်တော့မယ်။

ဂုဏ်ရှိန်သည် စိတ်ထဲကနေ ကျေကျေနပ်နပ် လှမ်းပြောလိုက်မိသည်။

ဟိုကောင်တော့ ဘယ်လောက် ရှုံးရှုံးရှားရှားဖြစ်နေမလဲ။

သူ့ဆီဖုန်းဆက်ရင်တော့ စက်ပိတ်ထားပါသဖြင့်ပဲ ကြားရ





မှာမို့ မမအင်ကြင်းဆီ လှမ်းေ...ကောင်းမေးလိမ့်မည်။

မမအင်ကြင်းကလည်း ယွန်းနီ ဘာမှမဖြစ်ပဲ ချော်လဲရုံလေး အခန့်မသင့် ဖြစ်တာ ပြောပြပါလိမ့်မည်။

ဒါဆိုရင် ခြိမ့်သဲကို သူ ဘာကြောင့်ခေါ်သွားသလဲ စည်သူ အဖြေသိသွားမှာပါ။

ဂုဏ်ရှိန် ဝမ်းမြောက်ကျေနပ်စွာ ရင်ခုန်နေချိန်မှာ ခြိမ့်သဲကလည်း ကိုစည်သူကို အားနာစွာ စိတ်ထဲက တောင်းပန်နေမိသည်။

ဂုဏ်ကိုပဲ ချစ်ခွင့်ပြုပါရှင်ရယ်။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com